

# ဖေါင်တော်ဦး ဘုရားသမိုင်း
# နှင့်
# သျှာမ်းပြည်ရာဇဝင် အကျဉ်းချုပ်

ဟဲယာ ဂိုဏ်းအုပ် ရွာမ
ကျောင်းနှင့်ကျောင်း ဆရာတော်
ဦးသောဘိတ
ရှာဖွေစုဆောင်း
ရေးသားတော်မူသည်

သျှမ်းပြည် တောင်ပိုင်း

ညောင်ရွှေမြို့ — အင်းလေးရွာ

# ဖေါင်တော်ဦး ဘုရားသမိုင်း

နှင့်

# သျှမ်းပြည် ရာဇဝင် အကျဉ်းချုပ်


ဟဲယာ ဂိုဏ်းအုပ် ရွာမ ကျောင်းနီကျောင်း ဆရာတော်


**ဦးသောဘိတ**

ရှာဖွေစုဆောင်း စီစဉ် ရေးသားတော်မူသည်။




**သုဓမ္မဝတီစာပုံနှိပ်တိုက်**

တိုက်နံပါတ်-၅၅၊ စစ်ကဲမောင်ခိုင်လမ်း၊ ရန်ကုန်မြို့။



(ဖေါင်တော်ဦး ရုပ်ပွားတော်မြတ် ၅ - ဆူ)



ဖေါင်တော်ဦးဘုရား လှည့်လည် ပူဇော်ပွဲကြီး



သမိုင်းစာစောင်ပြု

ဆရာတော် ဦးသောဘိတ

# မာတိကာ


၁။ ပထမ ပုံနှိပ်ထုတ်ဝေသူ၏အမှာ

၂။ ညောင်ရွှေစော်ဘွားကြီး၏ မိန့်ခွန်း

၃။ ဖေါင်တော်ဦးဘုရားကို ကျမဖူးခဲ့ရစဉ်က
( ဒဂုန်-ခင်ခင်လေး )

၄။ အင်းလေးနှင့် ဖေါင်တော်ဦးဘုရား
( ဒဂုန်-ဦးထွန်းမြင့် )

၅။ သမိုင်းနိဒါန်း

၆။ ဖေါင်တော်ဦး ဘုရားသမိုင်း

၇။ နောက်ဆက်တွဲ

၈။ သျှမ်းပြည်ရာဇဝင်အကျဉ်းချုပ်

၁၉၅၅- ခု၊ စက်တင်ဘာလ ပထမ အကြိမ် အုပ်ရေ ၅၀၀၀။
၁၉၅၇ - ခု၊ စက်တင်ဘာလ ဒုတိယအကြိမ် အုပ်ရေ ၅၀၀၀။

# ပုံနှိပ် ထုတ်ဝေသူ၏ အမှာ

ဘုန်းတန်ခိုးအလွန်ကြီးမား၍နိုင်ငံတော်ထက်ဝန်းကျင်ထင်ရှားကျော်ကြားတော်မူလှသော ဤဖေါင်တော်ဦးရုပ်ပွားတော်မြတ်၏ အဋ္ဌုပ္ပတ်ကို သဒ္ဓါစိတ်ပွား ရှင်လူအများတို့ ကြားသိချင်လှသော အာသီသ ပြင်းပြလျက်ရှိကြသော်လည်း စံနစ်တကျ စာတစောင်ပေတဖွဲ့ ရေးသားစီရင်ခဲ့ခြင်း မရှိသဖြင့် ကောလာဟလ သတင်းမျှဖြင့်သာ တင်းတိမ်၍ နေခဲ့ကြရပေသည်၊ ယခုဤသမိုင်း စာအုပ်ငယ်ဖြင့် ထိုရှင်လူ အများတို့၏ လိုအင်ဆန္ဒကို ဖြည့်နိုင်တော့မည်ဖြစ်သဖြင့် ပုံနှိပ် ထုတ်ဝေရကျိုး နပ်ပြီဟု ကျေနပ် နှစ်သက်ရပါသည်။

စင်စစ် ဤစာအုပ်ငယ်မှာ ရပေါင်း ဆောင်ရွက်မှု တရပ်၏ အသီးအပွင့်ပင် ဖြစ်ပါသည်၊ သမိုင်းစာမူကို ရှမ်းပြည်တောင်ပိုင်း ညောင်ရွှေနယ် အင်းလေးကန် ဟဲယာရွာမ ကျောင်းနီကျောင်း ဆရာတော် အသျှင်သောဘိတက ရေးသားစီရင်ပေသည်၊ ရန်ကုန် တက္ကသိုလ် ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာန **ဒေါက်တာဦးထွန်းမြင့်** နှင့် **ဦးတင်ဖေ** တို့က စာအုပ်ထုတ်ဝေရန် ဆရာတော်အား လျှောက်ထား တောင်းပန်ပြီးလျှင် စာမူကို တည်းဖြတ်သုတ်သင် စီစဉ်ကြပါသည်၊ **ဒေါက်တာဦးထွန်းမြင့်**က မိတ်ဆက် နိဒါန်းတခန်းကိုလည်း ရေးပေသည်၊ ဖေါင်တော်ဦးဘုရားကို ကိုယ်တိုင်ကိုယ်ကျ ဖူးမြော်ခဲ့ရ၍ ဘုရား၏ တန်ခိုးကြီးမားပုံကို ဒိဋ္ဌတွေ့ကြုံ ခံစားခဲ့ဘူးသော နိုင်ငံကျော် စာရေး ဆရာမကြီး **ဒေါ်ဒေါက်တာ ခင်ခင်လေး**က 'ဒို့ရှမ်းတောင်သူ' ခေါင်းစဉ်ဖြင့် ဖေါင်တော်ဦးဘုရားအကြောင်းဖွဲ့နွဲ့စီကုံးရေးသားထားသော ဆောင်းပါးကို ဤကျမ်းငယ်၏ နိဒါန်းတကဏ္ဍ အဖြစ်ဖြင့် ထည့်သွင်းခွင့်ပြုသည့်အပြင် ရှားပါးကောင်းမွန်လှသော ရုပ်ပွားတော် ၅-ဆူပုံကိုလည်း အသုံးပြုခွင့်ပေးခဲ့ပါသည်၊ဘုရား၏ တကာတော်အရင်း

အချာ ကြီးဖြစ်၍ တသက်ပတ်လုံး ဘုရားကို သာသနာ့ဟိတ ဒါန အမှု ပြုရ ကိုးကွယ်ခဲ့ပေသော နိုင်ငံတော်၏ ပဌမဦးဆုံး သမတ ကြီး ယခု လူမျိုးစုလွှတ်တော် နာယကကြီး **ညောင်ရွှေစော်ဘွား ကြီး**က ပြည်ထောင်စု မြန်မာနိုင်ငံတော် အတွင်းရှိ ဗုဒ္ဓဘာသာဝင် ရှင်လူအပေါင်းတို့ ဖေါင်တော်ဦး ဘုရားကို ကြွရောက် ဖူးမျှော် ကြရန် သတင်းစာတိုက်များမှ တဆင့် စေတနာသန့်သန့်ဖြင့် နိုး ဆော်ခဲ့သော စာတမ်းကို နိဒါန်းတရပ်အဖြစ် သုံးခွင့်ပေးသည့် ပြင် ငွေရေး ကြေးရေး အတွက်လည်း ရက်ရောစွာ တာဝန်ခံခဲ့ ပေသည်။

စာအုပ် ရိုက်နှိပ်ရာတွင် ကုန်ကျသော ငွေများကို ရန်ကုန်မြို့ **ဖဲပဒိုးပွဲရုံပိုင်ရှင်ဦးခင်မောင်ကြီး**ကလုံးဝစိုက်ထုတ်ပေးပါသည်။ စာအုပ်ရောင်းချ ဖြန့်ချိရေးအတွက် **တောင်ကြီးမြို့ သိရီရောင်း ဝယ်ရေး ဦးမောင်မောင်**က လုံးဝတာဝန်ယူပါသည်၊ အလိုရှိက စာအုပ်တွင် ထည့်သွင်းရန် ဓာတ်ပုံများကို ကျမ်းပြုဆရာတော်က ၎င်း၊ စိုက်ပျိုးရေးကော်မရှင် အမှုဆောင်အရာရှိ စဝ်ဆိုင်အုံကရင်း၊ တောင်ကြီးမြို့ သိရီရောင်းဝယ်ရေး ဦးမောင်မောင်က၎င်း၊ တောင် ကြီးမြို့ ဦးချန်း ဓာတ်ပုံတိုက်က၎င်း၊ ဦးလှဖေ ဓာတ်ပုံတိုက်က ၎င်း အသီးသီး စုဆောင်းပေးပို့ကြပါသည်၊ စာအုပ်ကို လှလှပပ သပ်သပ် ယပ်ယပ် ခန့်ခန့်ညားညား ဖြစ်အောင် စီစဉ်ပုံနှိပ်ရန် **'သင့်ဘဝ'** မဂ္ဂဇင်းတိုက်ပိုင်ရှင် **ဦးတင်မောင်** က လုံးဝတာဝန် ယူ ဆောင်ရွက်ပါသည်၊ ရန်ကုန်တက္ကသိုလ် ဘာသာပြန် ဌာန လက်နှိပ်စက်စာရေး **ကိုငွေစန်း**ကဒဂုန်ခင်ခင်လေး၏ ဆောင်ပါး ကို ကူးယူရိုက်နှိပ် ပေးပါသည်။

ဤသို့လျှင် ဤကျမ်းငယ်သည် သမဝါယမ လုပ်ငန်းတရပ်၏ အသီးအပွင့် ဖြစ်ခဲ့ပေသည်၊ ယင်းကဲ့သို့ စာအုပ်ဖြစ်မြောက်ရေး အတွက် အဖက်ဖက်က အသီးသီး အသက အသက ပါဝင်ကူ ညီ ဆောင်ရွက်ကြသော ပုဂ္ဂိုလ်အားလုံးကို များစွာကျေးဇူး

တင်ရှိကြောင်း ဖော်ပြပါသည်၊ ကုသိုလ်အဖို့ကိုလည်း အညီအမျှ ပေးဝေ ပါသည်။

ဤစာအုပ် တအုပ်တည်းဖြင့် ဖောင်တော်ဦး ဘုရား၏ သမိုင်း ပြီးပြည့်စုံပြီဟု မည်သည့် နည်းနှင့်မျှ မဆိုနိုင်ပါ၊ ဤစာအုပ်ကို အခြေပြုလျက် ပိုမိုပြည့်စုံသော အချက်အလက်များ ပေါ်ထွက် လာလိမ့်မည်ဟု မျှော်လင့်ယုံကြည်ပါသည် ဒုတိယ အကြိမ် ရိုက် နှိပ်ရခဲ့ပါလျှင် ဤ စာအုပ်တွင် ပါဝင်မည် ဖြစ်သော မှားယွင်း ချွတ်ချော် ချက်များကို ပြင်ဆင်ပြီးလျှင် လိုသော အချက်အလက် များကို ထပ်မံဖြည့်စွက်လိုက်ပါက ပိုမိုကောင်းမွန် ပြည့်စုံသော သမိုင်းတဆူ ဖြစ်လိမ့်မည်မှာ ယုံမှားဖွယ်မရှိပါ။

နောက်ဆုံးဖော်ပြလိုသည်မှာ ယခု အခါ ဖောင်တော်ဦးဘုရား ကိန်းဝပ်ရာ ကျောင်းတော်ကြီး အသစ်တဆောင်ကို ဆောက်လုပ် ဆဲ ဖြစ်ရာ စာအုပ် ဖြန့်ချိရေး တာဝန်ခံ သီရိရောင်းဝယ်ရေး ဦးမောင်မောင်က စာအုပ် ရောင်းချရာမှ ရသော အမြတ်အစွန်း ထဲမှ ထိုစံကျောင်းတော် အတွက် မည်၍ မည်မျှ ပါဝင်လှူဒါန်း ရမည်ကို ငွေရိုက်ထုတ်သူ ဦးခင်မောင်ကြီးနှင့်တကွ ထုတ်ဝေ သူတို့နှင့် တိုင်ပင်ဆုံးဖြတ်ကာ ပါဝင်လှူဒါန်းမည်ဟု ကတိပြုထား သည့်အကြောင်းပင် ဖြစ်ပါသည်။

ဒေါ်ဧတင်

ထုတ်ဝေသူ

၁၉၅၅-ခု စက်တင်ဘာလ

## ‘‘စဝ်ဖရားလုံးမိုင်းကွန်း’’

သို့မဟုတ်

## ‘‘လှူပြည်သို့ကြွဆင်းသောဘုရား’’

(၁၉၅၄ ခု၊ စက်တင်ဘာလ ၁၁-ရက်နေ့ သတင်းစာဆရာများ အစည်းအဝေးတွင် လူမျိုးစုလွှတ်တော် နာယကကြီး ‘ညောင်ရွှေစော်ဘွားကြီး’ ပြောပြချက်)

ယနေ့ သတင်းစာ ဆရာများ၏ အစည်းအဝေးကို ဘိတ်ခေါ်ရခြင်းမှာ ကျွန်ုပ်တို့ ပြည်ထောင်စုကြီး အတွင်းတွင် အရပ်ဒေသအလိုက် ဗုဒ္ဓသာသနာတော်ကို မည်ကဲ့သို့ ချီးမြှင့် ကိုးကွယ်သောအလေ့အထ ရှိကြသည်ကို အခြားပြည်နယ်နှင့် ပြည်မသားတို့သည် သတင်းစာမှ တဆင့် သိရှိမှု ရကြရန် ဖြစ်ပါသည်၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် ထင်ရှားကျော်ကြားသော ရုပ်တုရုပ်ပွားတော်များအနက် ရှမ်းပြည်သူ ပြည်သားများ လွန်စွာကြည်ညို ယုံကြည် ကိုးကွယ်သော ဖေါင်တော်ဦး ရုပ်ပွားတော်၏ အဏ္ဏုပ္ပတ္တိ အကျဉ်းချုပ်ကို ပြောပြလိုပါသည်။

ဤဖေါင်တော်ဦး ရုပ်ပွားတော်ပေါင်း ၅-ဆူ ရှိပါသည်၊ ရှေးရှေးသောအခါများက ရုပ်ပွားတော်တို့သည် ညောင်ရွှေမြို့မှာ သိတင်းသုံးတော်မူသည်၊ အခါတပါး၌ စစ်မက်ရေးရာနှင့် ကြုံကြိုက်နေသည့်ပြင် စော်ဘွားက မိန်းမ စော်ဘွားဖြစ်နေ၍ ရုပ်ပွားတော်များ လုံခြုံမှု ရှိစေရန် လမ်းပန်းဆက်သွယ်ရေး အလျဉ်းမရှိသောကုန်းတတန် လှေတတန်ဖြင့် ခက်ခဲစွာ သွားမှ ရောက်ရှိသောလူအရောက် အပေါက် နည်းသည့် အင်းလေးအိုင်၏ အနောက်တောင်အရပ် တောင်ခြေရင်း၌ အင်းတိမ် ခေါ်သော ဒေသသို့ရွှေ့ပြောင်း သိတင်းသုံး စေပါသည်၊ ထိုအခါကစ၍ နှစ်စဉ်သီတင်းကျွတ် လဆန်း ၈-ရက်နေ့မှာ စော်ဘွားများနှင့် ဗင်း

အခြွေအရံများ အင်းတိမ်သို့ သွားရောက် ဖူးမြှော်ကန်တော့ကြသည်၊ ဤကဲ့သို့ ဝေးလံသော နေရာသို့ ဆင်းရဲသူများ ချိန်းရက်တွင် သွားရောက်ဖူးနိုင်ရန် ခဲယဉ်းသဖြင့် ဆင်းရဲချမ်းသာ မရွေး ဘုရားကို ဖူးမြှော်ကန်တော့ ဝတ်ပြုနိုင်ကြစေရန်အတွက် ညောင်ရွှေမြို့သို့ တနှစ်တကြိမ် အပူဇော်ခံရန် ပင့်ဆောင်ပေးရန်တောင်းဆိုချက်ကို လိုက်လျောလျက် သီတင်းကျွတ် လဆန်း ၇-ရက်နေ့တွင် ရုပ်ပွားတော်ကို ညောင်ရွှေမြို့သို့ ပင့်ဆောင်လာ၍ သီတင်းကျွတ် လဆန်း ၈-ရက်နေ့တွင် အားလုံးပူဇော်ကြပြီးလျှင် အင်းတိမ်သို့ ပြန်လည်ပင့်ဆောင် သွားပါသည်၊ ဤကဲ့သို့ ညောင်ရွှေမြို့နှင့် အနီးပတ်ဝန်းကျင်နေ လူထုပရိသတ်တို့ ဖူးမြှော်ရသကဲ့သို့ ဒေသစာရီ ကြွချီ တော်မူရာ ခရီးလမ်း တလျှောက်ရှိ အရပ်ဒေသများက ပူဇော်လိုကြသဖြင့် ၎င်းတို့ အရပ်ဒေသများသို့ အပူဇော်ခံရန် ကြွပေးရန် တောင်းဆိုကြပြန်သည်ကို အခွင့်ပြု၍ ယခုအခါမှာ ၁၄-ရက်ကြာအောင် ဒေသစာရီ ကြွချီတော်မူသည်။ နောက်ဆုံး ကျောင်းတော်ရောက်ရက်တွင် တခမ်းတနား ကြိုဆိုပွဲ ကျင်းပ၍ ပင့်ဆောင်ပါသည်၊သီတင်းကျွတ် လဆန်း ၄-ရက်နေ့ကစ၍ ကြွချီရာ ၎င်းလဆုတ် ၂-ရက်နေ့မှ ကျောင်းတော်သို့ ပြန်ရောက်ပါသည်။

အင်းတိမ်မှာ ဖေါင်တော်ဦး ရုပ်ပွားတော်များ သီတင်းသုံးခြင်းထက် အစောင့်အရှောက် လွယ်ကူစေရန် ရည်ရွယ်လျက် အင်းတိမ် အရှေ့ဘက် အသွားအလာ အလွန်ခက်ခဲ ရွံ့ပွက်များ ထူထပ်ပေါများသော အင်း အိုင် အရပ် နမ့်ဟူးခေါ် ဒေသသို့ ပြောင်းရွှေ့ ကိုးကွယ်ပါသည်၊ ယခုအခါ၌ အင်းတိမ်ဂိုဏ်းထောက် သာလေးတောင်ကျောင်း ဆရာတော်ဘုရား (ဆဋ္ဌသံဂါယနာတင် ဝန်ဆောင်အဖွဲ့ဝင် ဆရာတော်) အမှူးပြု၍ ဒါယကာအပေါင်းတို့က အာရုံခံ တန်ဆောင်း ကျောင်းတော်ကြီးကို ဆောက်လုပ် နေကြပါသည်။

## (၈)　　လူ့ပြည်သို့ ကြွဆင်းသောဘုရား

*၎င်းဖေါင်တော်ဦး ရုပ်ရှင် များကို ယုံယုံကြည်ကြည် အစဉ်အဆက်ပူဇော်၍ လိုသောဆုကို တောင်း၍ ပူဇော်ကန်တော့ပါလျှင် မိမိတို့ အလိုပြည့်ဝကြသည်ဟု ယုံကြည်ကြခြင်း ရှိကြသည်၊ အထူးထင်ရှားသော အကြောင်းတရပ်မှာ ဂျပန်ခေတ်တလျှောက်လုံး၌ ရုပ်ပွားတော်တွင် ကပ်ရှိထားသော သက်နှံးဟောင်းများကို ယူ၍ ကိုးကွယ်သူများ ဘေးရန်ကင်းကြသည်ဟု တွေ့ရှိကြသည်။*

ထူးခြားချက် တရပ်မှာ ၎င်းဖေါင်တော်ဦး ရုပ်ပွားတော်များကို အချိန်အခါ မကျရောက်ခင် ဒေသစာရီ ကြွချီရန်ပင့်ချီလိုတိုင်း ပင့်ချီ၍မရ၊ ပင့်ချီပြန်လျှင်လည်း ပင့်ချီလိုရာ အရပ်သို့မရောက်၊ လမ်းတွင် တခုံတခုသော အနှောင့်အယှက် တွေ့ရှိ၍ ဖေါင်တော်ဦး ရုပ်ပွားတော်များကို မူလစံနေရာ စံကျောင်းတော်သို့ပြန်လည် ရောက်ရှိနေကြောင်း တွေ့ရှိရပါသည်၊ ထို့ပြင်လည်း များသွစွာသော ထူးဆန်းအံ့သြဖွယ် တန်ခိုးပြာဋိဟာများကို သတင်းစာ ဆရာများလည်း ကြားဘူးကောင်း ကြားဘူးကြပါလိမ့်မည်ဖြစ်၍ အကျယ်ပြောဆိုနေပါက တော်တော်နှင့် ပြီးဆုံးနိုင်မည်ဟု မထင် ပါ၊ ပြင်ပနှင့် ကူးလူးဆက်ဆံမှု မရှိမီ ၎င်း ရုပ်ပွားတော်များ၏ ဘွဲ့မှာ "**စဝ်ဖရားလုံးမိုင်းကွန်း**"ဟုခေါ်သည်၊ မြန်မာလို "**လူ့ပြည် သို့ဆင်းလာသောဘုရား**" ဟု အဓိပ္ပါယ် ပေါ်သည်။

ယခုအခါ မြန်မာပြည်အရပ်ရပ်မှ ကြွရောက်ပူဇော် ဖူးမျှော်လို ကြသူ ဗုဒ္ဓဘာသာဝင် သူတော်စင်တို့ ခရီးလမ်း လွယ်လင့်တကူ သွားလာနိုင်ကြရန် အစိုးရ မင်းများထံမှ ပွဲတော်ရက် အတွင်း မီးရထားခ လေယာဉ်ပျံခများ အထူးနှုန်းထားဖြင့် လျှော့ပေါ့ ပေးပါရန် မေတ္တာရပ်ခံသည့် အတွက် သာသနာတော်ကြီး ဆတက်ထပိုး ထွန်းကားရန် ရည်သန်သော ပြည်ထောင်စု အစိုး ရကလည်း ဖေါင်တော်ဦးဘုရား ပူဇော်ပွဲသဘင်ရက် အတွင်း မီးရထားခများကို ၁၉၅၄-ခု အောက်တိုဘာလ ၁-ရက်နေ့မှ ၁၉၅၄-ခု အောက်တိုဘာ ၂၀-ရက်နေ့အထိ(၂-ရက်စလုံးအပါ အဝင်)'၂၅'ရာခိုင်နှုန်း လျှော့ပေါ့ရန်နှင့် လေယာဉ်ပျံခ များကို

၁၉၅၄-ခု အောက်တိုဘာလ ၂-ရက်နေ့မှ ၁၉၅၄-ခု အောက်တိုဘာလ ၁၆-ရက်နေ့ထိ(၂-ရက်စလုံးအပါအဝင်) ၁၅-ရာခိုင်နှုန်း လျှော့ပေါ့ရန် သဘောတူညီချက် အမိန့်ရရှိပြီးပါပြီ၊ သို့သော်လည်း မီးရထားခ လေယာဉ်ခ များကို ၃၀-ရာခိုင်နှုန်း အထိ လျှော့ပေးရန်အတွက် ကျွန်တော်နှင့်တကွ သာသနာရေး ဝန်ကြီး ဦးဝင်းပါ ပြည်ထောင်စု အစိုးရထံမှ ထပ်မံ တောင်းခံ ထားကြပါသည်၊ ရရှိနိုင်မည်ဟုလည်း များစွာ ယုံကြည် မြော်လင့်ထားပါသည်။

နိဂုံးချုပ် အနေဖြင့် ကျွန်တော် သတင်းစာ ဆရာများအား မေတ္တာရပ်ခံ လိုသည်မှာ ၁၃၁၆-ခု သီတင်းကျွတ် လဆန်း ၇-ရက်နေ့က သီတင်းကျွတ် လဆုတ် ၂-ရက်နေ့(၄-၁၀-၅၄မှ ၁၄-၁၀-၅၄)နေ့အထိ ကြီးကျယ်ခမ်းနားစွာ ကျင်းပမည် ဖြစ်သော ဖေါင်တော်ဦး ဘုရား ဒေသစာရီ ကြွချီပူဇော် ပွဲတော်သို့ မြန်မာပြည် အရပ်ရပ်မှ သူတော်စင် အပေါင်းတို့ ကြွရောက်ကြည်ညို ကြနိုင်ရန်အတွက် နှိုးဆော် ပေးကြပါရန် မေတ္တာ ရပ်ခံပါသည်။

စဝ်ရွှေသိုက်

# ဖေါင်တော်ဦးကို ကျမဖူးခဲ့ရစဉ်က

## ဒဂုန်ခင်ခင်လေး ရေးသည်

အင်းပေါခုံ ရွာမှ ထွက်လာကြပြီးနောက် အတန်ကြာ ခရီး ပေါက်လာသောခါ သာလေးရွာသို့ဝင်မိကြပါသည်၊ သာလေးရွာ ကလည်း မြို့တမြို့ လောက်ပင် အိမ်ကြီးရခိုင်တွေနှင့်ချည်း ရှိနေ ပါသည်၊ သာလေးရွာ ထိပ်တွင် တည်ရှိသော ဖေါင်တော်ဦး ဘုရားကုန်းမြေသို့ လှေဦးဆိုက်မိပါသည်၊ မြေသား ကျောက် စလစ် ခဲများနှင့်ဖို့ကာ တာတမံ တုတ်လျက် ကုန်းမြေကို ချဲ့ကာ အခိုင်အမာ တန်ဆောင်းကြီးတွေ အခိုင်အမာနှင့် ရှိနေပါသည်၊ မူလ ဘုရားများ ကိန်းဝပ်စမြဲဖြစ်ရာ ကျောင်းတော်ကြီးကို ထပ်မံ ချဲ့ တွင် ဆောက်လုပ်နေဆဲ ဖြစ်သောကြောင့် ရုပ်ပွားတော်များ ကို ဘုန်းတော်ကြီး၏ ရေပေါ် ကျောင်းဆောင်ကြီးတွင် ခေတ္တ ရွှေ့ထားကြောင်း သိရ၍ ဘုန်းကြီး ကျောင်းသို့ တန်တားနှင့် ကူး၍သွားကြရပါသည်၊ ရေပေါ်တွင် ခြေတံရှည် တိုင်လုံးများ နှင့် ရှည်လျားကျယ်ဝန်းစွာ ဆောက်လုပ် ထားသော သွပ်မိုး ပျဉ်ထောင် ကျောင်းဆောင်ရှည်ကြီး ထဲသို့ ဝင်မိသည်နှင့် တပြိုင် ထဲ အသဲ အေးသွား လောက်အောင် ထူးခြားသော ရွှေသား ရုပ်ပွားတော် များကို မှန်စီရွှေချ ဘုရား ကျောင်းဆောင်တွင်း၌ ရွှေသီး ငွေသီး ထီးဖြူ ယပ်မား သားမွေး ဒေါင်းတောင် စသော အဆောင် အယောင်များ ပိုးဖဲ ကတ္တီပါဖြင့် ချုပ်လုပ်သော မိတာန် မျက်နှာကြက်များနှင့် တံခွန် ကုက္ကား မလေးပွားတို့ ခြံရံ လျက် ပူဇော်ရာတွင် တနေရာ၌ ပလ္လင်တော် အလွတ် တခုကိုလည်း မျက်နှာကြက် အောက်တွင် သီးသန့်တွေ့မြင်ရသည်၊ ဘုန်းကြီး ကျောင်းဆိုသော်လည်း တဆောင်လုံး ဘုရားကျောင်းဆောင် ကြီးသာ ဖြစ်ပြီး ဘုန်းတော်ကြီးက အစွန်ခန်းကလေး တနေရာ၌ သာ ဘုရားဝေယျာဝစ္စ အတွက်သီတင်းသုံးလျက် ရှိပါသည်။

ဘုရား ရှေ့တော်တွင် ဘုရားဖူး ဆွမ်းကပ် နေကြသော ပရိသတ်ကလည်း မနည်းလှပါ၊ စာရေးသူတို့ကဲ့သို့ လှေသမ္ဗန် တတန်တကနှင့် ဆွမ်းတော် အုပ်ကြီးတွေ ပွေ့ပိုက်ခါ တဖွဲဖွဲ ရောက်လာ နေသော ဘုရားဖူး တွေကလည်း အများကြီးပင်၊ ရွှေသား ရုပ်ပွားတော် ၅–ဆူမှာ မျက်နှာတော် ပုံတော်များ မသဲကွဲတော့ဘဲ ရွှေတုံး ရွှေ ခဲကြီး တွေသာ ဖြစ်နေ ပါသည်၊ ဘော်ငွေစင်နှင့် ဖြူနု ကြွရွနေသော ပလ္လင်တော် ၅–ခုပေါ်၌ ရွှေတုံးကြီး ၅–တုံးကို တင်ထားသည်နှင့် မခြား ဖူးမြင် ရပါ သည်။

ဆွမ်းတော်နှင့် ပန်း ရေချမ်း ဆီမီးများ ကပ်ကြပြီးနောက် ရုပ်ပွားတော်များကို ရွှေသက်နှင်းလှူရာ ရွှေချရန်အတွက် အပြင်မှာ ရှိသော သီးသန့် ပလ္လင်တော် ပေါ်သို့ ကပ္ပိယကြီးက ရုပ်ပွား ဆင်းတုတော် တဆူစီ ပွေ့ပိုက်ပြီး ပင့်ထုတ်လာသည်၊ ရုပ်ပွား တော်များကို သူ့မူလအစီအစဉ်အတိုင်း ထားရသည်၊နေရာမမှား စေရ၊နေရာမှားယွင်းထားမိလျှင် အင်းထဲရှိ ရွာများ၌ ရောဂါဘယ ထူတတ်ကြောင်း အထိမ်းအမှတ် ရှိသောကြောင့် သတိကြီးစွာ နှင့် ပင့်ရကြောင်း ပြောပြကြပါသည်။

ရုပ်ပွားတော် ၅-ဆူတွင် ၂-ဆူက ရဟန္တာ ပုံတော်များ ဖြစ်သည်ဟု ပြောသော်လည်း ရွှေတုံးကြီး တွေသာ ဖြစ်နေ သောကြောင့် မပြောလျှင် ဘုရားနှင့် ရဟန္တာကို ခွဲခြားသိနိုင် စွမ်းမရှိကြပါ၊ ဤရုပ်ပွားတော်များ၏ ဒါယကာ ရင်းမှာ ပုဂံပြည် မှ အလောင်းစည်သူမင်းဖြစ်၍ ဖေါင်စကြာနှင့် လှည့်လည်တော် မူလာစဉ် အခါက ဒို့ရှမ်းတောင်သူများအဖို့ ကိုးကွယ်ရာ အဖြစ် ထားခဲ့ကြောင်း၊ ရုပ်ပွားတော်များကား **အလောင်း စည်သူမင်း** ကျွန်းဦးသပြေပင်ရှိရာ ငင်လယ် သမုဒ္ဒရာတွင်းသို့ ဖေါင်စကြာ လှည့်လည်စဉ် အခါက ရရှိခဲ့သော ရုပ်ပွားတော် အများအပြား အနက်မှာ ပါဝင်သည်ဖြစ်ကြောင်း၊ ရှေးအခါက အင်းရေအောက်

တွင် အလောင်း စည်သူမင်း စီးခဲ့သော ဖေါင် ကြီးကိုပင် တစိတ်တဒေသ မြင်ကြရကြောင်းနှင့် ဘုရား၏ သမိုင်းရာဇဝင် အဖြစ် ဇရးစကားများကို တဆင့်ပြောကြား သိခဲ့ရပါသည်၊ အဘိအကျ ရေးမှတ် ရိုက်နှိပ်ထားသော စာအုပ် စာတမ်းများ လည်း မရှိဟု ဘုန်းတော်ကြီးက မိန့်တော်မူပါသည်။

သို့သော် ယခုမျက်မှောက်ခေတ်တွင်လည်း ဤရုပ်ပွားတော်များ တန်ခိုးကြီးပုံကို သူသူငါငါ ပြောကြပြန်သည်၊ ဒို့ရှမ်းတောင်သူနှင့် အင်းလေးသား များသည် ဤဖေါင်တော်ဦး ဘုရားကို အမြတ် တနိုး ကြည်ညို ကိုးကွယ် ထားကြရာတွင် နှစ်စဉ် ပွဲတော်အခါ များ၌ ရွှေရုပ်ပွားတော်များကို ကရဝိက် ဖေါင်တော်ကြီးနှင့် ပင့် ဆောင်ကာ အင်းအတွင်းရှိ ရွာကြီးများကို ရက်ချိန်း အစီ အစဉ် အတိုင်း ကြွရောက်၍ ကန်တော့ခံမြဲ ဖြစ်သည်၊ ယင်းသို့အင်းလေး တခုလုံး မြိမ့်မြိမ့်အုန်းအုန်း စည်ကားလှသော ပွဲကြီးဖြစ်မြဲ ရုပ်ပွား တော်များ ကရဝိက် ဖေါင်တော်ကြီးနှင့် ခရီးဒေသစာရီ လှည့် လည်ကာ အပူဇော်ခံမြဲ ဖြစ်ရာ တခါသော် လမ်းခရီး ရွာတရွာ၌ ကရဝိက်ဖေါင်တော်နှင့် အပူဇော်ခံမည့် အာရုံခံ စရပ်အကူးတွင် ရုပ်ပွားတော် တဆူသည် မတော်တဆ ရေထဲသို့ လိမ့်ကျသွား ကြောင်း၊ ရေအောက်ငုပ်လျှိုး ရှာဖွေသော်လည်း မတွေ့သဖြင့် ရဟန်း ရှင်လူတို့ စိတ်မချမ်းမသာ ဖြစ်နေကြစဉ် သာလေးရွာဦး ရှိ မူလ အမြဲစံနေတော် မူရာ ဘုရား ကျောင်းဆောင် အတွင်း၌ ရေများ စွတ်စိုလျက် အလိုလို ရောက်ရှိနေသော ရုပ်ပွားတော်ကို တအံ့တသြ ပြန်လည် ဖူးတွေ့ရကြောင်း၊ ဤသို့ ဖြစ်ရသည်မှာ တကြိမ်မက နှစ်ကြိမ်သုံးကြိမ် ရှိလာသဖြင့် ထိုရုပ်ပွားတော်ကို ခရီး ဒေသစာရီ မကြွလိုသောကြောင့် သာဟု ယူဆကာ နောင် အခါ ဘုရားပွဲတော်အချိန်များတွင် ရုပ်ပွားတော် ၅–ဆူ အနက် မှ ၄–ဆူသော ရုပ်ပွားတော် များကိုသာ ကရဝိက် ဖေါင်နှင့် ကန်တော့ခံရန် ပင့်ဆောင်ကြရတော့ကြောင်း ပြောပြကြပါသည်။

ဌင်းပြင် ထိုရုပ်ပွားတော်များ၏ သက်နိုးတော်ကျ အပိုင်းအစ များကိုလည်း ခရီးသွားလာသူတို့ အတို့ အန္တရာယ် ကင်းသည် ဟု စွဲလမ်းယုံကြည်စွာ ဆောင်ယူ သွားလေ့ ရှိကြပါသည်။

စာရေးသူ ၁၉၅၂-ခုနှစ်က ပဌမအကြိမ် ကမ္ဘာ့ အရပ်ရပ် သို့ လှည့်လည်ရန် ခရီးထွက်စဉ်က ဖေါင်တော်ဦး ဘုရား၏ သက်နိုးတော်စ တခုကို စာအိပ်ငယ်နှင့် ထည့်၍ ကိုးကွယ်ဆောင် ယူသွားရန် ပေးလိုက်ဘူးပါသည်၊ ၆-လ နီးပါး လေယာဉ် ခရီး အကြိမ်ပေါင်း မရေနိုင်အောင် စီးခဲ့သည်၊ လေကြောင်း ရေ ကြောင်း ကုန်းကြောင်း အနှံ့အပြား သွားချင်တိုင်း သွားခဲ့သည်၊ လမ်းခရီးအကြား၌ တစုံတရာမှ အန္တရာယ် မရှိခဲ့သောကြောင့် ၁၉၅၄-ခုနှစ် ဒုတိယအကြိမ် ကမ္ဘာ့အရပ်ရပ်သို့ ထပ်မံခရီးထွက် ခဲ့ရာ၌လည်း ပဌမအချီ ကမ္ဘာလှည့်၍ ပွဲတိုးခဲ့ဘူးပြီး ဖြစ်သော ဤသက်နိုးတော်ကျကိုပင် ကိုးကွယ်ဆည်းကပ်၍ ဆောင်ကြဉ်း သွားခဲ့ပြန်သည်၊ ထိုဒုတိယ ခေါက်မှာလည်း အခါ ၅၀-ထက် မနည်း လေယာဉ်ပျံ အကြိမ်ကြိမ် ပြောင်း၍ စီးခဲ့ရာ တစုံတရာ မျှသော အဖုအထစ် အနှောက်အယှက်မရှိ၊ ချောမော ပျော်ရွှင်စွာ နှင့်ပင် နေရပ်သို့ ပြန်လည် ရောက်ရှိခဲ့ပါသည်။

ဤသည်မှ အစပြု၍ ဖေါင်တော်ဦး ဘုရား၏ တန်ခိုးတော်ကို လက်တွေ့ယုံကြည်ခဲ့ပြီး ဘုရားရုပ်ပွားတော်များကို ဖူးမျှော်ပူဇော် လိုသောဆန္ဒရှိခဲ့ရာ ယခုအခါ၌ ရုပ်ပွားတော်များကို နီးနီး ကပ်ကပ် ကြီး ဖူးမျှော်ရပါပြီ၊ ဆွမ်း ရေချမ်း ပန်း ဆီမီး တို့ကိုသာမက ရုပ် ပွားတော်တို့အား ရွှေသက်နိုး ချလှူရခြင်း ပိုးသက်နိုး အသစ်များ လည်း လှူ၍ သက်နိုးဟောင်း အကျကိုလည်း ကိုးကွယ် ဆည်း ကပ်ရန် ယူခဲ့ရပါပြီ၊ ကြည်ညိုဖွယ်ရာ ဝင်းဝါသော ရွှေတုံးကြီး များနှင့် မခြားတော့သော ရုပ်ပွားတော်များကို ခါတ်ပုံရိုက်ကူး ပြီး ဘုန်းတော်ကြီးအားလည်း လှူဒါန်းဘွယ်ရာ များနှင့် ညွတ်

သွားကန်တော့ကာ ဘုရားကုန်းမြေ အတွင်းမှာပင် အတော်ကြာ လှည့်လည် ကြည့်ရှု နေကြပါသေးသည်၊ သာလေးရွာ၌ ပေါင်တော်ဦး ဘုရားနှင့် အဆောက်အဦး များသာမက အခြားသော ဘုရားတန်ဆောင်း ကျောင်းပြာသာဒ်များကိုလည်း အများကြီး တွေ့မြင်ရသောအခါ ဒို့ရှမ်းတောင်သူတို့ ဌာန၌ ရှေးမင်းဟောင်းတို့ သာသနအမွေ ချခဲ့ရကျိုး နပ်ပေစွဟု သာရ ခေါ်လိုက် မိပါတော့သည်။

ဒဂုန်-ခင်ခင်လေး

(၁၉၅၅-ခု မေလ ၂၆-ရက် ဗမာ့ခေတ် သတင်းစာ အထူးထုတ် စာစောင်တွင် ပါရှိသော နိုင်ငံကျော် စာရေး ဆရာမကြီး 'ဒဂုန်ခင်ခင်လေး' ၏ 'ဒို့ရှမ်းတောင်သူ' ခေါင်းစဉ်ဆောင်းပါးကို ဆိုင်ရာပုဂ္ဂိုလ်တို့၏ အညွှတ်အနူး ခွင့်ပြုချက်အရ ထည့်သွင်း ဖော်ပြလိုက်ပါကြောင်း)

# အင်းလေးနှင့် ဖေါင်တော်ဦးဘုရား

(ဒဂုန်-ဦးထွန်းမြင့်ရေးသည်)

ကျွန်တော်သည် ၁၉၅၅-ခု၊ မေလထဲတွင် အလုပ်မှ ခေတ္တအနား ယူကာ ဒေသန္တရ ဗဟုသုတအလို့ငှါ ကိုတင်ဇေ (ရှမ်းပြည်) နှင့် အတူ ရှမ်းပြည်တောင်ပိုင်း ကလောမြို့၊ တောင်ကြီးမြို့များသို့ သွားရောက် လည်ပတ်ရာ 'အင်းလေး' သို့လည်း ရောက်ခဲ့ပါသည်။

ကလောနှင့် တောင်ကြီး အကြားရှိ ရှမ်းပြည်တောင်ပိုင်း မီးရထားလမ်းဆုံးဖြစ်သော ရွှေညောင်မှ ညောင်ရွှေမြို့သို့ ၇-မိုင်ခရီးကို ကားဖြင့်သွား၍ ညောင်ရွှေမှ အင်းလေးသို့ မော်တော်ဘုတ်ဖြင့် သွားရပါသည်။ ညောင်ရွှေမြို့မှာ အင်းလေး၏ မြောက်ဖက်အစပ်တွင်ရှိ၍ ညောင်ရွှေမှ မော်တော်ဘုတ်ဖြင့် သွား၍ ၁၀-မိနစ်ခန့်ကြာလျှင်ပင် အင်းလေး၏အဝသို့ ရောက်ပါတော့သည်။

အင်းလေးဆိုသည်မှာ အရှေ့ဖက် အနောက်ဖက် တောင်တန်းကြီး ၂-ခုအကြားတွင် သဃံဇာတ သဘာဝအတိုင်း ဖြစ်နေသည့် အလျား ၁၇-မိုင်ခန့် အနံ ၇-မိုင်ခန့်ရှိသော ရေပြင်ကြီးဖြစ်ပါသည်။ အင်းထဲတွင် ရွာတွေလည်း များစွာရှိပါသည်။ မူလပထမကမူ ၁-ဟဲယာရွာမ၊ ၂-နမ်းပန်၊ ၃-နောင်တော၊ ၄-ပန်းပိုဟူ၍ ရွာ ၄-ရွာ ရှိသည်ဟု ဆိုပါသည်။ အင်းထဲ၌ ယင်းသို့ ရွာလေးရွာရှိသည့်အတွက် အင်းလေးရွာဟု ခေါ်ရာမှ အင်းလေးဟု ယခုတိုင် တွင်နေကြောင်း သိရပါသည်။ ယခုအခါ၌ကား အင်းထဲတွင် ရွာပေါင်း ၇၀-ကျော် ၈၀-ခန့်ရှိသည်ဟု သိရပါသည်။

အင်းလေးရေမှာ အလွန်ကြည်လင်လှသည်ဖြစ်ရာ အရှေ့ဖက်နှင့်အနောက်ဖက်တွင် ညိုမှိုင်းသောတောင်တန်းကြီးများ ကာဆီး

ရံပိုင်းလျက် ရှိသောကြောင့် ဇာနဒူနီလာ ကန်ဘောင်ရိုးကြီးများ ကာဆီးထားသည့် ပကတိ မြရေကန်ကြီးနှင့် တူလှပေသည်။

စိမ်းလဲ့လဲ့ရေပြင်တွင် တံငါလှေကလေးများကိုလည်း တွေ့ရပါသည်။ အချို့နေရာတွင် တံငါသည်များ ငါးဖမ်းရန်အတွက် ဒိုက်ပင်များကိုစုရုံး၍ ဝါးဖြင့်စိုက်ထားသည့် ဒိုက်ဖုတ်များ စီတန်းနေသည်မှာ ကျယ်ဝန်းသော ရေပြင်တွင် တမျိုးပင်ကြည့်ကောင်းပါသည်။

> "ရွှေပြည်သိဂ်ါ၊ တောင်လက်ျာဝယ်၊ ထက်စွာမြင့်ခေါင်၊ ပြာရိုမှောင်သည်၊ သန်းတောင်ဂိရိ၊ မိုးတရှိက၊ မြည့်ဗိုဗို၊ မြေတခိုတွင်၊ ရေညှိပျံ့သင်း၊ **ညောင်ရွှေအင်း**လည်း၊ နတ်မင်းသုံးရန်၊ နန္ဒာကန်နှင့်၊ သဏ္ဍာန်မခြား၊ ရေကျက်စားသည်၊ ရေသားတံငါ၊ စီးပွားရှာတို့၊ ကွန်ချာဖွင့်ရှပ်၊ ဝင့်ကာအုပ်၍၊ ပေါ်ငုပ်လူးလာ၊ မြူးစကာနှင့်......"

အစရှိသဖြင့် ဦးပုည က ညောင်ရွှေမြို့ပေး မေတ္တာစာတွင် အင်းလေးကို တာဝတိံသာနတ်ပြည်ရှိ နန္ဒာကန်နှင့် တူသည်ဟု ဆိုထားလေရာ ကိုယ်တိုင်တွေ့ရသောအခါ ဆိုလောက်ပါပေသည်ဟု ထင်မိပါသည်။

အရှေ့ဖက်နှင့် အနောက်ဖက်တွင် အင်းစပ်တောင်ခြေ၌ ရွာကလေးများ မပြတ်မပြတ်ရှိလျက် တောင်ခြေတွင် တည်ထားသည့် ဖြူဖွေးသော စေတီကလေးများကိုလည်း တွေ့ရပါသည်၊ စိမ်းစိုညိုမှိုင်းလျက်ရှိသော တောင်ရိပ် တိမ်ရိပ်တို့ဖြင့် ညိုမှောင်စိမ်းလဲ့နေသည့် ရေပြင်တွင် တံငါလှေကလေးများ တရွေ့ရွေ့သွားနေသည့် ရှုမြော်ခင်းမှာ နောက်ခံဖြစ်သော အင်းစပ်တောင်ခြေရှိ ရွာကလေးများ၊ ဘုန်းကြီးကျောင်းများ၊ စေတီကလေးများနှင့် ဟပ်မိကာ ကြည့်မငြီးနိုင်အောင်ပင် ရှိပါတော့သည်။

ကျွန်တော်တို့သည် မော်တော်ဘုတ်ကလေးဖြင့် ချောင်းရွှေမှ ထွက်၍ တနာရီခွဲခန့် ကြာသောအခါ ငါးဖယ်ချောင်းဆိုသော ရွာကလေးသို့ ဆိုက်ရောက်ကြပါသည်၊ ငါးဖယ်ချောင်းရွာမှာ အင်းလေးရေပြင်ပေါ်တွင် ဒိုက်များကို စုကာထပ်ကာ မြေဖို့ပြီးလျှင် အိမ်များဆောက်ထားသည့် ရေလယ်ရွာကလေး ဖြစ်ပါသည်၊ တအိမ်နှင့်တအိမ် လှေဖြင့်သာ ကူးရပါသည်၊ အင်းထဲရှိ လူများမှာ လှေကို ခြေထောက်သဖွယ် အသုံးပြုကြပါသည်၊ များသောအားဖြင့်လည်း လှေကို ခြေထောက်ဖြင့် လှော်ကြပါသည်။

ရွာထိပ်တွင် ဟော်နန်းကြီးတမျှ ကြီးမားသည့် ဘုန်းကြီးကျောင်းကြီးရှိပါသည်၊ ကျောင်းပြာသာဒ်ဆောင်ကြီးမှာမင်းတုန်းခေတ်က လက်ရာမျိုးဖြစ်သည်၊ ဒုရင်ခေါ် ဒေါင်းရင်များ ပန်းတောင် ပန်းခက်များမှာ ရွှေထီးရွှေနန်း ရွှေကြငှန်းနှင့် ချေမ်းစွာနေခဲ့ကြရသည့် မြန်မာတို့၏ ပဒေသရာဇ် ဧကရာဇ်ခေတ်ကို သတိပေးနေသကဲ့သို့ပင် ရှိတော့သည်၊ တိုင်ပေါင်း ၁၅၀-နှင့် ၂၀၀-အကြားလောက်တွင် ရှိလိမ့် မည်ဟု ခန့်မှန်း ရသည့် ကျောင်းကြီး ဖြစ်ပါသည်၊ တိုင်များမှာ များသော အားဖြင့် ရွှေပိန်း ချထားသည်ကို တွေ့ရပါသည်၊ ပြာသာဒ်ဆောင်ကြီး၏ အလယ်တွင် ဘုရားဆင်းတု အများအပြားရှိလျက် ပလ္လင်များ တကဲများမှာ ပြောင်မြောက်သော မြန်မာ့အနုပညာ လက်ရာများ ဖြစ်ကြပါသည်။

ငါးဖယ်ချောင်းရွာကလေးမှာ အိမ်ခြေ ၅၀-ကျော်ခန့်လောက်သာရှိသည်၊ အင်းလေး၏ အလယ်ရေပြင်ကျယ်တွင် ဒိုက်များကို စုကာထပ်ပြီးလျှင် ကမ်းခြေမှ မြေများကို လှေဖြင့်သယ်၍၎င်း၊ ရေအောက်မှ သဲများကို နည်းနည်းစီ သယ်ယူ၍၎င်း အပေါ်၌ ဖို့လျက် ယင်းအပေါ်၌သာ အဆောက်အအုံ တည်ဆောက်ရသည့် ဤနေရာ ဤရွာကလေး၌ ဤမျှလောက် ကြီးမားသည့် ကျောင်းကြီးကို သာမန်အိမ်ခြေလေးငါးဆယ်လောက်သာရှိသည့်

ဤရွာကလေးက ဆောက်လုပ်လှူဒါန်း ထားခြင်းမှာ ကျွန်တော် ကိုယ်တိုင် မျက်မြင်ကိုယ်တွေ့ ဖြစ်နေလို့သာ မငြင်းနိုင်သော် လည်း ဤကျောင်းကြီးနှင့် ဤရွာကလေးကို ဆက်စပ်၍ မတွေး နိုင်လောက်အောင်ပင် အံ့သြမိပါတော့သည်၊ "တပဲရလို့ တမူးလှူ တို့ရှမ်းတောင်သူ တူနိုင်ရိုးလား" ဆိုသော သံချပ်ကလေးကို ငယ်ငယ်က ကြားဘူးထားသဖြင့် ဤကျောင်းကြီးမှာ ဤရွာ ကလေးက ဆောက်လုပ်လှူ ဒါန်းထားသော ကျောင်းကြီးဖြစ်တန် ရာ၏ဟု တွေးကာ အင်းသားတို့၏ ဘာသာရေး ဂရုစိုက်ပုံကို ချီးကျူးမိပါသည်။

ကျွန်တော်တို့သည် ငါးဖယ်ချောင်းရွာ ဘုရားတကာလယ်၏ အိမ်တွင် တည်းခိုကြပါသည်။ ထိုနေ့ညတွင် လဘက်ရည်ကြမ်း (သူတို့အခေါ် အခါးရည်) သောက်ယင်း စကားစမည်ပြောဆို ကြရာ သူတို့ ရွာသူရွာသားများသည် လပြည့် လကွယ်တိုင်း ဝါတွင်းဝါပမရွေး ဥပုသ်စောင့်ကြကြောင်း၊ ဝါတွင်း၌သာ ဥပုသ် သည် များသည်၊ ဝါပ၌နည်းသည်ဟုမရှိ၊ ဝါတွင်းဖြစ်စေ ဝါပ ဖြစ်စေ ထိုနေ့တွင် အလုပ်ကိစ္စများကို ဖိတ်ပြီးလျှင် အားလုံးပင် ကျောင်းသို့သွား၍ ဥပုသ်စောင့်ကြကြောင်း၊ အချို့ယောကျ်ား များမှာ ကျောင်းမှာပင် အိပ်ကြကြောင်း သိရသဖြင့် ရှေးရိုး စဉ်လာ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့၏ ဘာသာရေး လိုက်နာမှု တွေ ဤဒေသမှာ မူမပျက် ရှိနေသေးပေ တကားဟု စိတ်ထဲက ဝမ်းမြောက်မိပါသည်။

နောက်တနေ့တွင် မော်တော်ဘုတ်ကလေးဖြင့် ဟဲယာရွာမသို့ သွား၍ ရွာမရွာ စက်ပိုင် ကျောင်းတကာထိုက်အိမ်တွင်တည်းခိုကြ ပါသည်၊ ဟဲယာရွာမမှာ မူလအင်း ၄-ရွာတွင် ပါဝင်၍ အိမ်ခြေ ၃၀၀-ခန့်ရှိသော ရွာကြီးဖြစ်သည်၊ ရပ်ကွက် (သူတို့အခေါ် 'ဟုမ်း') ဆဲ့တကွက်ရှိ၍ တဟုမ်းလျှင် တကျောင်းကျ ကျောင်း လည်း ဆဲ့တကျောင်းရှိသည်ဟု သိရပါသည်၊ ကျွန်တော်တို့ကား

ဖိန်းတောကျောင်း ရွှေဘုံသာကျောင်းနှင့် ကျောင်းနီကျောင်း များသို့ သွားရောက်ခဲ့ကြပါသည်။ ကျောင်းကြီးများမှာ ငါးဖယ် ချောင်းရွာတွင် တွေ့ခဲ့ရသည့် ကျောင်းကြီးထက်ပင် ကြီးကျယ် သည်ကို တွေ့ရပါသည်၊ ကျွန်တော်မှာ ကလောနှင့် တောင်ကြီး သို့ ရောက်စဉ်က မြင်နေကျ နှင်းဆီပန်း ဒေလီယာ ပန်းများထက် အဆမတန်ကြီးမားသည့် ပန်းပွင့်ကြီးများကိုတွေ့ရသဖြင့် ပန်းတွေ့ တိုင်း "ဟာ သိပ်ကြီးတဲ့ ပန်းပွင့်ကြီးပါလား" ဟု အံ့သြခဲ့ရ သလို အင်းထဲသို့ ရောက်သောအခါ၌လည်း ကျောင်းတွေ့တိုင်း 'ဟာ သိပ်ကြီးတဲ့ ကျောင်းကြီးပါလား' ဟု အံ့သြ၍သာ နေရ ပါတော့သည်၊ ကလောနှင့် တောင်ကြီးမှာ ရာသီဥတု ချေမ်း၍ မြေသြဇာ ကောင်းသောကြောင့် ပန်းပွင့်များ အဆမတန်ကြီးမား သကဲ့သို့ အင်းလေးမှာလည်း စေတနာဖြူဖွေး၍ သဒ္ဓါတရား ကောင်းသောကြောင့် ကျောင်းကြီးတွေ အဆမတန် ကြီးမားကြ ပါသည်။

ထိုနေ့တနေ့လုံး ကျောင်းတကာထိုက် ကိုယ်တိုင် မော်တော် ဘုတ်ကလေးဖြင့် လိုက်ပို့သဖြင့် အင်းတကြော အတော်နှံ့စပ်စွာ လည်ပတ် ဘုရားဖူးကြပါသည်၊ ပထမ နန်းပန်ဈေးသို့ သွား၍ ထိုမှတဖန် ဘန်ကောက်နှင့် ဇင်းမယ် လုံချီများ ထွက်သည့် အင်းပေါခုံရွာသို့ သွားကြပါသည်။ အင်းပေါခုံ ဦးသိန်းဒေါ်နု တို့အိမ်တွင် ဘန်ကောက် ဇင်းမယ် ရက်လုပ်သည်ကို ကြည့်ရှုပြီး နောက် နမ်းပန်ရွာ ဘုရားပေါက်သို့ သွားကြပါသည်။

ဘုရားပေါက် ဘုရားမှာ မုခ်ပေါက် (၇)ကြီးရှိသည့် စေတီ တော် ဖြစ်သည်၊ မုခ်ပေါက် (၇) ထဲတွင် ရုပ်ပွားဆင်းတုတော် ကြီးရှိသည်၊ ထိုဘုရားကို အသစ်မွမ်းမံရာ ရှေးကဌာပနာထား သည့် ဓာတ်တော်အိုးနှင့် ဆင်းတုတော်များ ဘီလူးရုပ် နဂါးရုပ် စသည်များကို ရှိရသဖြင့် ယင်းတို့ကို ဘုရားပရဝုဏ် အတွင်းရှိ ဘုန်းကြီးကျောင်းတွင် ထားသည်ကို ဖူးခဲ့ရပါသည်၊ ဓာတ်တော်

အိုးမှာ မြေအိုးကို ရွှေချထားသည့် အိုးဖြစ်သည်၊ အိုးထဲတွင် ဓာတ်တော်များနှင့် ရေအပြည့်ပါသည်၊ ၎င်းတို့ကို ယခုအခါ ဖန်ဗူးတွင် ပြောင်း၍ ထည့်ထားသည်။ ရေများမှာ အလွန် ကြည်လင်၍ ခန်းခြောက်ယုတ်လျော့ခြင်းမရှိ ပကတိအတိုင်းပင် ရှိနေသည်ဟု ပြောကြပါသည်၊ ဓာတ်တော်များကား ဆီးစေ့ခန့် ပမာဏရှိ၍ ရဟန္တာ ဓာတ်တော်များဟု ယူဆရန် ရှိသည်၊ လုံးပတ်တပေခွဲခန့်ရှိသည့် ဖန်ဗူးဖြင့် ၃-ပုံ ၂ပုံ-ခန့်ရှိသည်။

ကျွန်တော်တို့သည် ဘုရားပေါက်ဘုရားကို ဖူးမျှော်ကြပြီး နောက် တနိုင်ငံလုံး ကျော်စောထင်ရှား အများသိကြသည့် ဖေါင်တော်ဦးဘုရားသို့ သွားကြပါသည်၊ ဖေါင်တော်ဦးဘုရားမှာ နမ့်ဟူးရွာတွင် ရှိပါသည်၊ အလွန်ကြီးမားခန့်ညားသည့် ဂန္ဓ ကုဋိအသစ်ကြီးကို ဆောက်လုပ်နေဆဲဖြစ်၍ ဘုရားကိုယ်တော် မြတ်များမှာ ဘုန်းကြီးကျောင်းတွင် ယာယီ သီတင်းသုံးလျက် ရှိပါသည်။

ဖေါင်တော်ဦးဘုရားမှာ ရုပ်ပွားဆင်းတု ငါးဆူရှိပါသည်။ သရက္ခန် (သာရဂန္ဓ) သားကို ထုထားသည့် ဆင်းတုတော်များ ဖြစ်သည်ဟု သိရပါသည်၊ ယခုဖူးမြင်ရသည်မှာကား ဆင်းတု တော်ပုံကို မခန့်မှန်းနိုင်လောက်အောင်ပင် ရွှေတုံးကြီးတွေ ဖြစ်နေ ပါသည်၊ တဆူမှာ ရောင်လျှံတော်ပုံ ရွှေရိုက်ကြီး မိမောက်နေ သည်ကို တွေ့ရပါသည်။

ဖေါင်တော်ဦးဘုရား ဒေသစာရီ ဖြန့်ချီသည့်ပွဲကြီးမှာရှမ်းပြည် တောင်ပိုင်း တခုလုံးတွင် အကြီးကျယ် အခမ်းနားဆုံးသော ပွဲသဘင်ကြီးဖြစ်သည်၊ နှစ်တိုင်း သီတင်းကျွတ် လဆန်း ၅-ရက် နေ့မှစ၍ လပြည့်ကျော် ၃-ရက် တိုင်အောင် သီတင်းသုံး ရာ နမ့်ဟူးရွာမှ ကရဝိက်ဖေါင်ဖြင့် ပင့်ဆောင်ကာ အင်းဝဲယာ တလျှောက် လှည့်လည် ပူဇော်ကြသည်၊ အထူးစီမံ ပြုလုပ်ထား သည့် ကရဝိက်ဖေါင်တော်တွင် ဘုရားရုပ်ပွားတော်များကို ပင့်

တင်လျက် အင်းထဲရှိရွာများမှ သူ့စခန်းနှင့်သူ အသီးသီး ကြိုဆီး ခွဲသူကြသည့်ခွဲလှေများဖြင့်ပင့်ဆောင်ကာသတ်မှတ်ထားသည့် အစီအစဉ်တိုင်း ရွာစဉ်တလျှောက် ဝမ်းမြောက်ကြည်နူး အလူး ပျော်ရွှင်စွာ ရှင်ရေလူပါ အင်းသူ အင်းသားအကုန် သဒ္ဓါဟုန် ထက်ထက်ဖြင့် အသက်ရှင်ရခြင်း၏ တန်ဖိုး လူဖြစ်ရခြင်း၏ အကျိုးဟု အမြတ်နိုးကြီး မြတ်နိုးလျက် ဘိုးမပေါက်အောင်ပင် သူ့ထက်ငါ ပူဇော်ကြလေသည်။

ညောင်ရွှေမြို့သို့ ဘုရားဖေါင်တော် ကြွရောက်မည့်နေ့တွင် ညောင်ရွှေစော်ဘွားကြီးကိုယ်တိုင် အခြံအရံများနှင့်တကွ ခမ်းနား စွာ ထွက်ကြိုသည်ဖြစ်ရာ ထိုအခမ်းအနားမှာ အလွန်ဒုံကြူး အထူးသဖြင့် ကြည်နူးဘွယ် ကောင်းလှပေသည်။

သီတင်းကျွတ်လ ရာသီမှာ မိုးသားများကင်းစင်၍ အလွန် ကြည်လင်လှသည်ဖြစ်ရာ အင်းလေး ရေပြင်မှာလည်း ကတ္တီပါ ဇိပ်မှ ထုတ်ခါစ မြကြေးမုံကြီးပမာ စိမ်းပြာ သစ်လွင်လျက် ရှိလေသည်၊ လဆန်း ၇-ရက် နံနက်စောစောအချိန်တွင် ပြာလဲ့ လဲ့ ရေပြင်၌ ရွှေစင် ပြာသာဒ်ကြီး ပေါက်နေသည့် ပမာ ဆန်းကျယ်စွာ ပြုလုပ်ထားသည့် ကရဝိက် ဖေါင်တော်ကြီးတွင် ပြိုးပြောင် သစ်လွင်သည့် အဝတ်များကို ဝတ်ဆင်ထားသည့် လှေလှော်သားများက ဟင်းသပြဒါး သုတ်လိမ်းထားသည့်တက် များဖြင့် ညီညီညာညာ ခြေထောက်ဖြင့် လှော်ခတ်နေကြလျက် ခွဲလှေများကလည်း တက်ညီ ချက်ညီ လှော်ခတ်နေကြသည်။ ထိုအချိန်တွင် မင်္ဂလာစည်တော်ကြီးမှာလည်း ရေကင်းသံ၊နရည်း သံ တီးလျက် ရှိလေသည်။ အရပ်ရပ်မှ ဆွမ်း၊ ပန်း၊ ဆီမီး အသီး သီးဖြင့် လိုက်ပါပူဇော်ကြသည့် လှေများမှာလည်း ကြည့်မဆုံး နိုင်အောင် တသီတတန်းကြီး ဖြစ်နေလေသည်။

ညောင်ရွှေစော်ဘွားကြီးသည် အထူးစီမံထားသည့် ဖှေယာဉ် တော်ဖြင့် ရှေ့ဝင်းနောက်ဝင်း ခင်းကျင်းကာ အခြွေ အရံများ

ခြံရံလျက် ထွက်ကြွတော်မူသည်ဖြစ်ရာ ညောင်ရွှေနှင့် တကွ ကလော တောင်ကြီးရှိ အစိုးရအရာရှိများလည်းလှေပေါင်းများ စွာဖြင့် လိုက်ပါလာကြလေသည်။

နေထွက်စအချိန် ဖြစ်သော်လည်း နေမင်းကြီးမှာ အရှေ့ဖက် တောင်တန်းကြီးပေါ်သို့ မရောက်သေးချေ။ ကရဝိက်ဖေါင်တော် ကြီးမှာလည်း ရေပြင်တွင် ရွှေစင်ပြာသာဒ်ကြီး မျောလာသကဲ့သို့ တရွေ့ရွေ့လာလျက်ရှိသည်။ အနောက်ဖက်ကမ်းရှိ တောင်တန်း ကြီးမှာလည်း သိတင်းကျွတ်လရာသီတွင် ကြည်လင် ပြတ်သား လျက်ရှိလေရာ ရာသီဥတုနှင့် ပန်းရလျက်ရှိသော သဘာဝ ရှု ခင်းတွင် ဝင်းဝင်းတောက်နေသည့် ကရဝိက် ဖေါင်တော်နှင့် လှေလှော်သူ ပူဇော်သူ ညောင်ရွှေစော်ဘွားကြီး စသော ဆီးကြို သူတို့၏ ဖြူစင်သစ်လွင်သော အဝတ်အစားများမှာ အရှေ့ဖက် တောင်တန်း၏ ကျောဖက်တွင် ထွက်ခါစဖြစ်သော နေ၏အရောင် ဖြင့် ပြာလဲ့လဲ့ရေပြင်တွင် အရိပ်ထင်လျက် ရှိလေသည်။ မင်္ဂလာ စည်တော်ကြီး၏ နရည်းသံမှာလည်း နံနက်ဦး အချိန် ဆိတ်ငြိမ် သည့် အင်းရေပြင်တွင် ပတ်ဝန်းကျင်ဒေသ အဝေးကြီး မှပင် ငြိမ့်ငြိမ့် ညြောင်းညြောင်း ပျံ့ပျောင်းစွာ ကြားနေရလေ သည်ဟု ကိုတင်ဇော် ပြောပြပါသည်။

ဘုရားဖူးလှည့်ရာ၌ ဈေးအစဉ်အလာ ပြုလုပ်နေကျ အစီ အစဉ် အတိုင်း လှည့်လည်ပူဇော်ကြရသည်ဟုဆိုပါသည်။ ဘုရားကိုယ် တော်များ တညကျိန်းရသည့် နေရာ၌ တညသာကျိန်းရ၍ ၂-ည ကျိန်းရသည့်နေရာ၌ ၂-ညကျိန်းရသည်။ ဆွမ်းကပ်ရသည့် နေ ရာ၌ ဆွမ်းကပ်ရသည်။ ပန်းအိုးလဲသည့် နေရာ၌ ပန်းအိုးလဲရ သည်။ နှစ်ပေါင်းများစွာ နှစ်စဉ် နှစ်တိုင်း ပန်းအိုးများချသော် လည်း ၎င်းပန်းအိုးများကို ရှာမတွေ့ဟု ဆိုပါသည်။ ဟဲယာ ရွာမတွင် ကျောင်းဒကာ တဦးနှင့် ဘုရားအကြောင်း ဆွေးနွေး မေးမြန်းရာ ထိုသူက သူကိုယ်တိုင် ဈေးလူကြီးများ ပြောကြသည်

ကို ကိုယ်တွေ့ ရုံစမ်းကြည့်လိုသဖြင့် ဘုရားပန်းအိုးချပြီး၍ ၂-နာရီလောက်အကြာတွင် ထိုနေရာတဝိုက် ၁၅-ပေ ပတ်လည်တွင် လူငယ်များကို ရေငုပ်ရှာဖွေစေသော်လည်း ပန်းအိုးကို မတွေ့ရကြောင်း ပြောသည်။

၎င်းကပင် ဆက်လက်၍ ပြောရာ၌ ဘုရားဖေါင်တော် ဆိုက်မည့်နေရာတွင် မြေခုံနိမ့်နေသဖြင့် သဲဖို့ရန်အတွက် ရေတပေခန့်ရှိသော နေရာတွင် ၁၅-ပေပတ်လည် တာတမံတုတ်၍ ဘုရားထံ၌ 'တပည့်တော်များ ဘုရားအတွက် ဖို့ရန်သဲများယူကြပါမည်ဘုရား' ဟု တောင်းပန်ပြီး သဲများကိုယူရာ ၁၅-ပေ နက်သည်တိုင်အောင် ရေမထွက်ကြောင်း၊ ၎င်းကျင်းမျိုး သုံးကျင်းတူးရာ တကျင်းမှရေမထွက်ကြောင်း သဲများလုံလောက်အောင်ရမှ 'ကိစ္စပြီးပါပြီဘုရား,ဟု လျှောက်ထားသောအခါ ရေတွေ ဝေါကနဲထွက်လာကြောင်း ပြောလေသည်။

ရေပြင်လယ်တွင် အနည်းငယ်ကွက်၍ တမံတုတ်ပြီးသဲများကို ယက်သူရာ၌ ရေမထွက်ခြင်းမှာ ထူးခြား သည်ဟု ဆိုရပေမည်။ ဤသို့ လက်တွေ့ထူးခြားသောအချက်များကို တွေ့ရသောကြောင့်လည်း အင်းသူအင်းသားများမှာ ဖေါင်တော်ဦးဘုရားကို အထူးသဖြင့် ယုံကြည် ကိုးစားကြခြင်း ဖြစ်လေသည်။ ဒုတိယကမ္ဘာစစ်ကြီးအတွင်းက မြန်မာပြည်တပြည်လုံး ဒုက္ခအမျိုးမျိုးတွေ့ကြုံရသည်ဖြစ်လျက် အင်းထဲ၌ ပြောပလောက်အောင် ဒုက္ခ တစုံတရာမတွေ့ကြုံရခြင်းမှာ ဖေါင်တော်ဦး ဘုရားကြောင့် ပင်ဟု စွဲမြဲယုံကြည်ထားကြလေသည်။ဘုရား၏သက်နိုးတော်ကျကို ဆောင်ထားလျှင် ဘေးအန္တရာယ် ကင်း၍ အရောင်း အဝယ် ကောင်းကြောင်း လာဘ်လွှင်ကြောင်းကိုလည်း ကိုယ်တွေ့ခံစားကြရသည်ဟု အများပင် ယုံကြည်ကြလေသည်။

ကျွန်တော်တို့သည် ဖေါင်တော်ဦး ဘုရား၏ အကြောင်းအရာကို သိလိုသဖြင့် မေးမြန်းစုံစမ်းရာ အပြည့်အစုံ မရပဲ တပိုင်းတစ

လောက်သာ သိရသည်။ ဤမျှထင်ရှား၍ အများ၏ ယုံကြည်ကိုးကွယ်ခြင်းကို ခံရသော ဘုရားဖြစ်လျက် အကြောင်းအရာအဋ္ဌုပ္ပတ္တိ(သမိုင်း)စာအုပ်မရှိသေးကြောင်းသိရသဖြင့် အဋ္ဌုပ္ပတ္တိသမိုင်းစာအုပ်တစောင် ရှိသင့်ကြောင်း တွေးမိပါသည်။

ဖေါင်တော်ဦးဘုရားမှ ပြန်လာ၍ ဟဲယာရွာမသို့ ရောက်သောအခါ တည်းအိမ်ရှင် ကျောင်းဒကာထိုက်နှင့်အတူပင် ကျောင်းနှိကျောင်း ဆရာတော်ထံသို့ သွားရောက် ဖူးမြော်ကြပါသည်။ ဆရာတော်အား ဖေါင်တော်ဦး ဘုရား အကြောင်း မေးမြန်းလျှောက်ထားသောအခါ ဆရာတော်က သူ့ရုဆောင်းစီစဉ် ရေးသားထားသော အဋ္ဌုပ္ပတ္တိစာတမ်းကို ထုတ်ပြတော်မူပါသည်။ ကျွန်တော်တို့က ဖေါင်တော်ဦးဘုရားမှာ ထင်ရှားကျော်ကြားသော ဘုရားများတွင်ပါဝင်ကြောင်း၊ အဋ္ဌုပ္ပတ္တိ သမိုင်းတစောင်ရှိသင့်ကြောင်း လျှောက်ထားရာ ဆရာတော်က မိမိလည်း ထိုသို့ပင် သဘောရှိကြောင်း၊ ထို့ကြောင့်ပင် တတ်နိုင်သမျှ ရှာဖွေရုဆောင်း ထားခြင်း ဖြစ်ကြောင်း။ စာအုပ် ဖြစ်မြောက်ရေးအတွက် ကိုတင်မြနှင့် တွေ့ချင်နေတာ ယခုတွေ့ရသဖြင့် အလွန်ဝမ်းမြောက်ကြောင်း တို့ကို အမိန့်ရှိပါသည်။

ထိုနောက် အနည်းငယ် ဆက်လက် ဆွေးနွေး ပြီးနောက်ကိုတင်မြက စာအုပ်ရိုက်ရာ၌ ကုန်ကျမည့်စရိတ်ကို စိုက်ထုတ်ရန် ဒကာရှာဖို့ တာဝန်ယူလျက် ကျွန်တော်က စာအုပ်အဖြစ်ရောက်အောင် စီစဉ်ဆောင်ရွက် ပေးပါမည်ဟု တာဝန်ယူလျှောက်ထားကြပါသည်။

ရန်ကုန်ပြန်ရောက်၍ တလလောက်ရှိသော အခါ ကျောင်းနှိကျောင်း ဆရာတော်ထံမှ စာမူများကို ပို့လိုက်သဖြင့် ကိုတင်မြနှင့်ညှိနှိုင်းတိုင်ပင်ပြီးလျှင် ဤစာအုပ်ဖြစ်မြောက်အောင် ဆောင်ရွက်ရပါသတည်း။

ဒဂုန်-ဦးထွန်းမြင့်
၁၉၅၅-ခု စက်တင်ဘာလ

# နိဒါန်း

လောက၌ လူတိုင်းလူတိုင်းပင် ကျော်ကြားသော အရာဝတ္ထု တခုခုကို တွေ့မြင်သိယှိရသောအခါ ထိုအရာဝတ္ထု၏မူလကြောင်း ရာကို ကောင်းစွာ သိလိုကြပေသည်။ ဖေါင်တော်ဦး ရုပ်ပွားတော် မြတ်၏ မူလကြောင်းရာ စဉ်လာသမိုင်းကိုလည်း လူတိုင်းရှင် တိုင်းကပင် သိလိုနေကြပေသည်။

သို့သိလို၍ ရုံစမ်းထောက်လှမ်းသော အခါ သက်ကြီးစကား သက်ငယ်ကြား ပါးစပ်ရာဇဝင် ပုံပြင်စကားပြောကြသလို မှတ်မိ ရာက အဆက်အစပ်မယှိ ပြောပြကြသည်ကိုသာ မှတ်သားတွေ့ရှိ ရပေသည်။ မူလကြောင်းရာ စဉ်လာမှတ်တမ်း တခဏ်း တကဏ္ဍ မှ ကျနသေချာစွာ ရေးသားထားရှိသော အရာ မတွေ့ချေ။

သို့ကြောင့်လည်း လူတိုင်း ရှင်တိုင်းကပင် လိုအင်ဆန္ဒ မပြည့် ဝဘဲ ယှိကြလေရာ မိမိတို့သိလိုသော အာသာဆန္ဒမှာ ဒိုရိုပြင်း ပြစွာ ဖြစ်ပေါ်၍ လာခဲ့ကြ ပြန်ပါသည်။ သို့ပင်ဖြစ်လင့်ကစား ၁၃၀၃-ခုနှစ် လောက်က အမေရိကန်ပြည် နယူးရောက် မြို့မှ ညောင်ရွှေမြို့သို့ ရောက်ပေါက်ဘူးသော အမေရိကန် လူမျိုးတဦး ဖေါင်တော်ဦး ရုပ်ပွားတော်မြတ်နှင့် ပတ်သက်၍ ရုံစမ်းမေးမြန်း သည်ကို ညောင်ရွှေမြို့ ပင်စင်အငြိမ်းစား အသက် ၇၀-ကျော် အမတ်ကြီး ဦးငြိမ်းနှင့် ထိုစဉ် အခါက ငွေတိုက် အမတ်ကြီး ဦးမောင်လတ်တို့ ရုံစမ်းထောက်လှမ်း ညှိနှိုင်းတိုင်ပင်၍ ဖြေဆို ထားသော အဖြေစာတမ်းတခုကို ၁၃၀၅-ခုနှစ်၊ တော်သလင်းလ အတွင်းက ငွေတိုက်အမတ်ကြီး ဦးမောင်လတ်ထံမှ ရယှိသဖြင့် ဖေါင်တော်ဦး ရုပ်ပွားတော်မြတ်၏ ရာဇဝင်မှတ်တမ်း တခဏ်း တကဏ္ဍ ရေးသားရန် သဲလွန်စကို ဝမ်းမြောက်စွာ တွေ့မြင် ဖတ်ရှုရပေသည်။

၎င်းကို အခြေခံထားပြီးလျှင် မိမိတတ်နိုင်သမျှ ထပ်မံလေ့လာမေးမြန်း ရုံစမ်းထောက်လှမ်းကာ ဤမှတ်တမ်းကို စီစဉ်ရေးသားပြီး ပုံနှိပ်ထုတ်ဝေရလျှင် ဖေါင်တော်ဦး ရုပ်ပွားတော် မြတ်၏ မူလကြောင်းရာ စဉ်လာသမိုင်းကို လူတိုင်းရှင်တိုင်းပင် လေ့လာဖတ်ရှုနိုင်ခွင့်ရကြလျက် မိမိတို့သိလိုသော အာသာဆန္ဒပြည့်ဝကြလိမ့်မည်ဟု ရည်ရွယ်ပြီးလျှင် ထိုအချိန်လောက်ကပင် စီစဉ်ထားပြီးဖြစ်သော်လည်း ပြည့်စုံလုံလောက် လှပြီဟု မယူဆနိုင်သေးပဲ အားထားယုံကြည် လောက်သော အခြား စာတမ်း သမိုင်းစာစောင် တွေ့နိုးနိုး ရနိုးနိုးနှင့် အမျိုးမျိုး အဖုံဖုံ အတော်စုံအောင် လိုက်လံမေးမြန်း ရုံစမ်းနေခဲ့ရသည့်အတွက် ဤစာတမ်း ပုံနှိပ်ရန် အချိန်ကာလ ကြန့်ကြာသွားခဲ့ရလေသည်။

ယခုအခါ၌ကား စိတ်ကျေနပ်လောက်အောင် ပြည့်စုံစွာ မရသေးမီအတွင်း မိမိစုဆောင်း ရရှိထားသမျှကိုပင် စာအုပ်အဖြစ် ပြုလုပ်ထားပါက သိလိုသောသူတို့၏ အလိုဆန္ဒ အတော်အတန် ပြည့်ဝကြလိမ့်မည်ဟု ယုံကြည်ကာ ပုံနှိပ်ထုတ်ဝေမည် ကြံစည် စဉ်းစားနေခိုက် ၁၃၁၇–ခုနှစ်၊ နယုန်လဆန်း ၉–ရက်နေ့ ညနေတွင် ရန်ကုန်မြို့ တက္ကသိုလ်ကျောင်းတိုက် ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေး ဌာနမှ စာတည်း ဦးတင်ရွှေနှင့် စာရေးဆရာ ဒဂုန်–ဦးထွန်းမြင့်တို့ ၂–ဦး ဘုန်းကြီးထံမှောက် ရောက်လာကြပြီးလျှင် အင်းလေးအကြောင်း ဖေါင်တော်ဦး သမိုင်းအကြောင်း စသည်တို့ကို မေးမြန်းကြသောအခါ ဘုန်းကြီး၏ ဖေါင်တော်ဦးမှတ်တမ်းနှင့် ရှမ်းပြည် ရာဇဝင်အကျဉ်းချုပ်တို့ စုဆောင်းထားယှိကြောင်း ပြောဆိုပြသရာ ကြည့်ရှုပြီး အမြန်ပုံနှိပ်ရန် စီစဉ်ပေးပါ၊ ငွေရေးကြေးရေးနှင့် စာအုပ်ကောင်းတခုဖြစ်ရန် တပည့်တော်တို့တာဝန်ထားပါဟု လျှောက်ထားကြသဖြင့် ဝမ်းမြောက် ကျေနပ်စွာ ဤစာအုပ်ဖြစ်ပေါ်ရန် အမြန် စီစဉ်ပေးလိုက်ရပါသည်။

## ရည် သန် ချက်

ဤစာတမ်းဖြင့် ဖေါင်တော်ဦး ရုပ်ပွားတော်မြတ် အဋ္ဌပုပ္ပတ်ကို ပြည့်စုံလုံလောက်ပြီ မှန်ကန်ပြီဟု မယူဆပါ၊ ဤစာတမ်းကို စိတ်ပါ ဝင်စားစွာ ကြည့်ရှုလေ့လာကြသော သုတေသီပညာရှင်အပေါင်း တို့က စေတနာမေတ္တာတရားရှေ့ထားပြီး လိုပို မှားယွင်းသမျှကို သတိပေး ညွှန်ကြားစေလိုပါသည်။ ၎င်းကို ဒုတိယအကြိမ် ထပ်မံ ပြည့်စွက် နှုတ်ပယ်ပြင်ဆင်ပြီး ပုံနှိပ်ထုတ်ဝေနိုင်သော အခြေသို့ ရောက်ပါစေသောဝ်ဟု ဆုတောင်းရည်မှန်းချက်ထားယှိပါသည်။

ဤစာအုပ်တွင် အချို့ဌာန ဘုရားပွဲတော် အကြောင်း အရာနှင့် ဓာတ်ပုံများပါ၍ အချို့ဌာန ဘုရားပွဲတော် အကြောင်း အရာနှင့် ဓာတ်ပုံများ မပါခြင်း အတွက် စိတ်ကျေနပ်မှု မရှိဖြစ်ပါသည်။ သို့ရာတွင် နောက်အကြိမ် ထပ်မံ ပုံနှိပ်ထုတ်ဝေသော အခါ ဌာန ဆိုင်ရာ ဘုရားပွဲတော် အကြောင်း အရာနှင့် ဓာတ်ပုံများ စုံစုံ လင်လင်ထည့်သွင်းနိုင်အောင် ကြိုးစားစီစဉ်မည် ဖြစ်ပါကြောင်း။

ဦးသောဘိတ

၁၃၁၇-ခု၊ ဝါဆိုလ ကျောင်းနီကျောင်း ဆရာတော်

ဟဲယာဋ္ဌာမ-အင်းလေး။



# ဖေါင်တော်ဦး ဘုရားသမိုင်း

ဇေယျတု သဗ္ဗမင်္ဂလံ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ဒိဗ္ဗတု သဗ္ဗသာသနံ

## သဃ်သဃရဋ္ဌ တကောင်းပြည်

ငါတို့နာထ ဂေါတမ နွယ်ဘွား မြတ်ဘုရား ပွင့်တော် မမူမီ နှစ်ပေါင်း (၃၀၀)ကျော် ကာလတွင် ဣန္ဒိယ နိုင်ငံ မဇ္ဈိမ ဒေသ ကောသလတိုင်း ပဉ္စာလတိုင်း နှစ်တိုင်းကို အစိုးရတော်မူသော ပဉ္စာလရာဇာမင်းနှင့် ကောလိယမင်းတို့ စစ်ကြီးဖြစ်ကြရာ ကောလိယ ဒေဝဒဟ ကပိလဝတ်မည်သော သုံးပြည်ထောင်သော သာကီဝင်မင်းတို့ ရှုံးလေလျှင် သုံးဖြာကွဲ၍ သာကီဝင် မင်းတို့ ပျက်စီးသောအခါ ကပိလဝတ်ပြည်မှ အဘိရာဇာ မည်သော သကျသာကီဝင်မင်းသည် မိမိဗိုလ်ခြေ အလုံးအရင်းကိုယူ၍ မဇ္ဈိမ ဒေသမှ ထွက်ခဲ့ပြီးလျှင် မဏိပူရခေါ် ကသည်းပြည် ကာမရူပ ခေါ် အာသံပြည် စသောမြို့ပြ ပြည်ရွာ သေလာတောတန်း ဖြတ်သန်းလွန်မြောက်၍ ဧရာဝတီ နဒီ မြစ်ကမ်း ဧချမ်းသာမို့ မြေအနှံ့တွင် နှစ်လိုကြွန်အင် ပြည့်စုံလင်သော သဃ်သဃရဋ္ဌ နာမဘွဲ့မည့် တကောင်းပြည်ကို စတည်စိုးစံတော်မူလေသတည်း။

ယင်းသည့် တကောင်းပြည်၌ အဘိရာဇာမည်သော သကျ သာကီဝင်မင်းအစ ဘိန္နက ရာဇာမင်းအဆုံး သုံးကျိပ်သုံးယောက် သောမင်းတို့ မင်းပြုတော်မူကြလေသည်။

## မောကိုးပြည်ထောင်(သို့မဟုတ်) သျှာမ်းတဆဲ့ကိုးခရိုင်

နောက်ဆုံး ဘိန္နကရာဇာ မင်းကြီးလက်ထက် သဃ်ဿရဋ္ဌ မည်သော တကောင်းပြည်ကြီးကို ဂန္ဓာလရာဇ်တိုင်း စိန့်ပြည်က တရုတ်တရက်တို့ နှောင့်ယှက်လာ၍ တကောင်းပြည်ကြီး ပျက်စီး လေလျှင် ဘိန္နကရာဇာမင်းကြီးသည် ရုံးမိသမျှသော မိမိဗိုလ်ခြေ အလုံးအရင်းနှင့် မလည်ချောင်းအရပ်သို့ဝင်၍ နေတော်မူစဉ်ထို၌ ပင် ကံတော်ကုန်လေသော် ဗိုလ်ပါအလုံးအရင်းတို့သည် သုံးစု ကွဲ၍ တစုလူတို့ကား အရှေ့မျက်နှာမောကိုးပြည်ထောင်သို့မဟုတ် သျှာမ်းတဆဲ့ကိုးခရိုင် တည်ထောင်၍ နေကြလေသည်။

## သုံးဆဲ့ကိုးလုံးမိုင်းက မွှောဇရဋ္ဌမည်သော ညောင်ရွှေပြည်

ယင်းသည့် ဘိန္နကရာဇာ သကျသာကီဝင်မင်းမှ သက်ဆင်း စဉ်လာသဖြင့် သကျသာကီဝင်ချည်းသာ ဖြစ်ကြကုန်သော မင်း တို့ တည်ထောင်သော သျှာမ်းတဆဲ့ကိုးခရိုင်တို့တွင် နယ်နိမိတ် အကျယ် အဝန်းအားဖြင့် အရှေ့အလား ပွန်ချောင်း ကောက် ကောက်စင်းစင်း မိုးနဲနယ်မြေနှင့်အစပ်၊အနောက်တောင် အလား တောင်ငူ ရွှေကျင် မုတ္တမနယ်မြေနှင့်အစပ်၊ အနောက်အလား စမုံ မြစ် ကောက်ကောက်စင်းစင်း သလ္လာဝတီမြစ် အခြား သီဘော အုံးဘောင် မိုးမိတ်နယ်မြေနှင့်အစပ်၊ အရှေ့မြောက်အလား သိန္နီ မိုးနဲမြေနှင့်အစပ်၊ဤသည့်အလား လေးရပ်ဖြင့် ပိုင်းခြားအပ်သော ပြည်နယ်ကို အရံကျေးလက်မြို့ပေါင်း (၃၉)မြို့ ရှိသောကြောင့်

(၃၉)လုံးမိုင်း ကမ္ဗောဇရဋ္ဌမည်သော ညောင်ရွှေပြည်ဟူ၍ ခေါ်ဝေါ်သမုတ်ကြလေသည်။

## ကောက်ဆံပြီ ရမ္မာဝတီ ပန်းဖယ်

ညောင်ရွှေပြည်နယ်၏ ပဌမမြို့တော် (သို့မဟုတ်) ပဌမနေပြည်တော်မှာ (ယနေ့ထက်တိုင် ရှိသေးသော) ပေါရိသာဒ် ဘုရား၏ မြောက်ဖက်အဍ္ဍမိုရွာ၏ အနောက်မြောက်ယွန်း ယခုမြို့ကြီးတွင်း ဟုခေါ် ကြသော လယ်ကျင်း နှင့်နှင် ဖြစ်သည့် အရပ်ပင်တည်း။ တန်တိုင်းနှင့် သမိုင်းစင်ခေါ် နတ်စင်များလည်း ယခုတိုင် အထင်အရှားရှိလေသေးသည်။ ၎င်းပဌမမြို့တော်၏ အမည်မှာသျှမ်းဘာသာအားဖြင့် (ကောက်ဆံပြီ) ဟုခေါ်၏။ မောင်နှမ နှစ်ယောက်ရှိရာ တယောက် ၃ နှစ်စီ အလှည့်အလည်ဖြင့် အခွန်တော်ကောက်ခံဘွားစား စိုးစံတော်မူသည်ဟု ဆိုလိုသည်။ မြန်မာအသံထွက်အားဖြင့် သျှမ်းဘာသာကို မှီအောင် မခေါ်နိုင် ရကားကောသမ္ဗီဟု ခေါ် ကြကုန်၏။

၎င်းမောင်နှမ နှစ်ယောက်တွင် မောင်တော်မှာ ဇလွန်ကြမ်းကြုတ်ခက်ထန်သောကြောင့် မောင်တော် စော်ဘွားဖြစ်သောအခါ ပြည်ရွာနေသူ ခပ်သိမ်းလူတို့မှာ လွန်စွာကြောက်လန့် တုန်လှုပ်လျက် ကိုယ်စိတ်နှစ်ပါး မချမ်းမသာ များစွာဆင်းရဲကြသည်။ နှမတော်မှာ အလွန်သိမ်မွေ့ နူးညံ့ ယဉ်ကျေးသောကြောင့် နှမတော်စော်ဘွားဖြစ်သောအခါ ပြည်ရွာနေသူခပ်သိမ်းလူတို့မှာ ကြောက်ရွံ့ထိတ်လန့်ခြင်းမရှိ ပကတိ ကြည်ရွှင် ဝမ်းမြောက် ကြလျက် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြလေသည်။ သို့ဖြစ်၍ နှမတော်အား အမြဲတမ်း စော်ဘွားဖြစ်စေလိုသဖြင့် မောင်တော်က စေတီတဆူ နှမတော်က စေတီတဆူတည်စေ၍ အလျင် ပဌမပြီးသူအား အမြဲတမ်း စော်ဘွား ဖြစ်စေမည်ဟု ပြည်သူတို့ ပြောဆိုကြသဖြင့် စေတီတည်ကြရာ မောင်တော်မှာ အဍ္ဍ အင်းကတေစသည်တို့ကို ကျနစွာ စီမံပြုလုပ်မည်ဟူသော ရည်ရွယ်ချက်ဖြင့် အဍ္ဍ စသည်

တို့ကို ပြုလုပ်နေစဉ် နှမတော်က တစ်ကျပ်ခွဲဘိုးညက်ဖြင့် အတွင်းမှာ စေတီပုံ ဝါးဖြင့် ဖြမ်းဆင်ပြီးလျှင် အပြင်မှဖျာကပ် စက္ကူနှံ့ ထုံးသုတ်၍ ထီးတင် အလျင်ပြီးစေသောကြောင့် နှမတော်သည် ပင် အမြဲတမ်း စော်ဘွား ဖြစ်ရလေသည်။ ၎င်းစေတီတော်ကို ညက်ကွန့်၍ ဖျာနှင့်တည်သောကြောင့် သျှမ်းဘာသာအားဖြင့် 'မော်လီဆပ်'ဟု ခေါ်ကြ၏။ ကာလရွေ့လျောလာသဖြင့် 'ပေါရိသာဒ်'ဟု ခေါ်ဝေါ် ပြောဆိုကြလေသည်။နောင်တော်တည်သော စေတီမှာ ယခုအခါ 'ဘုရားနီ' ဟူသော အမည်ဖြင့် မော်လီဆပ် ဘုရား အနောက်ဖက်တွင် ရှိလေသည်။

ပဌမမြို့တော် ဆုတ်ယုတ်ပျက်ပြားသောအခါ ၎င်းမြို့တော်မှ တောင်မျက်နှာ အင်းလေးကန် ဖြစ်ပေါ်ရာ မိုင်းသောက်နှင့်သလဲ ဦး နယ်မြေစပ်ကြား အင်းရေ မြေပြင် အရပ်တွင် ရမ္မာဝတီဟူသောအမည်ဖြင့် ဒုတိယမြို့တော်ကို တည်ထောင်၍ ပဒေသရာဇ် စော်ဘွားများ ဘွားစား စိုးစံတော်မူကြလေသည်။ ရမ္မာဝတီဟူသည် (နှလုံးမွေ့လျော် ပျော်ရွှင်ဖွယ်ရှိသောမြို့)ဟု ဆိုလိုသည်။

ဒုတိယမြို့တော် ဆုတ်ယုတ် ပျက်ပြား ပြန်သောအခါ ၎င်းမြို့တော်မှ မြောက်ဖက် အရှေ့သို့ အနည်းငယ်ယွန်းသော အရပ်သို့ ရွှေ့ပြောင်းပြီးလျှင် (ပန်းဖယ်) ဟူသော အမည်ဖြင့် တည်ထောင်ကာ ပဒေသရာဇ်မင်းတို့ စိုးစံ ဘွားစား ကြလေသည်။

၎င်းမြို့တော်တည်ရာဌာနမှာ မိုင်းသောက် မြသိန်းတန်ဘုရားနှင့် ဝါးတော်ရွာ တောင်ဖက် မန်ကျည်းစဉ်ရွာ မြောက်ဖက် အနီးကပ်လျက် ယခုအခါ မြို့ရိုးနှင့်တကွ တည်ယှိသော နေရာပင် ဖြစ်လေသည်။ပန်းဖယ်ဟူသောစကားမှာ (မ'ဖိဟ်-မိုက်ဖယ်)ဟူသော သျှမ်းဘာသာစကားမှ ရွေ့ရှားပြောင်းလဲလာဟန်တူလေသည်။ သို့ဖြစ်လျှင် (ဝါးတောမြို့)ဟု ဆိုလိုသည်။ မိုင်းသောက် ဟူသော အမည်သည်လည်း ၎င်းမြို့တည်စဉ် အခါက လူတယောက်လျှင် တတောင်ကျ မြေကြီးကို တူးဆွရသောကြောင့်

(မိုင်းဆောက်) ဟူသော သျှမ်းဘာသာစကားမှ ရွေ့ရှား ပြောင်းလဲလျက် မိုင်းသောက်ဟု ခေါ်ကြဟန် ယူသည်။

(မှတ်ရန်။ ။၎င်းမြို့ ၃-မြို့တွင် ဗိုးစံ ဘွားစားတော်မူကြသော ပဒေသရာဇ်မင်းတို့၏ အမည်နာမနှင့် အရေ အတွက် ဘွားစား သော သက္ကရာဇ်စသည်တို့ကို ဤနေရာ၌ ဖေါ်ပြသင့်လျက် မဖေါ် မပြနိုင်ခြင်းမှာ ထိုစဉ်အခါကဟုဂျပ်တရက်သို့ဝင်ရောက်နှောက် ယှက်ကြသည့်ပြင် တမင်းနှင့်တမင်း အချင်းချင်း တိုက်ခိုက်ဖျက် ဆီးကြ၍ မြို့ပြပြည်ရွာ ပျက်စီးဖန် များကြသဖြင့် စာဟောင်း ထုံးတမ်းဟောင်းနန်း လက်သုံး မှတ်စု မှတ်ရာ အဖြာဖြာလည်း များစွာ တိမ်ကောပပျောက်ခဲ့လေသောကြောင့် မဖေါ်မပြနိုင်ခြင်း ဖြစ်ပါကြောင်း။)

## စီဆိုင်ဖနှင့် ညောင်ရွှေမြို့တော်

တတိယ မြို့တော် ဖြစ်သော ပန်းဖယ်မြို့တွင် နောက်ဆုံး ဗိုးစံ ဘွားစား တော်မူသော စော်ဘွားကြီးမှာ(စီဆိုင်ဖ)အမည်တော်ရှိ သတည်း။၎င်းသည် သက္ကရာဇ် ၇၂၁-ခုနှစ်တွင် ယခုညောင်ရွှေမြို့ ကြီးကို တည်ထောင်ဖန်ဆင်း၍ ဗိုးစံဘွားစားတော် မူပြန်သည်။ အမည်မှန်မှာ(ယောင်ဝှေ)ဖြစ်၍ ဝှေ-ကား တောင်နှစ်လုံးအကြား၊ ယောင်-ကားမြင့်မောက်သောကုန်းမြေ-ဟုသျှမ်းဘာသာစကား အရ တောင်နှစ်လုံးစပ်ကြား၌ တည်ရှိသော ကုန်းမြေမြင့်မြို့ဟု ဆိုလိုသည်။ ညောင်ရွှေ-တနည်း ခေါ်ဝေါ်ကြသည်ကား ဤမြို့ နေရာတွင် ရွှေ၏အရောင်အဆင်းနှင့်တူသော အရောင်အဆင်းယှိ သောညောင်ပင်တပင်ယှိရာမြို့သူမြို့သားတို့လွန်စွာသာယာဝပြော ယှိကြသောကြောင့် တောင်ငူမင်းက ၎င်းညောင်ပင်ကိုစုံ၍ စေတီ တည်လိုက်ပြီးလျှင် ရွှေတောင်ငူစေတီဟု သမုတ်လေသည်။ ၎င်း ရွှေညောင်ပင်ကို အကြောင်းပြု၍ ညောင်ရွှေမြို့ဟု ခေါ်ကြောင်း အချို့သက်ကြီးတို့ ပြောကြသည်ကိုလည်း တနည်းမှတ်သားရ ပေသည်။

## ဖေါင်တော်ဦး ရုပ်ပွားတော်များ

သက္ကရာဇ် ၇၂၁-ခုနှစ်တွင် ဤညောင်ရွှေမြို့တော်ကို တည်ထောင်တော်မူသော စော်ဘွားကြီး စီဆိုင်ဖ လက်ထက် တော်အခါ လွန်ခဲ့သောနှစ်ပေါင်း ၅၇၀-ကျော်ခန့် ကာလက ယခုသန်းတောင်ဘုရား နယ်မြေအတွင်း တခုသော နေရာတွင် တောချုံပိတ်ပေါင်းတို့ဖြင့် ဖုံးလွှမ်း ကွယ်ပျောက်လျက်ယှိသော လိုဏ်ဂူအတွင်းမှ ဘုရားဓာတ်တော် မွေတော်များ ရောင်ခြည်တော်ကွန့်မြူးသည်ကို သန်းတောင်နယ်သားတို့ ဖူးမြင်တွေ့ယှိကြသဖြင့် နယ်ရှင် စော်ဘွားကြီး စီဆိုင်ဖ ထံတော်သို့ သွားရောက်သံတော်ဦးတင်ကြလေသည်။

ထိုအခါ စော်ဘွားကြီး စီဆိုင်ဖသည် အားရရွှင်ပြုံး နှလုံးကြည်ဆွ ဝမ်းမြောက်လှသောကြောင့် ဆွေတော်မျိုးတော်မှူးမတ်တော်တို့နှင့် ပရိသတ်လေးပါး မြောက်မြားစွာ ခြံရံ၍ သန်းတောင်အရပ်သို့ ထွက်တော်မူကာ မြက်ချုံပိတ်ပေါင်းတို့ကို ရှင်းလင်းခုတ်ထွင် သုတ်သင်စေပြီးမှ လိုဏ်ဂူကို တူးဖေါ်ကြည့်ရှုတော်မူလျှင် ဘုရားရှင်၏ ရုပ်ပွားတော်မြတ် ၅-ဆူတို့ကို ဖူးမြင်တွေ့ရှိတော် မူခဲ့လေသတည်း။

၎င်းရုပ်ပွားတော်မြတ် ၅-ဆူတို့ကို ဖေါင်တော်ဦး ရုပ်ပွားတော်ဟု ခေါ်ဝေါ်သမုတ်ရခြင်း၏ အကြောင်းရင်းမှာ—

ကောဇာသက္ကရာဇ် ၄၅၄-ခုနှစ်တွင် မင်းအဖြစ်သို့ ရောက်တော်မူသော ပုဂံပြည်ရှင်နရပတိအလောင်းစည်သူမင်းကြီးသည် သာသနာတော်မြတ် စည်ပင် ပြန့်ပွား ထွန်းကား ခြင်းကို လိုလားတော်မူသော မင်းမြတ်ဖြစ်သည်နှင့်အညီ ဇမ္ဗူဒိပ်ကျွန်းအလုံး နှံ့အောင် ဖေါင်တော်ဖြင့် ဟိုင်းခန်း လှည့်လည်တော်မူကာ ရောက်လေရာ အရပ်တို့၌ စေတီ ပုထိုး ဂူကျောင်းဘုရား စသည်တို့ကို ပြည်သူလူအများတို့ ကိုးကွယ် ဆည်းကပ် ကြစေရန် ရည်သန်

တည်ထားတော်မူခဲ့ပြီးနောက် သိဟိုဠ်ကျွန်း ရောက်တော် မူသော အခါ သိဟိုဠ်မင်းက ဆက်သလိုက်သော သင်းကနက်ဖေါင် စကြာဖြင့် လှည့်လည်ပြန်လာတော်မူ၍ မလယခေါ်မလ္လာယုကျွန်း ရောက်လျှင် (၎င်းကျွန်းသည်ဇမ္ဗူဒိပ်ယပြည် မဒရပ်နယ်တောင်ဖက် ပင်လယ်တွင်ယှိ၍ အမွှေးနံ့သာ ကရမက်စသည့် အလွန်ပေါ သည်ဟုဆို၏။) သိကြားမင်းက ဆက်သ အပ်နှင်းလိုက်သော သာခါ.မဟာဗောဓိသားနှင့် တကွ **သရက္ခန်နံ့သာနှစ်** အသား တို့ကို ရုပ်ပွားတော် ၅-ဆူ ထုလုပ်စေတော်မူပြီးလျှင် ဖေါင် တော်၏ ရှေ့ဦးတွင် ပင့်တင် ကိုးကွယ် ယူဆောင်တော်မူလျက် နေပြည်တော်ပုဂံမြို့သို့ ရောက်တော်မူလေသတည်း။

သက္ကရာဇ် ၄၅၇-ခုနှစ်တွင် နေပြည်တော် ပုဂံမြို့မှ ၎င်း ဖေါင်စကြာဖြင့် တိုင်းခန်းလှည့်လည် ထွက်ချီတော် မူပြန်သော အခါ ယင်းသည့်ရုပ်ပွားတော် ၅-ဆူကိုသည်း ပင့်ယူမြဲ ပင့်ယူ တော်မူခဲ့၍ ထန်းလေးစဉ် အရပ်သို့ ဖေါင်တော် ရောက်လေသော် ဖေါင်တော် သွားရာ ရှေ့တူ အရပ်တွင် သပြေညို တောင်တန်း ကြီး ကာဆီးလျက်ယှိရာ မင်းကြီး၏ ဘုန်းတော် သမ္ဘာတော် ကြောင့် နတ်တို့က ကူညီ၍ ခါးသန်လျက်ဖြင့် ခုတ်ဖြတ် ဖေါက် ထွင်း၍ ဖေါင်တော် ဝင်ရောက်လာရာ ၎င်းနေရာကို ယခုအခါတိုင် အောင်'ဖေါင်တော်ပေါက်တောင်'ဟု ခေါ်တွင်လေသည်။

ဖေါင်တော်သည် ၎င်းဖေါင်တော်ပေါက်တောင် ခြေရင်းယှိ သန်းတောင်အရပ်တွင် ဆိုက်ကပ် ရပ်နားလျက် ဘုရားစေတီ တည်စေတော်မူပြီးလျှင် ဖေါင်တော် ရှေ့ဦးတွင် ပင့်တင် ကိုး ကွယ်လာသော ရုပ်ပွားတော် ၅-ဆူကို လိုဏ်ဂူတွင် သွင်းနှံ့ ဌာပနာတော်မူခဲ့လေသတည်း။

မင်းကြီးသည်လည်း ထိုအရပ်မှ အရှေ့အရပ်သို့ ကြည့်တော် မူလျှင် ရမ္မာဝတီ ပြည်ကို မြင်တော်မူသဖြင့် ၎င်းပြည်သို့ တဖန် ထွက်ချီတော် မူပြန်ကာ ရမ္မာဝတီပြည်တွင် ၄-နှစ် ခေတ္တနန်းစံ

တော်မူ၍ အရှေ့အနောက် တောင်တန်းတို့၌ ဓါတ်တော်များ သွင်းနှံ ဌာပနာတော်မူသည့် စေတီပုထိုး အမြောက်အမြား တည်ထားတော်မူခဲ့ပြီးမှ နေပြည်တော် ပုဂံမြို့သို့ ပြန်လည်တော် မူလေသတည်း။

ထိုရမ္မာဝတီပြည်ကား ယခုအခါ ဇိမ်တော်ရာဟု ခေါ်ဝေါ် ပြောဆိုနေကြသော သလဲဦး နယ်မြေနှင့် မိုင်းသောက် နယ်မြေ စပ်ကြား ပေပင်ရွာအနောက်ဖက် အင်းရေအောက်မြေပေါ်တွင် သစ်တိုင် သစ်ငုတ် အမြောက်အမြားတို့ကို သတိပြု၍ ကြည့်ရှုတတ်လျှင် မြင်နိုင်သော နေရာပင် ဖြစ်သတည်း။

ဤကား နရပတိ အလောင်းစည်သူ ဘုရားသမိုင်း အဆိုစကားအရ ယူဆချက်တည်း။

ဤသို့လျှင် ဖေါင်တော်ရှေ့ဦး၌ တင်ယူကိုးကွယ်ခဲ့သော ဘုရားဖြစ်ခြင်းကြောင့် **ဖေါင်တော်ဦးဘုရား**ဟု ခေါ်ဝေါ် သမုတ်အပ်ကြောင်း မှတ်ရန်ဖြစ်သည်။

နရပတိ အလောင်းစည်သူ ဟူရာ၌ ဘိုးတော် နရပတိ အလောင်းစည်သူကို မယူပဲ အကယ်၍ မြေးတော် နရပတိ အလောင်းစည်သူကို ယူခဲ့ပါမူ ဖေါင်တော်ဦး က စကား သားရွက်တိုင်ကို ဘုရား ၆-ဆူ ထုလုပ် ကိုးကွယ်သောကြောင့် ဖေါင်တော်ဦးစကားတိုင်ဘုရား သို့မဟုတ် အခေါ်အဝေါ်လွယ်ကူစေရန် **ဖေါင်တော်ဦးဘုရား**ဟု ခေါ်ဝေါ် သမုတ်ကြောင်း မှတ်ယူကြရန်ဖြစ်သည်။

မှန်နန်း ရာဇဝင်တော်ကြီး၌ကား နရပတိ အလောင်းစည်သူ မင်းကြီး ညောင်ရွှေပြည်သို့ ရောက်ကြောင်းကိုပင် မဆိုမပြချေ။ သို့ဖြစ်စေကာမူ ဘေးလောင်းတော် အနော်ရထာစော မင်းကြီး ရောက်တော်မူသော နေရာ ဒေသ ဖြစ်ခြင်း၊ ပဒုံမင်း သို့မဟုတ် ဘိုးတော် ဦးဝိုင်းလက်ထက် ပညာရှိ အမတ်ကြီး ဦးပေါ်ဦး ကျောက်ထုံး တတိယတွဲ စာမျက်နှာ ၁၅၅ တွင် ရှင်ဖြူ ရှင်လှ

သမိုင်း၊ ရွှေယင်မြှော် သမိုင်း၊ ၎င်းစာနှစ်စောင်တွင် အလောင်း စည်သူမင်းကြီး ညောင်ရွှေ အင်းအလယ်၌ နန်းတော်ဆောက်၍ ၄-နှစ်စံနေတော်မူသည်ဟုပါယှိခြင်း၊ရွှေအင်းတိမ်ဘုရားကျောက် စာနှင့် အလောင်းစည်သူမင်းကြီး၏ ဘုရားသမိုင်း တို့၌ အမှတ် အသား အထင်အရှားယှိခြင်းတို့ကို ထောက်လျှင် အလောင်းစည် သူ မင်းကြီး ညောင်ရွှေပြည်သို့ ရောက်ကြောင်း အမှန် မှတ်ယူ ရမည်ဖြစ်ကြောင်း။

မည်သို့ဖြစ်စေ ၎င်းဘုရား ရုပ်ပွားတော်မြတ် ၅–ဆူမှာ သန်း တောင်နယ်မြေ တခုသော လိုဏ်ဂူအတွင်းမှ တူးဖေါ်ရယှိသော တန်ခိုးကြီးသောဘုရား ရုပ်ပွားတော်မြတ် ၅-ဆူ အမှန်ဧကန် ဖြစ်ကြောင်းကိုကား ယုံကြည်သော သဒ္ဓါတရား ကောင်းမြတ် သောစိတ်ထားဖြင့် အရေးတယူ အလေးမူ၍ ကြည်ဖြူစွာမှတ် သား ထားကြရမည်ဖြစ်ကြောင်း။

## စဝ်ဖရားလုံးမိုင်း
## (စောက်ဖျားလုံးမိုင်း) ခေါ်ဝေါ်ခြင်း

စော်ဘွားကြီး စိဆိုင်ဖသည် ယင်းသည့် ရုပ်ပွားတော်မြတ် ၅–ဆူတို့ကို မိမိ၏နေပြည်တော် ညောင်ရွှေမြို့သို့ ပင့်ဆောင်သွား ပြီးလျှင် ဟော်နန်းတော်ဦး စံပြာသာဒ်ပေါ်တွင် ပင့်တင်ကိုးကွယ် ထားတော်မူပြီးမှ နှစ်စဉ် သီတင်းကျွတ်လဆန်း (၇)ရက် နေ့သို့ ရောက်သောအခါ ဟော်နန်းတော်ဦးမှ အောက်သို့ ပင့်ယူပြီးလျှင် လှပတင့်တယ်စွာ ဆောက်လုပ်အပ်သော ပြာသာဒ်မဏ္ဍပ်အတွင်း ကောင်းစွာစံထားလျက် ပြည်သူ ပြည်သားတို့၏ အဖူးအမြော် အပူဇော်ခံပွဲသဘင် ဆင်ယင်ကျင်းပတော် မူမြဲ ဖြစ်လေသည်။ ဟော်နန်းတော်ဦးမှ မြို့သို့ ဆင်းကြွတော် မူသည်ကို အစွဲပြု၍ (စောက်ဖျားလုံးမိုင်း)(စဝ်ဖရားလုံးမိုင်း)ဟူ၍ သျှမ်းတို့ဘာသာ ဝေါဟာရ ခေါ်တွင်ကြသဖြင့် မူလဖေါင်တော်ဦးဟူသော အမည် မှာ အခိုက်အတန့်အားဖြင့် ပျောက်ကွယ်သွားခဲ့လေသည်။

## နေရာဌာန ပြောင်းရွှေ့ခြင်း

ညောင်ရွှေမြို့တော်၌ နှစ်ပေါင်း ၂၅၆-နှစ် ကြာမျှသာ ၎င်းပွဲတော်ကျင်းပနိုင်ခဲ့၍ သက္ကရာဇ် ၉၇၇-ခုနှစ်တွင် ညောင်ရွှေမြို့၌ ဘွားစား စိုးစံတော်မူသော စော်ဘွားမ (စောက်နန်းဖ-စဝ်နန်းဟော) လက်ထက်သို့ ရောက်သောအခါ ၎င်းမြို့တော်ပတ်ဝန်းကျင်ယှိ အခြားသော စော်ဘွားမြို့စားတို့က မြို့တော်ကို ထိပါးတိုက်ခိုက် နှောင့်ယှက်ဖန်များသောကြောင့် ဗုဒ္ဓဘာသာ သျှာမ်းမြန်မာတို့ အထွတ်အထိပ်ဖြစ်သော ယင်းသည့် ဖေါင်တော်ဦးရုပ်ပွားတော်မြတ် ၅-ဆူတို့ကို စစ်ဘေးစစ်ဒဏ် ရန်အန္တရာယ်ကင်းရှင်းရာဖြစ်သော ညောင်ရွှေနယ် ရွှေအင်းတိမ် ဘုရားကြီး၏ အရံစောင့် ကျွန်သိးတော် များနေရာ ရပ်ကွက်၌ ကျောင်းတော်ဆောက်လုပ်ပြီးပြေလျှင် ပင့်ယူပို့ဆောင်စေ၍ ကျွန်သိးတော်တို့အား ၁၂-မှု မင်းရေးကိစ္စခပ်သိမ်း လွတ်ငြိမ်းချမ်းသာ ခွင့်ပေး၍ ၎င်းတို့၏ သူကြီးအားလည်း ၎င်းရုပ်ပွားတော်တို့ကို စောင့်ရှောက်ထိန်းသိမ်းရေး ကိစ္စ ဆောင်ရွက်ဖွယ် အဝဝတို့၌ အမိန့်အာဏာများ အပ်နှင်းပေးကမ်းပြီးလျှင် အထူးထိန်းသိမ်း စောင့်ရှောက် စေတော်မူလေသည်။

၎င်းအသည်တော်တို့ နေထိုင်ရာရပ်ကွက်၌ စစ်ဘေးစစ်ဒဏ်ရန်အန္တရာယ် ကင်းရှင်းခြင်းမှာ ဗုဒ္ဓဘာသာလူမျိုးတို့၌ ဘုရားကိုယ်စား ရုပ်ပွားဆင်းတု စေတီပုထိုးတို့ကို ထိန်းသိမ်း စောင့်ရှောက်ရန်ထားသော ကျွန်သိးတော်ခေါ် အသည် တော်များနေထိုင်ရာ ရပ်ကွက်ကို မည်သူမဆို ဝင်ရောက်တိုက်ခိုက် နှောင့်ယှက်ထိပါး ဖျက်ဆီးခြင်းအမှု မပြုမလုပ်ရ ဟူသော ဘာသာတရားအရ ဥပဒေပညတ်ချက် ထားယှိကြသောကြောင့် ၎င်းကိုလိုက်နာသောအားဖြင့် မြို့ပြပြည်ရွာ ပျက်ပြားသောအခါပင် ဖြစ်စေကာမူ ၎င်းရပ်ကွက်၌ ဘုရားသက်နိုးတော်ကိုဖြစ်စေ ဘုန်းကြီး

သက်န်းကိုဖြစ်စေ အောင်လံအဖြစ် စိုက်ထူထားပါက မည်သည့်ရန်သူတဦး တယောက်မျှ ဝင်ရောက်နှောင့်ယှက် တိုက်ခိုက်ဖျက်ဆီးခြင်းအမှု မပြုမလုပ်ဝံ့ရကား ဘာသာထုံးတမ်းဥပဒေ ပညတ်ချက်အရ လွတ်လပ်ချမ်းသာစွာ နေထိုင်ရသောသူများ ဖြစ်သည်အလျောက် ၎င်းတို့ နေထိုင်ရာရပ်ကွက်၌ စစ်ဘေး စစ်ဒဏ် ရန်အန္တရာယ် ကင်းရှင်းခြင်း ဖြစ်သတည်း။

၎င်းရပ်ကွက်ကား ရွှေအင်းတိမ် ဘုရားကြီး၏ အရှေ့ဖက်မြောင်းဆုံရွာ အနောက်တောင် အင်းတိမ်မြို့ဟောင်း တောင်ဖက်ယခု ဆော်မရွာဟု ခေါ်သော ရပ်ကွက်ပင်ဖြစ်သည်။ (ဤကားဟော်နန်းစဉ် မှတ်တမ်း အဆိုအရတည်း)။ ယခု ဆော်မရွာအနောက်ဖက်တွင် (ဖေါင်တော်ဦးရွာ)ဟု ဈေးကယ်သည် အလွန်စည်ကားသော ရွာဖြစ်သည်။ ၎င်းရွာသည်ပင်လျှင် အသည်တော်များနေရာ ရပ်ကွက်ဖြစ်သည်ဟု ယခု လက်ယှိ အသည်တော် လူကြီးများ နှုတ်အမှတ်အသား ထားကြကြောင်းကိုလည်းတနည်း မှတ်သားရပေသည်။ ယခု အခါမူကား အမည်သညာမှုသာရှိ၍ ဥယျာဉ်တော်ဟု ခေါ်ကြသည်။ ၎င်းဖေါင်တော်ဦးရွာတွင် သီတင်းသုံးတော်မူသော အချိန်မှ စ၍ ၎င်းရုပ်ပွားတော်များကို "ဖေါင်တော်ဦးဘုရား"ဟု ရွာအမည်ဖြင့် တင်စား၍ခေါ်ဝေါ်ကြသည်ဟု ယူဆလျှင်လည်း ယုတ္တိတန်သည်ပင်။

## ၆—ဌာနအရပ်သို့ ခရီးဒေသစာရီ ကြွချီတော်မူခြင်း

ထိုဖေါင်တော်ဦး ရုပ်ပွားတော်မြတ်တို့ကို အသည်တော်များက အစဉ်အလာမပျက် ဆက်လက်ကျင်းပလာခဲ့သောမူလပွဲတော်ရက်ဖြစ်သည့် သီတင်းကျွတ်လဆန်း ၇-ရက်နေ့ ညောင်ရွှေမြို့တော်သို့ အရောက် ကြွပ်မ ပင့်ဆောင် ကြရမည်ဟု အာဏာ

ပိုင်တို့ အမိန့် ပညတ် ချက်အရ သီတင်းကျွတ်လဆန်း ၅-ရက်နေ့ ဆော်မရွာ ကျောင်းတော်မှ အောက်သို့ ဆင်းကြွ တည ့ စံထား ပြီးမှ—

(၁) ၆-ရက်နေ့ ဟဲယာရွာမသို့ကြွ တည ့စံ။

(၂) ၇-ရက်နေ့ ညောင်ရွှေ မြို့တော်သို့ကြွ တည ့စံ။

(၃) ၈-ရက်နေ့ နမ့်သဲရွာသို့ကြွ နေ့ဆွမ်းကပ် ပြီးလျှင်-

(၄) နမ့်ပန်ရွာသို့ကြွ တည ့စံ။

(၅) ၉-ရက်နေ့ နောင်တောရွာသို့ကြွ တည ့စံ။

(၆) ၁၀-ရက်နေ့ ရွာကြီးဘန်းပုံသို့ကြွ တည ့စံ ပြီးမှ—

(၇) ၁၁-ရက်နေ့ ဆော်မရွာ ကျောင်းတော်သို့ အရောက် ကြွတော်မူကာ မြို့ရွာ နေလူ ပြည်သူတို့၏ ရိုသေဝပ်လျှိုး ရှိခိုး ကော်ရော်အပူဇော်ခံ ၈-ဌာန ပွဲတော်သဘင်ကို ဆင်ယင် ကျင်းပ ကြရလေသည်။

## ကျောင်းတော်ရာ ရွှေ့ပြောင်းခြင်း

သက္ကရာဇ် ၁၁၃၃-ခု (လွန်ခဲ့သောနှစ်ပေါင်း ၁၇၅) နှစ် လောက်က အင်းတိမ်မြို့ ဆော်မရွာ၌ ဖေါင်တော်ဦး ကျောင်း တော်ကို မီးသင့် လောင်သဖြင့် ရွာကြီးဘန်းပုံ အရပ်တွင်ကျောင်း တော် ဆောက်လုပ်၍ ရုပ်ပွားတော်မြတ် ၅-ဆူကို ပင့်တင် ရွှေ့ ပြောင်းပြီးလျှင် ကြည်ညို့၍ စောင့်ရှောက် ထားကြရလေသည်။ ၎င်း နောက်တဖန် ၁၂၄၃-ခု (လွန်ခဲ့သောနှစ်ပေါင်း ၆၅) နှစ်လောက် က ရွာကြီးဘန်းပုံ ကျောင်းတော်မှ သာလေးတိုက် နမ့်ဟူးရွာ နမ့်ဟူးကျောင်းတော်သို့ ရွှေ့ပြောင်းကြည်ညို့၍ စောင့်ရှောက် ထိန်း သိမ်း ကြရပြန် လေသည်။ (ဤကား ဟော်နန်းစဉ် မှတ်တမ်းအဆို

# ပွဲတော်ကျင်းပရာ ၁၉-ဌာန ခရီးစဉ်ပြ ဇယားအင်းစောက်

| ကြွရက် သီကျွတ် ဆန်း | ကြွထွက်သည့် ဌာန | ကြွထွက်သည့် အချိန် ည, နံနက် နေ့ | နာရီ | မိနစ် | ကြွဝင်သည့် ဌာန | ကြွဝင်သည့်အချိန် ည, နံနက် နေ့ | နာရီ | မိနစ် | သီတင်း သုံးသည့် ကာလ | ဆွမ်း နပ် ရေ |
|---|---|---|---|---|---|---|---|---|---|---|
| ၃ရက် | မူလဂန္ဓကုဋိ တိုက်တော်မှ | နံနက် | ၆ | | ကျောင်းဦး ဖုဒ္ဓေါသနပလ္လင်တော် | နံနက် | ၆ | ၂၀ | တည | ၃ |
| ၄ - | ကျောင်းတော် | နံနက် | ၇ | | အင်းတိမ်မြို့ | နံနက် | ၁၀ | ၁၅ | တည | ၃ |
| ၅ - | အင်းတိမ်မြို့ | ညနေ | ၃ | ၃၀ | ဟဲယာရွာမ | ညနေ | ၅ | ၃၀ | ၂ -ည ★ | ၃ |
| ၇ - | ဟဲယာရွာမ | နံနက် | ၇ | | ညောင်ရွှေမြို့ | နံနက် | ၁၀ | ၃၀ | ၂ -ည ★ | ၄ |
| ၉ - | ညောင်ရွှေမြို့ | နံနက် | ၉ | | နမ့်သဲမုတ်ထုပ် | နံနက် | ၁၀ | | ၃ -နာရီ | ၁ |
| ။ ။ | နမ့်သဲမုတ်ထုပ် | နေ့ | ၁ | | လင်းကင်း | ညနေ | ၃ | ၃၀ | တည | ၁ |
| ၁၀ - | လင်းကင်း | နံနက် | ၇ | | ကြေးစားကုန်း | နံနက် | ၉ | | ၄ -နာရီ | ၁ |
| ။ ။ | ကြေးစားကုန်း | နေ့ | ၁ | | မိုင်းသောက် | ညနေ | ၃ | | တည | ၁ |
| ၁၁ - | မိုင်းသောက် | နံနက် | ၇ | | သလဲဦးအင်း | နံနက် | ၉ | | ၄ -နာရီ | ၁ |
| ။ ။ | သလဲဦးအင်း၊ | နေ့ | ၁ | | ငါးဖယ်ချောင်း | ညနေ | ၃ | | တည | ၁ |
| ၁၂ - | ငါးဖယ်ချောင်း | နံနက် | ၇ | | စရပ်ကြီး | နံနက် | ၈ | | ၁ - | ၁ |
| ။ ။ | စရပ်ကြီး | နံနက် | ၉ | | ဘုရားပေါက် | နံနက် | ၁၀ | | ၅ -နာရီ | ၁ |
| ။ ။ | ဘုရားပေါက် | ညနေ | ၃ | | နမ့်ပန် | ညနေ | ၃ | ၃၀ | တည | ၁ |
| ၁၃ - | နမ့်ပန် | နံနက် | ၈ | | နောင်တော | နံနက် | ၉ | | တည | ၂ |
| ၁၄ - | နောင်တော | နံနက် | ၇ | | မန်ကျည်းဆိပ် | နံနက် | ၁၀ | | ၃ -နာရီ | ၁ |
| ။ ။ | မန်ကျည်းဆိပ် | နေ့ | ၁ | | ကျိုင့်ခမ်း | ညနေ | ၃ | | တည | ၁ |
| ၁၅ - | ကျိုင့်ခမ်း | နံနက် | ၇ | | မိုင်းပျိုး | နံနက် | ၉ | ၃၀ | တည | ၂ |
| လဆုတ် | | | | | | | | | | |
| ၁ - | မိုင်းပျိုး | နံနက် | ၇ | | အင်းပေါခုံ | နံနက် | ၈ | ၃၀ | ၅ နာရီခွဲ | ၁ |
| ။ ။ | အင်းပေါခုံ | နေ့ | ၂ | | ရွာကြီးရေသာ | ညနေ | ၃ | ၃၀ | တည | ၁ |
| ၂ - | ရွာကြီးရေသာ | နံနက် | ၉ | | ကျောင်းတော် | နံနက် | ၁၀ | | တည | ၃ |
| ၃ - | ကျောင်းဦး ဖုဒ္ဓေါသနပလ္လင်တော် | ညဥ့် | ၁၂ | | မူလဂန္ဓကုဋိ တိုက်တော်သို့ | ညဥ့် | ၁၂ | ၂၀ | ၁၂ | |

★ (မှတ်ချက်)။ ရှေးယခင် ဟဲယာရွာမတွင် တညသာလျှင် ကျိန်းစက်တော်မူမြဲဖြစ်သည်၊ သို့သော် ဤကျမ်းပြု ဆရာတော် အစရှိသော အင်းဝဲယာ ဆရာတော် သံဃာတော်များ ဒါယကာ-ဒါယိကာမများ၏ တိုက်တွန်းတောင်းပန်ချက် ညောင်ရွှေစော်ဘွားကြီး၏ သဘောတူညီချက်အရ ၁၃၀၇-၃ နှစ်မှအစပြု၍၊ ဟဲယာရွာတွင် ၂-ည ကျိန်းစက်တော်မူသည်။

အရဖြစ်သည်)။ အသည်တော် လူကြီးများထံ ရုံစမ်း သိယှိရသည် မှာ စစ်မက်အင်္ဂါ များပြားသောကြောင့် စိုးရိမ်မကင်း ယှိသည် အတွက် အင်းတိမ် ဖေါင်တော်ဦးရွာမှ နမ့်ဟူးရွာ နမ့်ဟူးကျောင်း တော်သို့ တိုက်ရိုက် ပြောင်းရွှေ့ လာသည်ဟု ပြောကြ၏။ (ဆင်ခြင်ဖွယ်)

## ၁၉—ဌာနအရပ်သို့ ခရီးဒေသစာရီ ကြွချီတော်မူခြင်း

မူလ ၆–ဌာနအရပ်သို့ ခရီး ဒေသစာရီ ကြွချီတော်မူ၍ (၈) ဌာနပွဲတော်များ ကျင်းပခဲ့သည့်ပြင် နောက်နောက်ဘွားစားတော် မူကြသော ညောင်ရွှေမြို့ စော်ဘွားကြီးများ လက်ထက်တော်များ တွင် အရပ်ရပ် အရွာရွာတို့မှ စေတနာ သဒ္ဓါတရား တိုးပွားထက် သန်လာကြသဖြင့် မိမိတို့ ရပ်ရွာတွင် ဖေါင်တော်ဦး ရုပ်ပွား တော်မြတ်တို့အား ဖူးမြော်ကာ နေ့ဆွမ်း ကပ်ရန်နှင့် ညကျိန်းတော်မူရန် ခွင့် ပန် တင်လျှောက်ကြသည့်အတိုင်း နောက်ထပ် ၁၂-ဌာနအရပ် များသို့ ခွင့်ပြုတော်မူခဲ့လေသည်။

သက္ကရာဇ် ၇၂၁–ခုနှစ်တွင် ညောင်ရွှေ မြို့တော်၌ ပဌမ စတင် ဘွားစား စိုးစံတော် မူသော စော်ဘွားကြီး စီဆိုင်ဖ လက်ထက်တော်မှစ၍ သက္ကရာဇ် ၁၂၈၉–ခုနှစ်တွင် ဘွားစား စိုးစံတော်မူသော သာသန ဒါယကာ မဟာရာဇာ စော်ဘွားကြီး စောရွှေသိုက် (ပြည်ထောင်စု မြန်မာနိုင်ငံတော် ပဌမဆုံး နိုင်ငံ တော် သမတ၊ ယခု လူမျိုးစုလွှတ်တော် နာယကကြီး) လက်ထက် တော်တိုင် နှစ်ပေါင်း ၅၈၇–နှစ်အတွင်း စော်ဘွားပေါင်း သုံး ကျိပ် (၃၀) တို့၏ လက်ထက် တော်များတွင် အဆက်မပြတ် ဖေါင်တော်ဦး ဘုရားပွဲတော်များ ကျင်းပတော် မူခဲ့ကြသည်မှာ ဌာနပေါင်း ၁၉–ဌာန ရက်ပေါင်း ၁၅–ရက်မျှ ဖြစ်လေသည်။


## ရုပ်ပွားတော်မြတ် ၅-ဆူတို့၏ ပုံသဏ္ဍာန်တော်များ

ဖေါင်တော်ဦး ရုပ်ပွားတော်မြတ် ၅-ဆူအနက် မြတ်စွာဘုရားရှင်၏ ဗောဓိပင်နှင့် ရွှေပလ္လင်တွင် ငါးအင်္ဂါရယ်ယုတ် ရန်ခလုတ်ကို ခါးတုတ်မဆောင် အောင်မြင်တော်မူဟန် ပုံသဏ္ဍာန် ထုလုပ်သည့် ဗောဓိရိုး ရုပ်ပွားတော် ၃-ဆူနှင့် ဒိဗ္ဗာသဝ ရဟန္တာ ပုံသဏ္ဍာန်ထုလုပ်သည့် ရဟန္တာ ရုပ်ပွားတော် ၂-ဆူဖြစ်၍ ခါတ်တော်များ သွင်းနှံ့ ဌပနာ ထားသည်ဟု အဆိုရှိလေသည်။

## ရုပ်ပွားတော် ၄-ဆူသာ ဒေသစာရီ ကြွချီတော်မူခြင်း

ယင်းရုပ်ပွားတော် ၅-ဆူအနက် တနင်္ဂနွေထောင့် လက်ျာရံ ရဟန္တာတဆူမှာ ဒေသစာရီ ကြွချီတော်မူရာတွင် လိုက်ပါတော်မမူပဲ ကျန် ၄-ဆူသာ ကြွတော်မူလေသည်။

၎င်းလက်ျာရံ ရဟန္တာတဆူကို ပင့်ယူလိုက်ပါစေ၍ ဒေသစာရီလှည့်လည်သော နှစ်တွင် ညောင်ရွှေမြို့တော်သို့ အကြွ အင်းလယ်သို့ ရောက်သောအခါ လေကြီး မိုးကြီး သည်းထန်စွာ တိုက်ခတ်ရွာသွန်းသဖြင့် ဖေါင်တော် နစ်မြုပ်၍ ရုပ်ပွားတော် ၅-ဆူအနက် ၄-ဆူသာ ဆယ်တင်ပင့်ယူရယ်သည်။ အဆိုပါ ရဟန္တာတဆူမှာ ရှာဖွေဗုံစမ်း၍မရယ်လေသည်။ ကျောင်းတော်ရောက်၍ ဂန္ဓကုဋိတိုက်တော် ဖွင့်သော အခါတွင်မှ ဦးခေါင်းတော်တွင် မှော်များတင်လျက် ဖူးတွေ့ရကြောင်း။ ၎င်းနောက် တဖန် ပင့်ယူလှည့်လည်ပြန်လျှင် အင်းတိမ်သို့ အရောက်တွင် ရှေးနည်းမသွေ မိုးလေသည်းစွာ ရွာသွန်း တိုက်ခတ် လာသဖြင့် ၎င်းရဟန္တာ ရုပ်ပွားတော် တဆူကို ညတွင်းချင်း ကျောင်းတော်သို့ တဖန် ပင့်ပြန် ပို့ဆောင်သော အခါမှပင် မိုးစင် လေကင်း ချမ်းသာခြင်း ဖြစ်ကြရသည်ဟု သက်ကြီးစကား သက်ငယ်ကြား မှတ်သား ပြောဆိုကြကုန်၏။



ကရဝိက်ဖေါင်တော် ပလ္လင်ပေါ်သို့ ပြောင်းရွှေပင့်ဆောင် ကြိုဆိုလာကြသည်ကို အင်းရေပြင်တွင် တွေ့မြင်ရပုံ

## ကျောင်းတော်ထုတ်ပွဲတော်

၁၃၀၆–ခုနှစ်အထိ ခရီးဒေသစာရီ ကြွချီတော် မူသည့် အစီအစဉ်မှာ သီတင်းကျွတ် လဆန်း ၄–ရက်နေ့ နံနက် အရုဏ်ဆွမ်းကပ်မှီ ၅–နာရီလောက်တွင် ဘုရား အသည်တော် လူကြီးများက ညောင်ရွှေနယ် အင်းတိမ် ဆဗ္ဗဒိဝိဇ်ဇ် စိုးရင်ရ သာလေး တိုက် နမ့်ဟူးရွာနမ့်ဟူးကျောင်းတော်အတွင်းယှိ မူလဂန္ဓကုဋိ တိုက်တော်မှ ချပ်ပွားတော်မြတ် ၅-ဆူတို့ကို ပင့်ဆောင်၍ ကျောင်းဦး ဇြေ့ခံပလ္လင်ပေါ်တွင် တနေ့နှင့်တည စံတော်မူလျက် ရွာနီးချုပ်စပ်အရပ်ရပ်မှ လာရောက် ဆွမ်းတော် ပန်းတော် ရေချမ်းတော်နှင့် ပူဇော်ဖွယ် ဆီမီးဖယောင်းတိုင် ရွှေသကၢ်န်း စသည့်တို့ကို ဆက်ကပ် လှူဒါန်းခြင်း ပွဲတော်သဘင်ကို စတင်ကျင်းပကြလေသည်။ ၎င်းကို ကျောင်းတော်ထုတ် ပွဲတော်ဟု ခေါ်ဝေါ်ကြလေသည်။ ၎င်းရက်အတွင်း ၎င်းကျောင်းတော်မှာပင် ကိုင်းခန့် တောင်တို မန်ကျည်းဆိပ် မိုင်းပျိုး အင်းပေါခုံ စသည့်တို့မှ အသည်တော် ဘုရားလူကြီးတို့အား ပေးရန် လက်ဆောင်ပဏ္ဏာများနှင့် တကွ နှစ်စဉ်လာရောက် ဘုရားပင့် လာကြရလေသည်။

## အင်းတိမ်သို့ကြွခြင်း


သီတင်းကျွတ်လဆန်း ၅–ရက်နေ့ နံနက်တွင် ဆိုင်ရာအသည်တော် လူကြီး ဘိုးကြော့က ဘုရားနောက်တော်ပါ လူ ၁၈–ဦးကို ဒိုပ်ရာ ဝတ်အစုံနှင့် ဦးပဲ့ထိပ် ရွှေပိန်းချလှေတော် ဟင်းသပဒါး နီသုတ် လှော်တက် မှန်စီရွှေချ စံကျောင်းပြာသာဒ် တို့ကို အသင့် စီမံပြင်ဆင်၍ အနောက်ဖက် ရေဆန်သို့ လှေဦးလှည့်ကာ ကျောင်းတော်လှေဆိပ်က စောင့်နေပြီးလျှင်အသည်တော် လူကြီး ဘိုးကြော့အမှူးပြု၍ ၎င်းတို့လူပုဂ္ဂိုလ်တိုင်ကြပ်မ၍ ကန့်သတ်ထားသော ၇–နာရီအချိန် ကျရောက်သောအခါ ရွှေဆုံးမှစည်တော်များ ၎င်းနောက် ငွေညောင်ရေအိုးတို့ကို ထမ်းဆောင်၍ ညောင်ရေအိုးကိုင်လူ ကျောင်းတော်လှေကားသို့ ရောက်သည်နှင့် တပြိုင်နက်

ရုပ်ပွားတော် ၄-ဆူကိုပင့်ယူ ထီးဖြူတော် ၂-လက်စီ အုပ်မိုး၍ ပေါက်ပေါက်ပန်းတို့ဖြင့် ပက်ဖျန်းပူဇော် လှေတော် စံပြာသာဒ် အတွင်း လက်ဝဲလက်ျာ သတ်မှတ် သိတင်းသုံးစေ၍ စည်တော်သားများက စည်တော်တီး၍ လှေတော်သားများက လှေတော်ကို အနောက်ဖက်ရေထက်သို့အနည်းငယ် ဆန်တက်လှော်ခတ်ပြီးလျှင် မြောက်သို့ လက်ျာရစ်လှေတော်ကို လှည့်လည်ရသည်။ အသင့် စောင့်နေကြသော ရေနွေးတောင်ခြေ ဆွမ်းတော်ကြီး ဖေါင်နှင့် ဆွဲလှေ၊ အင်းတိမ်ဘက် ကွန်းစည်ကြီး မြောင်းဆုံ နမ့်ဟူးရွာ များမှ ဆွဲလှေ (ဟဲယာ ရွာမမှ ဆွမ်းတော်ကြီးဖေါင်နှင့် ဆွဲလှေ များ) စီစဉ် ဆက်တန်း၍ သာလေး အိုးကုန်းတောင်ဖက် သာ ယာချောင်းမှ ရွာကြီးချောင်းသို့ ကူးပြောင်းလှော်ခတ် ကြိုဆို သွားကြရသည်။

အင်းတိမ်မြို့ဟောင်း တောင်ဖက် ဆော်မရွာ ကျောင်းတော် ဟောင်းနေရာဖြစ်သော ပလ္လင်တော် တည့်တည့်သို့ လှေတော် ရောက်သောအခါ လှေတော်ကို ခေတ္တ ရပ်ဆိုင်း တန့်နားစေပြီးမှ ရုပ်ပွားတော်မြတ်တို့အား ကပ်လှူသည့်လှေတော်တွင် အသင့်ပါ လာသော ပန်းအိုးတလုံးကို ဆက်ကပ်လှူဒါန်းခဲ့ရသည်။ ပြီးမှလှေ တော်ကို ဆက်လက်လှော်ခတ်သွားကြရသည်။ ၁၀-နာရီအချိန် အင်းတိမ်သို့ရောက်သောအခါ ချောင်းတောင်ဖက်ကျောင်းတော် အုဋ်ပလ္လင်ပေါ်တွင် ပင့်တင် စံထား တည၁ကျိန်းဝပ်တော်မူသည်။


မူလအင်းတိမ်မှ ဟဲယာသို့ တိုက်ရိုက် ကြွဆင်းသော်လည်း နမ့်ဟူးသို့ ကျောင်းတော် ရွှေ့ပြီးနောက် အင်းတိမ်သို့ ကြွတက် မူလကျောင်းတော်ဟောင်းတွင် တည၁သိတင်းသုံးရသည်၊ နောက် ၎င်းကျောင်းတော်ဟောင်းပျက်စီးသွားသောအခါ ဈေးအနောက် ဖက် မန်ကျည်းကုန်းသို့ ကျောင်းတော် ရွှေ့ပြောင်းဆောက်လုပ် ၍ ၎င်းသို့ ကြွရသည်။

ချောင်း တောင်ဖက်သို့ ရွှေ့ပြောင်းခြင်း အကြောင်းမှာ— ၁၂၄၇-နှစ်တွင် ညောင်ရွှေမြို့ကို ဘွားစား စိုးစံတော် မူသော



အင်းရေပြင်တွင် မူလလေ့တော်စံကျောင်းတော်နှင့် ဘုရားနောက်ပါ အပြည့်အစုံတို့ကို တွေ့မြင်ရပုံ

နောင်တော်ကြီး စောအုံလက်ထက်က အခါတပါးတွင် ဘုရား နောက်တော်ပါ အသည်တော်များနှင့် အင်းတိမ်မြို့ခံ လူတို့အချင်း ဖြစ်ပွား စကားများကြသဖြင့် အသည်တော်တို့အား ထမင်း မကျွေးဘဲ နေကြရာ နောက်တနှစ် ပွဲတော်အချိန် နီးကပ်သော အခါ အသည်တော်တို့က အင်းတိမ်သို့မကြွဘဲ ဟဲယာသို့ တိုက် ရိုက်ကြွ၍ ဟဲယာတွင် ၂-ညကျိန်းမည် ရည်ရွယ်၍ နောင်တော် ကြီးထံ သွားရောက် အခိန့်ခံရာ နောင်တော်ကြီးက အင်းတိမ်မှာ မူလကျောင်းတော်ရာ ဌာနဖြစ်၍ မကြွလျှင် မဖြစ်၊ ကြွသာကြွ သွား၊ ကုန်ကြစရိတ် ငါကပေးမည် အမိန့်တော် ယို့သောကြောင့် ၎င်းနှစ်တွင် ညနေ ၄-နာရီမှ ဘုရား အင်းတိမ်သို့ ကြွတက်ရ သည်။ သို့ရာတွင် နားတောင်းကျ ကြေးပေါ်ခုံရွာ ကျောင်းဦး ဘုရားတကာတို့က တာဝန်ခံ၍ ကျွေးမွေး ပြုစု ညှော်ခံစောင့်ကြ သည်။ ထိုသည်နှစ်ကစ၍ ကျောင်းတော်ကို ချောင်းတောင်ဖက် သို့ ရွှေ့ပြောင်း ဖြစ်လေသည်။



ကရဝိက် ဖေါင်တော်ကို ဆွဲလာသော ဆွဲလှေ

စကားအလျဉ်းသင့်သဖြင့် အင်းတိမ်မြို့ အကြောင်းကို နောက်လူတို့ မှတ်သားရန် အနည်းငယ် အမြွက်မျှ ဖေါ်ပြဦးအံ့။


လွန်ခဲ့သော နှစ်ပေါင်း ၆၀-ကျော် ၇၀-ခန့်လောက်က ပျဉ်းမနားစစ်ကဲများ အင်းတိမ်မြို့တွင် လာရောက် အုပ်ချုပ် နေစဉ်အခါ လူနေအိမ်ခြေ အလွန်စည်ကား၍ ဈေးနေ့မဟုတ်သော နေ့လပ် နေ့ကြားများတွင်ပင် ဆန်တင်း ၇၀-ကျော်မျှ ကုန်အောင် အရောင်းအဝယ်ဖြစ်သည်။ တံတားကြီး သုံးဆောင်ယှဉ်၍ တံတားအောက်ချောင်းရေသည်လည်း အလွန်ကြည်လင် စိမ်းမြလျက် အနက်ဝါးတဆုံးခန့် ယှိသည်။ ပုပ ၆၀၊ ၇၀-ခန့်စီးရသော လှေကြီး ၃-စင်းပြိုင်ကြသည်။ ပွဲရုံ ဈေးရုံတို့ဖြင့် ကြက်ပျံမကျ စည်ကားသည်။ ယခုဈေးနေ့သည် ထိုစဉ်က နေ့လပ် နေ့ကြား ဈေးမျှလောက်သာ ယှိသည်ဟု သိမှီသူတို့ ပြောပြ၍ မှတ်သားရပေသည်။ ထိုမျှလောက် စည်ကားသော မြို့ပြပြည်ရွာပင်ဖြစ်လင့်ကစား ပျက်ပြားဆုတ်ယုတ်တတ်သော သဘောတရားမျိုး ဖြစ်သောကြောင့် ဘိဝ္ဗနဓမ္မော ဘိဝ္ဗတိ နသဿန ဓမ္မော နသဿတိ-အရ ယခုအခါ ၃-ရွာ ၄-ရွာပေါင်းပါမှ အိမ်ခြေ ၂၀-၂၅-ခန့်သာယှိတော့၍ လူဦးရေလည်း ၇၀၊ ၈၀-ခန့် လောက်သာ ယှိချေတော့သည်။

## ဟဲယာ ရွာမသို့ ကြွခြင်း

သီတင်းကျွတ်လဆန်း ၆-ရက်နေ့သို့ ကျရောက်သော အခါ ဟဲယာ ဂိုဏ်းအုပ်ဆရာတော် အမှူးပြုသည့် ဟဲယာ သံဃာတော်များနှင့်ရွာသမာဓိလူကြီးတို့ကနေ့ဆွမ်းအမှီ အင်းတိမ်သို့ကြွတက်သွားရောက်ကြပြီးလျှင် ညနေ ၂-နာရီ အချိန်တွင် ဘုရားအသည်တော် လူကြီးထံ ပေးရန် ဆုငွေ လက်ဆောင်ပဏ္ဏာ တို့ကို ပေး၍ ဘုရားပင့်ရန် အကြောင်းကြားကြရသည်။

ဇင်းနောက် လှပတင့်တယ် ရှုချင်စဖွယ် ပြုလုပ်ထားသော လက်ဆွဲပြာသာဒ်စီး ကရဝိက်ငှက်ရုပ်ရထားပေါ်သို့ ရုပ်ပွားတော်

ဂံ့ေလၢၣ်ေထခၣ်ဂ ဒီးထၣ်ကျဲ ဖွဲၣ်ဂူမံးၣ်ဃ
ၣ်ကျိဖွဲၣ်ေစီၤ ကိးၣ်ဂြခၢ်လၢခံ ဖွဲၣ်ၣ်ယၢၣ်ေၢ်ယၢ ဒီးယံးေစးယၢ ကိၢ်ေဖိၤေကၢ




မြတ်တို့ကို အစီအစဉ်နှင့် ပင့်တင်ပြီးလျှင် ရံခါ တောင်ဖက်ကမ်း၊ ရံခါ မြောက်ဖက်ကမ်းမှ ဆိုက်ကပ်ထားသော မူလလှေတော်စံပြာသာဒ်ယှိရာသို့ညင်သာဖြည်းညှဉ်းစွာ ဆွဲယူပင့်ဆောင်သွားကြရသည်။

လှေတော်စံပြာသာဒ်သို့ရောက်လျှင် ရုပ်ပွားတော် မြတ်တို့ကို စံပြာသာဒ်တော်အတွင်း ပင့်သွင်း သိတင်းသုံးစေပြီးမှ လှေတော်ကို လက်ျာရစ်လှည့်၍ အသည်တော်တို့ကိုယ်တိုင် လှေတော်ကို ခတ်လှော်ကြသည်၊ ရှေးအခါက အင်းတိမ်ချောင်း၌ သဲသောင် မယှိပကတိ ရေထုအင်အားများပြားသဖြင့် ကြိုဆိုရန် ဆွဲလှေများ အင်းတိမ်အရောက်သွား၍ ကြိုဆိုဆွဲယူကြရသည်၊ ယခုအခါမူကား ၎င်းချောင်း၌ သဲသောင်များ၍ ရေထုအင်အား အလွန်နည်းပါးသောကြောင့် ညောင်သုံးပင်ကျောင်းသို့ ရောက်သောအခါမှ အသင့်ကြိုဆို နေကြသော ဟဲယာ ကျောင်းများမှ အလှည့်ကျသာမဏေများက ဘုရားသှေတော်၌ ကြိုးတပ်၍ အလှည့်မကျသော သာမဏေများက အစဉ်အတိုင်း ရှေ့ကဆက်ကာဆက်ကာ ဆွဲယူလှော်ခတ်ရသည်၊ သာမဏေများရှေ့မှ ရပ်ရွာမှထွက်၍ ကြိုဆိုကြသော ဆွဲလှေများ ၎င်းတို့ရှေ့မှ ဘုန်းကြီးကျောင်းသားများ ဆက်ကာဆက်ကာ ဆွဲယူကြိုဆိုကြရသည်၊ လူဒါယကာများ လှေတွင် တီးမှုတ်မျိုး ဘာသာဘာဝအလျောက် တီးမှုတ်ကြိုဆိုကြသည်။

(လွန်ခဲ့သော အနှစ် ၂၀-ခန့်အထက် ရှေးကာလက ဟဲယာ ၁၀-ကျောင်းမှ တကျောင်းလျှင် ကျောင်းသားဦးရေ ၆၀-မှ ၁၀၀-အထိ ပါဝင်သော လှေတစင်းကျ သူ့ကျောင်းနှင့်သူ အသီးအသီး စီမံပေးကြရသည်၊ ကျောင်းသားများမှာ ကြီးစဉ်ငယ်လိုက် တယောက်လျှင် ဇာပြောက်ခေါင်းပေါင်း ၅-တောင်မှ အတောင် ၂၀-အထိ ခေါင်းပေါင်းပေါင်းကြရသည်၊ လွယ်အိတ်တယောက်တလုံးကျ အင်္ကျီလက်တိုအနက်ဘောင်ဘီခါးတောင်း

ကျိုက် ထိုးကွင်း ၂-ဖက်ပိန်း ခါးပတ်ကြိုး အမြိတ်ချ ဝတ်ဆင်ကြရသည်၊ သီတင်းကျွတ်လဆန်း ၄-ရက်နေ့တွင် အဝတ်ဟောင်းနှင့်ဝတ်၍ ရပ်ရွာအတွင်း လှည့်လည်စမ်းသပ် လှော်ခတ်ကြရသည်၊ ၅-ရက်နေ့တွင် ဌက်ပျောပင် ကြိုပင်နုတ်သွားကြရသည်၊ ၆-ရက်နေ့ နံနက်ပိုင်းတွင် ဝတ်စုံအသစ် ဝတ်ဆင်၍ ရပ်ရွာအတွင်း လှည့်လည်၍ နေ့ဆွမ်းစားပြီးမှ အင်းတိမ်သို့ အကြိုထွက်ကြရသည်၊ ခေါင်းပေါင်းများကို ပွဲကိုင်လူ ၁၀-ယောက်လောက်မှာ ခေါင်းပေါ်တွင် တဝက်ပေါင်း ရေတွင်တဝက် တွဲလျားချ၍ လှော်ခတ်ပြိုင်ဆိုင်ကြသည်၊ ၎င်းခလေ့ထုံးစံကို ဘုန်းကြီးများက မကောင်းဟု ပယ်ဖျက်ကြသဖြင့် ယခုအခါ ထိုခလေ့ထုံးစံမှာ ပျောက်ကွယ်ကင်းပ လုံးဝမယှိသလောက် ဖြစ်လေပြီ။ ထိုစဉ်



ကရဝိက်ဖေါင်တော်ကို ဆွဲလာကြသော ဆွဲလှေတန်းကြီး

အခါက ကျောင်းသားဘဝနှင့် ဘုရားကြို့ဆိုရခြင်းသည် အလွန်ပင် ပျော်ရွှင်ကြလေသည် ဤစကားရကို နောင်လာနောက်သားတို့ မှတ်သားရန်မျှသာ ရည်ရွယ်၍ရေးသားရခြင်း ဖြစ်သည်)။

အင်းတိမ်မြို့ဟောင်း မြောက်ဖက် ခရီးတမိုင်ခွဲခန့် အကွာ ရှေးက သရက်သုံးပင် ယခု တောင်မြေချောင်းဝ ကွန်းစည်ကြီး ကျောင်း တောင်ဖက် စခန်းသို့ရောက်လျှင် လှေတော်ကို ခေတ္တမျှ ရပ်တန့်နားနေပြီးမှ အသည်တော် ၁၉–ယောက်တို့သည် ကုန်းပေါ်သို့တက်ကာ တောင်အရပ်သို့ မျက်နှာမူ၍ မျက်နှာသစ်ခြင်း လက်ဆေးခြင်း စသည်တို့ကို ပြုလုပ်ကြသည်၊ ယခုမူကား အင်းတိမ်လယ်ပြင်အရပ်က ထိုစခန်းတွင် ဩဘာခံမဏ္ဍပ် ဆောက်လုပ် စီမံခင်းကျင်း၍ အသည်တော်လူ အားလုံးတို့ကို ကွမ်းဆေး လဘက် လဘက်ရည်တို့ဖြင့် ဩဘာခံ ကျွေးမွေးခြင်း ဘုရားကြို့ရာ ကြွလာတော် မူကြသော သံဃာတော်တို့အား အပျော်ယမကာ စသည်တို့ကို ဆက်ကပ်လှူဒါန်းခြင်းများလည်း ပြုကြလေသည်။

ထိုမှတဖန် အလွန် စည်ကား ရှည်လျားလှသော လှေတန်း လှေယာဉ် လှေအစည်ကြီးသည် ရွှေကာရွေကာ ကွေ့ကောက်စွာလျှင် ညင်သာဖြည်းညှင်း ရန်ဆင်း ကြို့ဆို သွားကြလေသည်။ အင်းတိမ်ချောင်းသည် အလွန် ကွေ့ကောက်သည် ဖြစ်ရကား၊ ချောင်းမြောင်းအလိုက် လှေအပေါင်း တို့လည်း ကွေ့ကောက်လိုက်ပါ သွားကြရသဖြင့် ကြည့်ရှု ဖူးမြင်ရသူတို့၏ စိတ်နှလုံးကို တနည်းအားဖြင့် ယူကျုံးနှစ်သက် စေခဲ့လေသည်။

ဟဲယာရွာမ အနောက်ဖက် ရွှေဘုံသာ ကျောင်းနှင့် စံရာကျောင်းအနီးသို့ ရောက်သည်က စ၍ ဘုရားကျောင်းတော်အဝင်ဘုရားကြို့ရာ မလိုက်မပါ နိုင်ကြသည့် သက်ကြီးရွယ်ကျ ဇရာဒုဗ္ဗလနှင့် သောကပရိဒေဝ မကင်းသူတို့က လှေငယ် လှေကြီး အသီးသီးတို့ဖြင့် ကြို့ဆီး ဖူးမြင်ကြလေသည်။ ထိုမှတပါး များ

ပြားလှစွာ တကာမကြီးငယ် အသွယ်သွယ်တို့လည်း ဖွယ်ဖွယ် ရာရာ ကြည်သာရေချမ်း ပန်းနှင့်ဒန်ပူ ဆွတ်ဖြူဝါဝွမ်း အရုံပွမ်း သည့် လှူဒါန်းဆက်ကပ်ရန်ပဏ္ဏာကာရ လက်ဆောင်တော်အဝဝ တို့ကို လှပတင့်တယ်စွာပြင်ဆင်၍ အစဉ်အစဉ် ယှဉ်ကာယှဉ်ကာ ညင်သာသိမ်မွေ့ ရှုဖွေ့ရင်ဝိဝိ အညီအညွတ် ပျပ်ဝပ်ကော်ရော် ပူဇော်သမှု ကြိုဆိုခြင်း ပြုကြလေသည်။

## ညစာထမင်း ကျွေးမွေးခြင်း

ဒေသစာရီ ကျောင်းတော်သို့ ရောက်လျှင် ဓမ္မအစဉ် အလာ အရ အသည့်တော်တို့အား ထမင်း ဟင်းနှင့် ကွမ်းဆေးလဘက် တို့ဖြင့် ရွာဆော်တို့က ဧည့်ခံကျွေးမွေးကြရလေသည်။ ကျွေးမွေး ပုံကား......အသည်တော် တကျိပ်ကိုးယောက်တို့အနက် လှေဦးစီး လူ ၆-ယောက်တပွဲ လှေလယ် စည်တီးလူ ၄-ယောက်တပွဲ ထီး တော်မိုး လူ ၄-ယောက်တပွဲ ပဲ့စီးလူ ၅-ယောက် တပွဲအားဖြင့် ထမင်း ၄-ပွဲတွင် နှစ်ဟောင်းထမင်း၊သို့မဟုတ် ရွာထမင်းအနည်း ငယ်ကို အောက်ကထားကာ နှစ်သစ် ထမင်းကို အပေါ်ကဖုံး အုပ်၍ ၎င်းတို့ဝလောက်အောင် တကြိမ်တည်း အပြီးထည့်လျက် ဟင်းတယောက်တခွက်ကျ ပြင်ဆင်ကျွေးမွေးရသည်။ စားသော အခါ မျက်နှာချင်းဆိုင်ထိုင်၍ တည့်တည့်မတ်မတ် သူ့နေရာနှင့် သူ အသာအသာ ယူ၍ ယူ၍ စားရသည်။ ၎င်းတို့စား၍ ရွာ ထမင်းသို့ထိ စားသွားလျှင် ဆန်စပါး ရှားလိမ့်မည်ဟု အယူယှိ ကြ၏။ သို့သော် ထိုသို့ စားသွားသောနှစ် ဟူ၍ မကြားခဲ့ရဘူး သေးချေ။၎င်းညဦးယာမ် ထမင်းတနပ်ကိုသာ ထိုသို့ကျွေးမွေးရ သည်။နံနက်နှင့်အခြားသော အချိန်အခါမှာမူကား အမှတ်အသား မယှိခေတ်ကာလ အလျောက် ကျွေးမွေး နိုင်ခွင့် ယှိလေသည်။ ဤ၌ ရွာထမင်း နှစ်ဟောင်းထမင်းဟူသည်ကား-ရပ်ရွာအချို့ အိမ် များက နှစ်ဟောင်းဆန်နှင့် ချက်၍ ပို့ကြသောထမင်းတည်း။၎င်း ၆-ရက် ညဦးယာမ် ထမင်း ကျွေးမွေးခြင်းကို ခေတ်ကာလ



ညောင်ရွှေမြို့သို့ ပင့်ဆောင်ခါနီး ကြေးစားကုန်းကျောင်းလှေဆိပ်တွင် တောင်ကြီး ညောင်ရွှေတို့မှ ကြို ဆိုရန်လာကြသော ဧည့်သည်ပရိသတ်များကို မော်တော်လှေပေါ်တွင် တစိတ်တဒေသ တွေ့ရပုံ

အလျောက် ရပ်ရွာက ပြုပြင်ပြောင်းလဲ ဘွေးမွေးလို သော်လည်း အသည်တော်တို့က အပြုအပြင် အပြောင်းအလဲ မခံ့ဟု ပြောဆိုကြလေသည်။

ထို့အတူ ဆေးလိပ်တည်ရာ၌လည်း သနပ်ဖက်နှင့် ဆေးပေါ့ဆေးပြင်း ခွဲခြား၍ တောင်းငယ် စောငယ်နှင့်ထည့်၍ တည်ခင်းကျွေးမွေးရ၏။ ၎င်းတို့၏စိတ်ကြိုက် လိပ်၍ သောက်ကြသည်။ ၇–ရက်နံနက် ညောင်ရေသို့ ကြွသောအခါ အသည်တော်လူဦးရေ ၁၉–ဦး စားလောက်အောင် နေ့လယ်စာအတွက် ကောက်ညှင်းထမင်းနှင့် သင့်လျော်ရာဟင်းများကို ထည့်ရန် ခြင်းတောင်း ၁၊ အုပ်ရန်ဖျာ ပြုငယ် ၁-နှင့်တကွ ထည့်ပေးရသည်။

ဟဲသာတွင် မူလဖေါင်တော်ဦး ကျိန်းဝပ်တော်မူသည့် နေရာမှာ ရွာလယ်ရပ် ဘိုးကဲအိမ်ဖြစ်သည်။တနှစ်သောအခါ ၎င်းအိမ်တွင် ဆိုက်ထားသော ဘုရား လှေတော်သည် လေတိုက်ခတ်ရာမျောပါ သွားပြီးလျှင် ယခုကျောင်းတော် တည်ရာတွင် ရပ်သဖြင့် သွားရောက် ငင်ယူကြသော်လည်း မရ။ ဤနေရာတွင် ကျောင်းဆောက်၍ ကိုးကွယ်ပါမည်ဆိုမှ လှေတော် အလွယ်တကူ ငင်ယူနိုင်သည်။ နောက်တနှစ်က စ၍ ယခု ကျောင်းတော် နေရာတွင် ကျောင်းဆောက်လှူဒါန်း ကျိန်းစက်တော် မူသည်ဟု သက်ကြီးစကား သက်ငယ်ကြားအစဉ်အားဖြင့် မှတ်သား ပြောဆိုလာကြလေသည်။၎င်းဘိုးကဲ အိမ်နေရာတွင် ယခုအခါ သမိုင်းစင်ခေါ်နတ်စင်ယှိလေသည်။ ယခုအိမ်တော်ရာဟု ခေါ်သည်။၇-ရက်နေ့နံက် ညောင်ရွှေသို့ ဘုရားကြွသောအခါ ထိုနေရာသို့ ရောက်လျှင် ကျောင်းတော်မှ ပန်းအပြည့်အကျပ် ထိပ်ထည့်၍ အသင့်ယူလာသော ပန်းညောင်ရေအိုးတလုံးကို ရေသို့ ချခဲ့ရလေသည်။


ဟဲယာရွာမသည် ရှေးအခါက လူနေအိမ်ခြေ တထောင်ကျော်ယှိ၍ လူဦးရေမှာလည်းလေးထောင်ကျော် ငါးထောင်ခန့်ယှိသည်

ပွဲလမ်းသဘင်ယှဉ်၍ ရွာလုံးကျွတ် ဘိတ်မန္တက ပြုလျှင် တနပ်စာ ထမင်းဝိသသာချွန် ၁၀၀၀-ကျော်ကုန်သည်ဟု သိမှိသူတို့ ပြော ကြသည်၊ ယခုမူကား လူနေအိမ်ခြေ ၆၀၀-ကျော်မျှ လောက်သာ ယှဉ်၍ လူဦးရေမှာလည်း ၃၀၀၀-ကျော်မျှလောက်သာ ယှိလေ တော့သည်။

## ညောင်ရွှေမြို့တော်သို့ ကြွခြင်း

သီတင်းကျွတ်လဆန်း ၇-ရက်နေ့ နံက်စောစော ညောင်ရွှေ မြို့တော် တောင်ဖက် နန်းသဲတိုက် မုဝ်ထုတ်ကျောင်းဆရာတော် ကြီးမှူးသည့် မြို့မသံဃာတော် အချို့ပါ သတ္တာဟ ဆောင်၍ မြို့ခံ လူကြီးအချို့တို့နှင့်အတူ ဆွဲလှေရံခါ ၂-စင်း၊ ရံခါ ၃-စင်း ၄-စင်း၊ ဟဲယာရွာမသို့ ၆-နာရီလောက်အရောက် လာရောက်ကြိုဆိုကြ သည်၊ ၇-နာရီ ၁၅-မိနစ်အချိန် စေ့လျှင် မူလ လှေတော်စံ ပြာသာဒ်နှင့်ပင် ရုပ်ပွားတော် မြတ်ဘုရားကို ပင့်တင်၍ ဟဲယာ သံဃာတော်မြတ်များက လှေတော်ကို မိန္ဒောကျောင်း မြောက် ဖက်ရောက်အောင် ဖြည်းညှင်းစွာ ဆွဲ၍ လိုက်ပို့ကြပြီးမှ ညောင် ရွှေမှ လာသော ကြိုလှေကြီးနှင့် ပြောင်းလဲ ဆွဲယူ ပင့်ဆောင်သွား ကြလေသည်၊ လွန်ခဲ့သော ၁၆-နှစ်အထက်ကျော် ကာလလောက် က ညောင်ရွှေမြို့မှလာသော ကြိုလှေများသည် ၅-နာရီ ၅-နာရီ ခွဲလောက် အရောက်လာကြပြီးလျှင် ၆-နာရီ ၆-နာရီခွဲလောက် တွင် အလျင် ပင့်ယူကြသောကြောင့် အချို့သူတို့ ဆွမ်းတော်ကပ် ပင် မမှီလိုက်ကျ၍ မကျေမနပ် ဖြစ်ကြရသည်ကို ယခု ဘွားစား စိုးစံလျက်ယှိသော စော်ဘွားကြီးစောရွှေသိုက် သိယှိတော်မူသ ဖြင့် ဘုရားကြွရာ ဌာနပေါင်း ၁၉-ဌာန စလုံး၌ အချိန် နာရီပိုင်း ကန့်သတ်၍ ပေးထားတော်မူရလေသည်။

ညောင်ရွှေမြို့တော်၌ အစဉ်သဖြင့် ဘွားစား စိုးစံတော်မူလာ ခဲ့ကြသော စော်ဘွားကြီးများက ခေတ်ကာလ အသျောက် တတ် မြောက် လိမ္မာကြသည့် မိသုကာ လက်သမားများကို လက်ခ




ညောင်ရွှေမြို့ လှေဆိပ်တွင် ကမ်းလုံးညွတ်မျှ စည်ကားစွာ ကြိုဆိုနေကြပုံ

ကံကျွေးပေး၍ စီမံလုပ်ဆောင်စေသည့် ပြာသာဒ်တင် ကရဝိက် ဖေါင်တော်ဖြင့် အထူးအားဖြင့် ၁၂၅၉-ခုနှစ်တွင် ညောင်ရွှေမြို့တော်ကိုဘွားစားစိုးစံတော်မူသော ယခုစော်ဘွားကြီး၏ဘကြီးတော် ဆာစောမောင် လက်ထက်တွင် ရှေးကပြုလုပ်သော ကရဝိက် ဖေါင်တော်များထက် သာလွန် ခမ်းနား ကြီးမားကျယ်ဝန်း ချီးမွမ်း အံ့ဖွယ် ဆန်းကျယ်မွန်မြတ်အောင် ထပ်မံချဲ့ထွင် ပြုလုပ်စီမံစေ၍ ကနက္ကဒဏ်-ထီးဖြူတော်တို့ဖြင့် ပတ်ဝန်းကျင် ဖြန့်တင် အုပ်မိုးစိုက်ထူ၍ တန်းဆာ ဆင်အပ်သော ကရဝိက် ဖေါင်တော်ဖြင့် ညောင်ရွှေမြို့ ဖေါင်တော်ဆိပ် စခန်းမှ စော်ဘွားကြီး၏ ဆွေတော် မျိုးတော် မှူးမတ် အရာယှိများနှင့် သာသနာရေးဌာန အရာယှိများ လိုက်ပါကြိုတင် သွားရောက် ကြပြီးလျှင် သန်းတောင် ဖေါင်တော်ပေါက်တောင်၏အရှေ့မြောက်ယွန်း ရွှေမြင်ထင်တောင်နှင့် တည့်မတ်သည့် အင်းရေပြင် အနောက်ဖက်ကမ်း စခန်းတွင် ဟဲယာမှ ထွက်ခွာ ဆွဲယူပင့်ဆောင်လာသော ရုပ်ပွားတော် မြတ်စံပြာသာဒ်တင် လှေတော်နှင့် ဆုံစီးယှဉ်ကပ်ပြီးလျှင် သီးခြား လှေတော်နှင့် အကြို ထွက်တော် မူလာသော စော်ဘွား ကြီး ကိုယ်တိုင် မူလလှေတော်စံ ပြာသာဒ်အတွင်းမှ ကရဝိက် ဖေါင်တော်ပြာသာဒ် အတွင်းသို့ ရွှေပလ္လင် ပေါ်သို့ ရုပ်ပွားတော်မြတ်တို့ကိုရှိသေစွာ ပင့်တင်စံထားတော်မူလျက် ဆွမ်းတော် ပန်းတော် ရေကြည်တော်တို့ဖြင့် ပူဇော်ကပ်လှူကြည်ညိုသဒ္ဓါ ရှိသေစွာ ရှိခိုး မြတ်နိုးကော်ရော် ပြုတော်မူကာ ဖေါင်တော်နှင့် အတူ လိုက်ပါတော်မူလေသည်။ စော်ဘွားကြီးများကိုယ်တိုင် အကြောင်းမညီညွှတ်၍ ဘုရားကြိုထွက်တော်မမူနိုင်လျှင် ဂိုဏ်းအုပ် ဆရာတော် (သို့မဟုတ်)ထေရ်ကြီးဝါကြီး ပုဂ္ဂိုလ်များနှင့် ဆွေတော်မျိုးတော် မှူးမတ် အရာယှိ သာသနာရေးဌာန အရာယှိများ လိုက်ပါသွားရောက် ကြိုဆိုကြရသည်။


အင်းလယ်သို့ ဘုရားကြိုသွားရာ လိုက်ပါလိုသော အထက်တန်းစား အစိုးရအရာရှိများနှင့် ဥရောပ တိုက်သားတို့အတွက်

စီးနင်းရန်လှေကို ဥပဒေရုံးတော် အရာယှိများနှင့် အင်းတိမ်ရုံးတော်အရာယှိများက စီမံပေးကြသည်။ စာရင်းမရသော ဒွေ့သည်များမှာ ဖေါင်တော်ဆိပ် စခန်းမှ ကတ္တိုလှေဖြင့် အဖိုးအခပေး၍ အလိုအလျောက် အမြောက် အမြား သွားရောက်ကြိုဆိုကြည်ညိုကြလေသည်။

မူလ ဖေါင်တော်နှင့် ကရဝိတ် ဖေါင်တော် စသည်တို့ကို (တီးမျိုး မှုတ်မျိုးတို့ဖြင့် ညိုးညိုးညံ့ညံ့ အသံမစဲ ချီးဝဲတီးမှုတ်ကြသော ဆွဲလှေပေါင်း များစွာတို့ဖြင့် ဆွဲယူ ပင့်ဆောင်သွားကြ၍ နန်းသဲ ပြင်သာကျောင်း အနီး အနောက် တောင်ယွန်း ချောင်းအရှေ့ဖက် ဈေးမြို့ဟောင်းဖြစ်သော ပန်းဖယ်မြို့ရာ နတ်ကွန်းနတ်လမ်းနှင့် ဖြောင့်တန်း တည့်မတ်သောနေရာ စည်သာရွာ ရှေ့ကဈေးအခါ ရေမဲ့ပင် ယခု ညောင်ပင်သို့ ရောက်လျှင် ပန်းညောင်ရေအိုး တလုံးကို ရေတွင်ချထားခဲ့ရသည်။



နန်းသဲရွာ မုတ်ထုတ်ကျောင်းသို့ ဘုရားဖေါင်တော် ဆိုက်ကပ်စဉ်



ညောင်ရွှေမြို့ ဖေါင်တော်ဆိပ်သို့ ဖေါင်တော် ဆိုက်ရောက်ခါနီး တွေ့ရပုံ

ညောင်ရွှေမြို့တော် ဖောင်တော်ဆိပ်စခမ်းသို့ နံနက် ၁၀-နာရီ ခွဲခန့်လောက် ဖောင်တော် ဆိုက်ကပ် ဝင်ရောက်လာသောအခါ တွင် ကမ်းပါးညွှတ်မျှ ပြည့်ကြပ်စည်ကားလျက်ယှဉ်သော လူမျိုးရုံ ပရိသတ်လူထုကြီးသည် လူထုကြီးသည် များစွာ ရွှင်လန်းဝမ်း မြောက် ကြည်နူးကြလျက် ကွန့်မြူးသဒ္ဒါ လျှမ်းလျှမ်း ဖြာလျက် ဦးညွှတ်ကာ ညွှတ်ကာ ဖူးမြင်ကြိုဆိုကြ၏။


ကရဝိက်ဖောင်တော်မှ လှပဆန်းကြယ် ရှုချင်ဖွယ်ရာတင့်တယ် စွာ စီမံပြုလုပ်အပ်သော ပြာသာဒ်တင် လက်ဆွဲ ရထားပေါ် သို့ ရုပ်ပွားတော်မြတ်တို့ကို ပင့်ဆောင် စံထားပြီးသော် သီးမြူတော် အုပ်မိုးပူဇော်၍ စော်ဘွားကြီး၏လမ်းပန်းတန်တားဆိုင်ရာ အရာ ယှိဘ်ိုက ကြည့်ရှုကြပ်မ၍ ပြုပြင်ထား အပ်သော လမ်းများတွင် မြို့သူမြို့သားများ၏ စေတနာ သဒ္ဓါတရားအလျောက် စီမံဆောက် လုပ်အပ်သော တန်ဆောင်း ပြာသာဒ်နှင့် တံခွန်ကုက္ကား မုလေး ပွား ကြက်လျှာ ရာဇမှတ်ကာ ငှက်ပျောပင် ကြံပင်စိုက်ထူ ပန်း မွှေးရာခင်းကာ နတ်လမ်းတမျှ ပြုလုပ်ကြ၍ ရပ်ကွက်ဌာန အသီး သီးတို့မှ သာသနာရေးဌာန ရုံးတော်သို့ စာရင်း ချမှတ်ပေးထား သော လမ်းများ အတိုင်း မြို့ကို လှည့်၍ ဟော်နန်းတော် ဦးသို့ ပင့်ဆောင် သွားကြရသည်။ သာသန ဒါယကာ မဟာရာဇာ စော်ဘွားကြီးနှင့် မဟာဒေဝီ သခင်မများ အမှူးပြု၍ ဟော်နန်း တော်သူ ဟော်နန်းတော်သားများက ဆွမ်းပန်းဆီမီး ရွှေသက်နှီး စသည်တို့ကိုဆက်ကပ်၍လှူဒါန်းပူဇော်ချိငေါ်ဝပ်ပျိုးရှိခိုးဖူးမြော် ကြပြီးမှ နာရီပြန် ၁-ချက်အချိန်တွင် မူလပင့်လာရင်း ရထားဖြင့် ရုပ်ပွားတော်မြတ်တို့ကို ပင့်ဆောင်ကာ မြို့ကိုလှည့်၍ အဋ္ဌဒိသာ ဒေသစာရီ ကျောင်းတော်၌ ပြည်သူတို့ အဖူးအမြော် အပူဇော်ကို ခံယူတော်မူရန် ၂-ည ၃-ရက် စံတော်မူသည်။

သက္ကရာဇ် ၁၂၅၄-ခုနှစ် မတိုင်မီ ဈေးစော်ဘွားကြီးများ လက်ထက်တော်၌ကား ၁-ည ၂-ရက်စံ၍ ပွဲခံတော် မူခဲ့ရာမှ

သက္ကရာဇ် ၁၂၄၇-ခုနှစ်တွင် ဘွားစားတော်မူသော နောင်တော်ကြီး စောအုံလက်ထက်တော် သက္ကရာဇ် ၁၂၅၄-ခုနှစ်တွင်မှ ညောင်ရွှေမြို့တော်၌ ၂-ည ၃-ရက် စံ၍ ပွဲခံတော်မူရာ ယခုအခါ ၅၄-နှစ်မျှ ကြာမြင့်ခဲ့လေပြီ။ ၎င်းပွဲတော် ကျင်းပသည့် ၇-ရက် ၈-ရက် ၉-ရက်နေ့များတွင် ရပ်ပွားတော်မြတ်၏တန်ခိုးတေဇော် အာနုဘော်တော်ကြောင့် မဘိတ်မခေါ်ရဘဲ အဝေးမြို့ရွာနယ်ပယ်တို့မှ အလိုအလျောက် ဘုရားဖူး လာရောက်ကြသည်မှာ တရုပ်ကုလား ယိုးဒယား-သဲ-ယွန်း-သျှမ်း-ကုံ-တောင်သူ- တောင်ရိုးကရင် ကချင်-ချင်း-ပလောင်-ပဒေါင်း-ခနူ-မြန်မာ မွန်တလိုင်း ရခိုင်စသော လူမျိုးများအပြင် အထက်တန်းစား အရာယှိများနှင့် ဥရောပတိုက်သားတို့ကလည်း နောင်တော်ကြီး စောအုံ လက်ထက်မှစ၍ ဤပွဲတော်သို့ လာရောက်ကြည့်ရှု ကြည်ညိုရန် သီးခြားဘိတ်မန္တက ပြုချက်အရ လာရောက်ကြည့်ရှု ကြည်ညိုကြသည်၊ ၎င်းတို့အား စော်ဘွားကြီးများ၏ ကိုယ်စားလည်တော် ညီတော်တူတော် သားတော်များ၊ သို့မဟုတ် မှူးမတ် အရာယှိများက ဧည့်ဝတ် ကျေပွန်အောင် ဧည့်ခံကျွေးမွေး ကြပ်မပြုဂုကြရလေသည်။

၎င်းပွဲတော်တွင် ရှေးရှေး စော်ဘွားကြီးများ လက်ထက်ကစ၍ ခေတ်ကာလအလျောက် မြေမိုင်း လူဇာတ်-ရုပ်သေး ဇာတ်ရုံသွင်းလူဇာတ် - အငြိမ့် - ပြဇာတ်စသည်တို့ကို ထည့်သွင်းပြသသည့်ပြင် လောင်းတမ်း ကစားပွဲများကိုလည်း စီမံအုပ်ချုပ်ခြင်း တရားဥပဒေနှင့်မဆန့်ကျင်ရအောင်စည်းကမ်းထား၍ထည့်သွင်းကျင်းပစေခဲ့လေသည်၊ လောင်းတမ်း ကစားခြင်းဆိုင်ရာ အခွန်တော်များကို ဘုရားပွဲတော်အတွက် အဆောက်အဦ ပြုလုပ်ခြင်းနှင့် လှူဒါန်းပေးကမ်းစွန့်ကြဲခြင်းများတွင် သုံးစွဲတော်မူသည်။

ဘုရားနောက်တော်ပါ အသည်တော် ၁၈-ဦး အပြင် ၎င်းတို့ဆိုင်ရာ သူကြီး-ဘိုးကြော့နှင့် နောက်ပါလူ ၁၅-ဦး ပေါင်း ၃၅-ဦးတို့ကို ၎င်းတို့တည်းခိုရန်နေရာတွင် စီမံချထားပြီးမှ အခွန်



ညောင်ရွှေမြို့ ဖေါင်တော်ဆိပ်သို့ ကပ်ခါနီး တွေ့မြင်ရပုံ

တော်အမတ်ကြီးက တာဝန်ယူ၍ ကွမ်းဆေး လဘက် ထမင်းဟင်းတို့ဖြင့် ဧည့်ခံကျွေးမွေးရသည်။

## နန်းသဲရွာသို့ ကြွခြင်း

သီတင်းကျွတ်လဆန်း ၉-ရက်နေ့ နံနက် ၉-နာရီ အချိန်တွင် အဋ္ဌဒိသာ ဒေသစာရီကျောင်းတော်မှ မူလပင့်ရင်း အစီအစဉ်အတိုင်း မြို့မတောင်အရပ်သို့ လှည့်လည်၍ ဖေါင်တော်ပြန်စခန်းသို့ ပင့်ဆောင်ကြွဆင်းပြီးလျှင် ကရဝိက်ဖေါင်တော်နှင့်ပင် ခေးဝယ်လူမျိုးတို့၏ အမွှန်အစ ပဌမဆုံးနေရာဖြစ်သော နန်းသဲရွာ မုတ်ထုတ်ကျောင်းသို့ပင့်၍ နေ့ဆွမ်းကပ်လှူ ပူဇော်ကြလေသည်။

ဤကမှစ၍ ကျောင်းတော်ရောက်သည် ဘိုင်အောင် ကရဝိက်ဖေါင်တော်နှင့်ချည်းသာ ကြွတော်မူသည်၊ မူလ လှေတော်နှင့် စံပြာသာဒ်မှာ အသည်တော်များ စီးနင်းလိုက်ပါကြရသည်။

## လင်းကင်းသို့ ကြွခြင်း

ၰင်းနေ့ နာရီပြန် ၁-ချက်အချိန်တွင် နန်းသဲမုတ်ထုတ်ကျောင်းမှ ကရဝိက်ဖေါင်တော်ဖြင့်ပင် မူလ ကြွလာတော်မူရင်း ချောင်းမြောင်းအတိုင်း လင်းကင်းရွာ လင်းကင်းကျောင်းသို့ ကြွရောက်ပြီးလျှင် ၁-ည သီတင်းသုံးစံတော်မူသည်။ ညဦးယာမ်တွင် ရေချမ်းပန်းမာလ် ဆွမ်းသက်န်းတို့ဖြင့် ကပ်လှူပူဇော်ကြသည်။

ၰင်းလင်းကင်းကျောင်းမှာ ညောင်ရွှေပြည်နယ် ၄-ရပ်ဆိုင်ရာ သံဃာရာဇာ သျှာမ်းရိုးမ ဂဏာသမူဟ အဖွဲ့ကြီး၏ မဟာဩဝါဒါစရိယ ယခုသက်တော်-၈၀ ဝါတော် ၆၀-ခန့် ယိုတော်မူသော ဆရာတော် ဘုရားကြီး ကိုယ်တော်တိုင် ကြပ်မ စီမံဆောက်လုပ်တော်မူသော ကျောင်းပင်ဖြစ်သည်။ ၰင်းကျောင်းတော် တိုင်များမှာ ရပ်စောက်နယ် သစ်တောမှ ဆရာတော်ဘုရားကြီး၏ ဘုန်းတန်ခိုးတော်နှင့် ရသောတိုင်များဖြစ်သည်။ ၰင်း ကျောင်း


မျိုးနှင့် ၎င်းတိုင်မျိုးမှာ ယခုလည်း မရှိသေး၊ နောင်အခါလည်း ယှဉ်နိုင်ဖွယ်ရာ အကြောင်းမမြင်သဖြင့် နောက်လူတို့ သိမှတ်ရန် ရည်သန်ဖေါ်ပြခြင်းဖြစ်သည်။

## ကြေးစားကုန်းသို့ ကြွခြင်း

သီတင်းကျွတ်လဆန်း ၁၀-ရက်နေ့ လင်းကင်း၌ နံက်ဆွမ်း ကပ်ပြီးသောအခါ ၇-နာရီအချိန်တွင် ကရဝိက် ဖေါင်တော်နှင့် ပင် လင်းကင်းမှ ကြေးစားကုန်းသို့ ပင့်ဆောင် သွားကြပြီးလျှင် ကြေးစားကုန်းကျောင်း၌ နေ့ဆွမ်းကပ်လှူ ပူဇော်ကြသည်။

## မိုင်းသောက်သို့ ကြွခြင်း


၎င်းနေ့ နာရီပြန် ၁-ချက်အချိန်တွင် ကြေးစားကုန်းမှ ကရဝိက်ဖေါင်တော်ဖြင့် မိုင်းသောက်သို့ ပင့်ဆောင် သွားကြပြီးလျှင်



ဖေါင်တော်ဦး ရုပ်ပွားတော်များကို ညောင်ရွှေ ဟော်နန်းသို့ပင့်လာပုံ



ကြေးစားကုန်းကျောင်း လှေဆိပ်တွင် ကြိုဆိုပင့်ဆောင်ရန် ဆွဲလှေများ စီစဉ် နေရာ ယူနေကြပုံ



ကြေးစားကုန်းကျောင်းတော် ခေတ်မီးရောင်အောက်တွင် ဆွမ်း ပန်း ဆီမီးတို့ဖြင့် ပူဇော်နေကြပုံ

ဝါဆိုကျောင်း ဆရာတော် ကြွပ်မ တည်လုပ်အပ်သော ကျောက်တိုင်ခံ အုဋ္ဌဂန္ဓကုဋိတိုက်ကျောင်းတော်တွင် ၁-ညစံထားတော်မူ၍ ပန်းမာလ် ဆီ မီး ရေချမ်း ရွှေသက်န်းများ ကပ်လှူပူဇော်ကြသည်။

## သလဲဦးသို့ ကြွခြင်း

သီတင်းကျွတ် လဆန်း ၁၁-ရက်နေ့ မိုင်းသောက်မှ နံက်ဆွမ်းကပ်လှူပြီးသောအခါ ၇-နာရီအချိန်တွင် ကရဝိက် ဖောင်တော်ဖြင့် သလဲဦး အင်းကျောင်းသို့ ပင့်ဆောင် သွားကြပြီးလျှင် ပန်းမာလ် ဆီ မီး စသည်တို့နှင့်တကွ နေ့ဆွမ်းကပ်လှူကြရသည်။

## ငါးဖယ်ချောင်းသို့ ကြွခြင်း

၎င်းနေ့ နာရီပြန် ၁-ချက် အချိန်တွင် သလဲဦးမှ ငါးဖယ်ချောင်းသို့ ပင့်ဆောင်ပြီးလျှင် ငါးဖယ်ချောင်း ကျောင်းပေါ်တွင် ၁-ညစံထားတော်မူ၍ အရပ်ရပ် အရွာရွာမှ ညဉ့်ဦးယာမ်အဖို့တွင် ပန်း မာလ် ဆီမီး ရေချမ်း ရွှေသက်န်းတို့ဖြင့် လှူဒါန်းဆက်ကပ်ကြကုန်၏။

## စရပ်ကြီး ဘုရားပေါက် နန်းပန်သို့ ကြွခြင်း

သီတင်းကျွတ်လဆန်း ၁၂-ရက်နေ့ ငါးဖယ်ချောင်းကျောင်း၌ နံက် ဆွမ်းကပ်ပြီးသော အခါ နံက် ၇-နာရီ အချိန် စရပ်ကြီးကျောင်းသို့ပင့်ဆောင်၍ မွန်းလတ် ကြားဆွမ်းကပ်လှူသည်။၎င်းမှ ဘုရားပေါက်တောင်ကျောင်းသို့ ပင့်ဆောင်ကာ နေ့ဆွမ်းကပ်လှူပူဇော်ကြသည်။ ၎င်းဘုရားပေါက်စခန်းတွင် မူလ လှေတော်ကို အသည် တော်တို့က တရော် ကင်းပွန်းတို့ဖြင့် သုတ်သင် ဆေးကျောကြရသည်။ ဘုရားပေါက်မှ ညနေ ၃-နာရီအချိန် နန်းပန်ရွာဒေသစာရီ ကျောင်းတော်သို့ ပင့်ဆောင်၍ ၁-ညစံတော်မူသည်။

ဤစခန်းတွင် နောက်တော်ပါ အသည်တော်လူ ၁၈-ဦးတို့သည် လူသစ် လဲလှယ်လိုက လဲလှယ်ကြရလေသည်။


## နောင်တောသို့ ကြွခြင်း

သီတင်းကျွတ် လဆန်း ၁၃-ရက်နေ့ နန်းပန်း၌ နံက်ဆွမ်း ကပ်လှူပြီးသောအခါ ၈-နာရီအချိန် နောင်တောသို့ ပင့်ဆောင်၍ နေ့ဆွမ်းကပ် တည်းစံတော်မူသည်။

ဤအတိုင်း မူလကပင် ကြွရိုးကြွစဉ် ဖြစ်သော်လည်း တရံရောအခါ အင်းပေါခုံရွာက နေ့ဆွမ်းကပ်ရန် တောင်းခံကြသဖြင့် သက္ကရာဇ် ၁၂၅၁-ခုနှစ် အထိ နန်းပန်မှ အင်းပေါခုံသို့ နေ့ဆွမ်းမှီကြွ၊ ၎င်းကမှ နောင်တောသို့ကြွ၊ ညကျိန်းတော် မူရသည်။ ၁၂၅၂-ခုနှစ်မှစ၍ ယခုတိုင် နန်းပန်မှ နောင်တောသို့ ရှေးက အတိုင်း နေ့ဆွမ်းမှီ ပင့်ဆောင်ကြပြန်သည်။ အင်ပေါခုံကလည်း ၎င်းနှစ်ကစ၍ မိုင်းပျိုးမှ ရေသာသို့ကြွသည့်နေ့တွင် နေ့ဆွမ်းကပ်လှူရပြန်သည်ဟု မိုင်းပျိုးဂိုဏ်းထောက် ဆရာတော်ဘုရားကြီး မိန့်တော်မူ၍ မှတ်သားပါသည်။ ဤနောင်တောစခန်းတွင် ရုပ်ပွားတော်မြတ်တို့အား ကပ်လှူသည့် ရုပ်ပွားတော် ပန်းတောင်းများကို အသည်တော်တို့က သုတ်သင်ရှင်းလင်းကြရသည်။

## မန်ကျည်းဆိပ်နှင့် ကျိုင်းခန်းသို့ ကြွခြင်း

၎င်းလဆန်း ၁၄-ရက်နေ့ နောင်တော၌ နံက်ဆွမ်းကပ်လှူပြီးသောအခါ ၇-နာရီအချိန် တောင်တို မန်ကျည်းဆိပ်သို့ပင့်ဆောင်၍ နေ့ဆွမ်းကပ်လှူကြသည်။ ၎င်းနေ့နာရီပြန် ၁-ချက်အချိန် မန်ကျည်းဆိပ်မှ ကျိုင်းခန်းရွာ ဒေသစာရီကျောင်းတော်သို့ ပင့်ဆောင်၍ တည်းစံတော်မူကာ ရွှေသကၤန်း ပန်း မာလ်ဆီးမီးတို့ဖြင့် ဆက်ကပ်လှူဒါန်းကြသည်။ သက္ကရာဇ် ၁၂၃၈-ခုနှစ်ကစ၍ ကျိုင်းခန်းရွာက ပင့်ဆောင်ခြင်းဖြစ်သည်။



ကြေးစားကုန်းကျောင်းမှ အင်းရေပြင်သို့ ပင့်ဆောင် ကြိုဆိုလာပုံ

## မိုင်းပျိုးသို့ ကြွခြင်း

သီတင်းကျွတ် လပြည့်နေ့ ကျိုင်းခန်း၌ နံက် အရုဏ်ဆွမ်း ကပ်လှူပြီးသောအခါ နံက် ၇-နာရီအချိန် မိုင်းပျိုးရွာ ပဌမ ကျောင်းသို့ နေ့ဆွမ်းမှီ ပင့်ဆောင်၍ တည စံတော်မူသည်။

မိုင်းပျိုးမှ နံက်စောစော ၃-နာရီလောက်ကပင် ဆွမ်းတော် ကြီးလှေဖေါင်နှင့်တကွဂိုဏ်းထောက် ဆရာတော်ဘုရားကြီး ကြပ် မကြီးမှူး၍ လှေကြီး လှေငယ် အသွယ်သွယ်တို့ဖြင့် တင့်တယ်ခမ်း နားစွာ ပြင်ဆင်၍ လှေပေါင်း များစွာ ကျိုင်းခန်းသို့ သွားရောက် ကြိုဆိုကြသည်၊ ရေဆန်လည်းဖြစ်ပြန် ကြီးမားသော ဆွမ်းတော် ကြီးဖေါင်နှင့်ကရဝိက်ဖေါင်အားဖြင့် ဖေါင်လည်း ၂-ဖေါင်ဖြစ်ပြန် ခရီးဝေးလည်းဖြစ်ပြန်ရကား သာမန်လူအား လှေအားနှင့်မိုင်းပျိုး သို့ နေ့ဆွမ်းမှီပင့်နိုင်ရန် ခဲယဉ်းလှ၏။

မိုင်းပျိုးစခန်းတွင် သီတင်းကျွတ် လပြည့်နေ့နှင့် ကြုံကြိုက် သောကြောင့်တကြောင်းဂိုဏ်းအသီးသီးမှ ကျောင်းပေါင်းသံဃာ ပေါင်းများစွာတို့ကိုလည်းပင့်ဘိတ်၍ဆွမ်းခဲဘွယ်ဘောဇဉ်တို့ဖြင့် နှစ်စဉ်မပြတ် ကျွေးမွေးသောကြောင့်တကြောင်း တာဝတိံသာ နတ်ပြည်မှ သက်သာ နဂိုရ်ပြည်သို့ ငါတို့မြတ်စွာဘုရား ကြွဆင်း တော်မူသော ဗုဒ္ဓဘာသာလူမျိုး အားလုံးတို့၏ သာသနာရေး အထိမ်းအမှတ် ပွဲတော်ရက် ဖြစ်သည်လည်း တကြောင်းတို့ ကြောင့် အလွန်ပင် စည်ကားလှပေသည်။

သက္ကရာဇ် ၁၂၃၉-ခုနှစ်မှ ၄၁-ခုနှစ်ထိ ကျိုင်းခန်းမှ ရွာ ကြီးရေသာသို့ မိုင်းပျိုးစခန်းတွင် နေ့ဆွမ်းကပ်သည်။ ၄၁-ခုနှစ် တွင် မိုင်းပျိုး၌ ညကျိန်းရန်စီမံကြသော်လည်း ထိုစဉ်အခါက အင်း တိမ်ဂိုဏ်းထောက် သာလေးတောင်ကျောင်း ဘုန်းကြီး ဦးယံက အစဉ်အလာထုံးတမ်းမယိုဖျက်ပါ မိန့်ကာ ဇတင်း အဓမ္မ ပင့်ယူသွား သောကြောင့် စီမံကိန်း ပျက်လေသည်။ ၄၂-ခုနှစ် ရောက်မှ စေ့စပ် သေချာစွာ စီမံတော် မူကြသဖြင့် ညကျိန်းဖြစ်သည်ဟု မိုင်းးပျိုဆရာတော် ဘုရားကြီး အမိန့်ယို၍ မှတ်သားရပေသည်။



ပထမနိုင်ငံတော်သမတညောင်ရွှေစော်ဘွားကြီး ဖေါင်တော်ဦး ရုပ်ပွားတော်မြတ်တဆူကို ပင့်ဆောင်လာပုံ

မိုင်းပျိုးတွင်ပန်း ရေချမ်း ဆီမီး နှင့် အင်ဂျင် ဓာတ်မီး ဆွမ်း ခဲဖွယ် ရွှေ သကန်း တို့ ဖြင့် ကောင်းစွာ ဆက် ကပ် လှူဒါန်း ပူ ဇော်၍ ဓာတ် ပွဲ- အငြိမ့် ပွဲ စသည် တို့ဖြင့် လည်း ပြ သဉ္ဇော်ခဲ့ ကြလေ သည်။

**အင်းပေါခုံသို့ ကြွခြင်း**

သီတင်းကျွတ်လ ပြည့်ကျော် ၁ ရက် နေ့ မိုင်းပျိုး တွင် နံက် အရုဏ် ဆွမ်း ကပ်လှူပြီး သောအခါ နံက် ၇-နာရီအချိန်တွင် မိုင်း ပျိုးမှ အင်း ပေါခုံသို့ ကြွ ၈-နာရီခွဲ ရောက်၊ နေ့ဆွမ်း ကပ်လှူ ပူဇော်၍ ရွာပရွေ သီးခြား ရွေများကို အပြားခတ်၍ ကပ်လှူ ပူဇော်ကြ၏။

## ရွာကြီးရေသာသို့ကြွခြင်း

ဤင်းနေ့ နာရီပြန် ၂-ချက်အချိန်တွင် အင်းပေါခုံမှ ရွာကြီးရေ သာသို့ ချောင်းမြောင်းကျဉ်းကျပ်သဖြင့် ကရဝိက် ဖေါင်တော်နှင့်

မဟာတ်ပဲ မူလ လှေတော်စံပြာသာဒ်နှင့်ပင် ပင့်ဆောင်၍ ကရဝိက် ဖေါင်တော်ကို ချောင်းမက ယူဆောင်ခဲ့ရ လေသည်။ သို့သော် ၁၂၀၇-ခုနှစ်တွင်မူကား လယ်ရှင်များ၏ စေတနာ့ဖွံ့ဖြိုးသဒ္ဒါတိုး ခြင်းနှင့် အချုပ်သံဃာတော်များ၏ စိမံ ဆောင်ရွက်တော် မူချက် အရ လယ်ကန်သင်းရိုးများကို ကျယ်ဝန်းစွာ ဖေါက်လုပ်၍ ကရ ဝိက်ဖေါင်တော်ဖြင့် ပင့်ဆောင်တော် မူခဲ့လေသည်။ ရောက်လျှင် ရေသာကျော်တွင် ပန်းမာလ် ရေချမ်း ဆွမ်းခဲဖွယ် ရွှေသက်နိုး စသည်တို့ကို အပူဇော်ခံ၍ တည စံတော်မူသည်။

## ကျောင်းတော်ဝင် ပွဲတော်

သီတင်းကျွတ် လပြည့်ကျော် ၂-ရက်နေ့ ရေသာကျောင်း တွင် နံက်ဆွမ်း ကပ်ပြီးသောအခါ နံက် ၉—နာရီအချိန် ရေသာ ကျောင်းမှ လယ်ခြေရွာ လယ်ခြေကျောင်း တောင်ဖက် လယ် ကျင်းကို ဖြတ်ကျော်၍ကရဝိက်ဖေါင်တော်ဖြင့် နမ့်ဟူးရွာအလယ် ချောင်းမအတိုင်း နမ့်ဟူးကျောင်းတော်သို့ ဆွဲလှေပေါင်း များစွာ တို့ဖြင့်ပင့်ဆောင် စိတန်း ဝင်ရောက်တော် မူလာလျှင် သာသန ဒါယကာ မဟာရာဇာ စော်သွားကြီး စောရွှေသိုက်သည်လည်း မဟာဒေဝီသခင်မများနှင့် သားတော် သမီးတော် မှူးမတ်အရာရှိ အပေါင်း ခြံရံတော်မူလျက် သီးခြား မင်္ဂလာလှေတော်ကြီးနှင့် ကြိုတင် ထွက်တော် မူလာသည့်အတိုင်း လမ်းကစောင့်၍ အသင့် ကြိုဆိုတော် မူခဲ့လေသည်။

အရပ်ရပ်မှ လာရောက်ကြသော လူမျိုးစုံ လူထုပရိသတ် ကြီးသည်လည်း ချောင်းမကြီးဘေး ၂-ဖက်မှ သူ့လှေကိုယ့်လှေ ကျန့်နွဲရရ ဟာဒယနှလုံး ပီတိဖုံးလျက် ရှင်ပြုံးမျက်နှာ သဒ္ဒါကွန့်မြူး စေတနာထူးကြသဖြင့် သက်တော်ထင်ရှား မြတ်စွာ ဘုရားသည် ၃- ပါးသော ကပ်ကြီးဆိုက်ရာ ဝေသာလီ ပြည်တော်သာသို့ ကြွလာတော်မူလျက်များစွာသော တန္တွေမြေဘုတ်ဘီလူးတို့အား

မြတ်စွာဘုရား၏တန်ခိုးအာနုဘော်တော်ဖြင့်နှင်ထုတ် ငြိမ်း၍ ဘေးကင်းစေတော်မူပြီးလျှင် ဝေသာလီပြည်မှသိတင်းသုံးတော်မူရင်း ရာဇဂြိုဟ်ပြည် ဝေဠုဝန် ကျောင်းတော်သို့ ခရီး ဒေသစာရီ ပြန်လည် ကြွချီတော် မူသောအခါ ဘုရင်မင်းမြတ်မှစ၍ ပြည်သူပြည်သားတို့သည် အားပါးတရ ပူဇော်မြတ်နိုးခြင်းကိုပြုကြလျက်ဂင်္ဂါမြစ်သို့ရောက်အောင် ပို့ဆောင်လိုက်ကြသည့်နှင့် မခြား ရုပ်ပွားတော် အရှင်မြတ်တို့အား နောက်ဆုံးဖူးမြော် ပူဇော် မြတ်နိုး ရှိခိုးခြင်းတို့ဖြင့် ရှိခိုး ပူဇော်ကြကုန်၏။

ရုပ်ပွားတော်မြတ်တို့ကို ကျောင်းတော်ဦး ဩဇ္ဈံ ရွှေပလ္လင်ပေါ်သို့ ပင့်တင် စံထားပြီးသောအခါ သာသန ဒါယကာ မဟာရာဇာ စော်ဘွားကြီးသည် လှေပွဲတော်သဘင်ပြိုင်ယှဉ်ကျင်းပရာသို့ ပြန်လာရှုစားတော်မူပြီးလျှင် စာရင်းချမှတ်ရာပါ ပြိုင်လှေ လှော်လှေတော် သားတို့အား ဆုတော် လာဘ်တော် များကို အထိုက်အလျောက် ချီးမြှောက် ပေးသနားတော် မူပြီးမှ ၎င်းနေ့ညနေ ညောင်ရွှေမြို့တော်သို့ ပြန်လည် ဝင်ရောက်တော် မူလေသည်။

ဖေါင်တော်ဦး ရုပ်ပွားတော် မြတ်တို့ကိုလည်း ၎င်း လပြည့်ကျော် ၃-ရက်နေ့ည သန်းခေါင်ယာမ် ၁၂-နာရီအချိန်ထိ ခရီးဒေသစာရီ ကြွချီတော်မူရာ ရပ်ရွာဒေသများသို့ မသွားမရောက်နိုင်၊ ကြွင်းကျန်သူ လူထုပရိသတ်နှင့် ရပ်ဝေးဒေသများမှ လာရောက်ကြသော လူထု ပရိသတ်တို့၏ အဖူး အမြော် အပူဇော်ခံ စံထားတော် မူပြီးမှ မူလဂန္ဓကုဋိ တိုက်တော်သို့ ပင့်တင် ထိန်းသိမ်းစောင့်ရှောက် ထားကြရလေသည်။

## တာဝန်ခံ ပုဂ္ဂိုလ်များ

ဖေါင်တော်ဦး ရုပ်ပွားတော်မြတ်တို့၏ ခရီးဒေသစာရီ ကြွချီတော်မူရာ ပွဲတော်များအတွက် ညောင်ရွှေမြို့နယ်ရှင် သာသန

ဒါယကာ မဟာရာဇာ စော်ဘွားကြီးနှင့် အင်းတိမ်မြို့ ဆဗ္ဗဒိပိဓံ ဌာနဆိုင်ရာ မြို့စားမင်းတို့အပြင် ဆိုင်ရာဆိုင်ရာ ဩဇာ ယှိသော ဂိုဏ်းအုပ် ဂိုဏ်းထောက် ကျောင်းထိုင် ဆရာတော်များနှင့်တိုက် နယ် သမာဓိလူကြီးမှစ၍ မြို့မသာသနာရေးဌာန ရုံးတော်အရာယှိ တို့က တာဝန်ခံ ယူကြရလေသည်။

ထို့ကြောင့် သာသနာရေး ဌာန ရုံးတော်အရာယှိ များနှင့် နယ်ရှင် စော်ဘွားကြီး၏ အမှုထမ်းပုလိပ် အရာယှိ များသည် မူလ ကျောင်းတော်ထုတ် ပွဲတော်မှ စ၍ ကျောင်းတော်ဝင်ပွဲတော် အထိ လိုက်ပါစောင့်ရှောက်ကြရသည့်ပြင် ရောက်ရာရောက်ရာ ဌာန အသီးသီး တို့၌လည်း အဆိုပါ ဩဇာယှိသော ဂိုဏ်းအုပ် ဂိုဏ်းထောက် စသော ပုဂ္ဂိုလ်များကပါ ကူညီ စောင့်ရှောက် ကြရလေသည်။ မြို့စားမင်းမှာ သီးခြားဝေါလှေနှင့် လိုက်ပါ သွားရောက် ကြည့်ရှုစောင့်ရှောက် ရလေသည်။



ဖေါင်တော်ဦး ရုပ်ပွားတော်များကို ရွှေချနေပုံ

## ကြိုလှေများစီမံခြင်း

ညောင်ရွှေမြို့တော်သို့ ဘုရားကြိုဆိုရန် ဆွဲလှေနှင့် လှော်လှေစသည်တို့ကို စော်ဘွားကြီး၏ ဥပဒေ ရုံးတော်အရာယှိများနှင့်အခွန်တော် အမတ်ကြီး အင်းတိမ်ဆဗွဒိဝိဇံ မြို့စားမင်းတို့က အသီးအသီး တာဝန်ယူ၍ စီမံ ခန့်ခွဲကြရလေသည်။ အခြားဌာန ပွဲတော်များအတွက်မှာမူ ဌာနဆိုင်ရာ ဩဇာ ယှိသူတို့နှင့် ဂိုဏ်းအုပ်ဂိုဏ်းထောက် စသော ဆရာတော် သံဃာတော်တို့က ကြီးမှူး၍ စီမံကြိုဆိုကြရလေသည်။

## အကျိုးနှင့်အပြစ်များ

ဤ ဘုရားပွဲတော်တို့ ကျင်းပ ပြုလုပ်ခြင်းအားဖြင့် ပဉ္စုပ္ပန်သံသရာ နှစ်ဖြာသော အကျိုးစီးပွားတို့ကို ကြီးမားဖွံ့ဖြိုးစွာ ခံစားနိုင်ခွင့်ယှိပါသည်။ ယခုပဉ္စုပ္ပန် မျက်မှောက်သော ဘဝ၌ အစားဆန်ရေအသီးအနှံ ပေါများခြင်း အပြင် ရောဂါ ဝေဒနာ ကင်း၍ ကျန်းမာခြင်း အာရောဂျ သမ္ပဒါဂုဏ် နှင့် လည်း ပြည့်စုံ စေပါသည်။

အထူးအားဖြင့် ၁၃၀၃- ခုမှ၊ ၁၃၀၇- ခု နှစ်လောက် အထိ၊ တွေ့ကြုံရသော စစ်ဘေး စစ်ဒဏ်တို့ကို ပြောပ လောက်အောင် မထိ မခိုက်ပဲ ညောင်ရွှေနယ် အင်လေးကန်တပိုက်တွင် ဝကွက်၍ ကင်းလွတ် ချမ်းသာ ကြသည်ကို သတိထား၍ စဉ်းစား မိသူတိုင်းအသိပင် ဖြစ်လေသည်။

အထူး အားဖြင့် ဖေါင်တော်ဦး ရုပ်ပွားတော် မြတ်တို့၏ သက်န်းတော်တို့ကို ကိုးကွယ် ဆောင်ယူ ထားကြသော သူတို့အား လာဘ်ရွှင်ခြင်း အရောင်း အဝယ် ကောင်းခြင်း ဘေးအန္တရာယ်တို့မှ ကာကွယ်နိုင်ခြင်း စသော အကျိုးဂုဏ်များ ခံစားရကြောင်းကို ကိုးကွယ်ဘူး လူတိုင်းက ဝန်ခံကြလေသည်။

ယေကေစိ ဗုဒ္ဓံ သရဏံ ဂတာသေ၊
န တေ ဂမိဿန္တိ အပါယ ဘူမိံ။
ပဟာယ မာနုသံ ဒေဟံ၊
ဒေဝ ကာယံ ပရိပူရေဿန္တိ။

ဟူ၍ ဟောတော်မူအပ်သောကြောင့် ရတနာ သုံးပါးကို အား ထား အားကိုးပြု၍ ကိုးကွယ်ကြသူတို့မှာ ဇာတိ ဇရာ ဗျာဓိမရဏာ ဒုက္ခများနှင့် အပါယ ဒုက္ခ ဘေးတို့မှ ကင်းဝေး ချမ်းသာလျက် နတ်ရွာ နိဗ္ဗာန်၌ ပျော်စံ ခိုလှုံနိုင်သော သံသရာ အကျိုး စီးပွား တို့ကိုလည်း များစွာ ဖြစ်ပွား စေနိုင်ပါသည်။ ထိုကြောင့်လည်း ဗုဒ္ဓဘာသာ လူမျိုးအားလုံးတို့မှာ ဆွမ်း ပန်း ရေချမ်း ဖွှေသက်နှံး နှင့် ဆီမီး ခါတ်မီး ဖရောင်းတိုင် စသော မွှန်မြတ်သော ပစ္စည်း ဝတ္ထုတို့ဖြင့်အရေးတယူ အလေးမူ၍ ပေးလှူပူဇော်ကြလေသည်။ ထိုသို့ မပြု မလုပ်သူတို့မှာကား ပစ္စုပ္ပန် သံသရာ နှစ်ဖြာသော အကျိုးစီးပွားတို့မှ ပျက်ပြား ဆုတ်ယုတ်ခြင်း အဖြစ်ကိုသာ ခံစား ကြရပေမည်။

## အရေးကြီးခြင်းများ

ညောင်ရွှေနယ် တွင် မြို့ရွာပင် ပျက်ပြား ငြားသော်လည်း အသည့်တော်တို့မှာ ရှေးရှေးသော မင်းများ ပညတ် ထားချက် အရ ပွဲတော်အချိန် နေ့ရက် စေ့ ရောက်လျှင် မူလ လှေတော်နှင့် စံကျောင်း ပြာသာဒ် အတွင်း ရုပ်ပွားတော် မြတ်တို့ကို ပင့်ဆောင် ၍ ဟဲးယာရွာ မ ညောင်ရွှေ နမ့်သဲး နန်းပန် နောင်တော ရွာကြီး ဘန်းပုံ ဟူသော ၆-ဌာန အရပ်များသို့ အဖူး အမြော် အပူဇော်ခံ ကြွမြဲ ကြွစေရမည်၊ အကယ်၍ မကြွရောက်ပဲ နေက ၎င်းတို့အား ဘေးအန္တရာယ်ကြီးစွာ ရောက်တတ်သည်ဟု အစဉ် လိုက်နာခဲ့ ကြရလေသည်။ ထိုကြောင့် ၎င်း ၆-ဌာနအတွက် အသည့်တော်

တို့အား အရေးကြီးခြင်းဖြစ်သည်၊ အခြားဌာနများသို့ မကြွသော်လည်း အရေးမကြီးလှချေ။

## အသည်တော်များ၏ တာဝန်များ

ရုပ်ပွားတော်မြတ် နောက်တော်ပါ အသည်တော် တို့မှာ လှေတော် လှော်ခတ်သူ ဦးစီးလူ ၆–ယောက်၊ ပဲ့စီးလူ ၅-ယောက်၊ စည်းကြီးတီးလူ–၁၊ စည်းငယ်တီးလူ–၂၊ လင်းကွင်းတီးလူ–၁၊ ထီးတော်မိုးလူ ၄-ယောက် ပေါင်း ၁၉–ယောက် ဖြစ်သည်။ ၎င်းတို့သည် လှေတော် ဝဲ ယာ ဦးပဲ့ ဆိုင်ရာ ဆိုင်ရာ မျိုးရိုးအလိုက် လှော်ခပ်ကြရသည်။ စည်တော်တီး၊ ထီးတော်မိုးတို့သည် မျိုးရိုးအလိုက် တီးခပ်ဆောင်ရွက်ကြရသည်။ အပြောင်းအလဲ မပြုရ။ ဥပမာ–လှေတော် လှော်ခတ်သူသည် စည်တော်မတီးရ၊ ထီးတော်မမိုးရ၊ စည်တော်တီးသူလည်း ထီးတော်မိုး လှေလှော် လှေခတ်မပြုရ၊ ထီးတော်မိုးသူလည်း စည်တော်မတီးရ၊ လှေတော် မလှော်ခတ်ရ၊ လေးနက်စွာ အစဉ် လိုက်နာခဲ့ကြရမည်။ မလိုက်နာလျှင် ရောဂါအန္တရာယ် မငြိတွယ်ကျရောက်ထိခိုက် တတ်သည်၊ အတွေ့အကြုံလည်းများ ခဲ့ပြီဟု ဆိုကြ၏။

## ရွှေခွန်ထမ်း ငွေခွန်ထမ်း

အသည်တော်တို့မှာ မင်းမှုမင်းရေးတို့မှ လုံးဝ လွတ်ကင်းချမ်းသာကြသဖြင့် ၎င်းတို့ကို ရွှေခွန်ထမ်းလူများဟု ခွဲခြား ခေါ်ဝေါ်ကြ၏။ မင်းရေး ၁၂-မှု ထမ်းဆောင်ရသူတို့ကား ငွေခွန်ထမ်းလူများဟု ခွဲခြားခေါ်ဝေါ်ကြ၏။ သို့ဖြစ်၍ ငွေခွန် ထမ်းသူတို့က ရွှေခွန်ထမ်းသူတို့ အတွင်း အိမ်ထောင်ရက်သား မချနိုင်ကြချေ၊ အကယ်၍ အိမ်ထောင်ချလိုခဲ့သော် ရွှေအချဉ်တချပ်နှင့် ငွေကိုစက်၍ လျော်ကြေးအဖြစ် ပေးပါမှ အသည်တော် (သို့မဟုတ်) ကျွန်သိးတော်စာရင်းမှ ပယ်ဖျက်ပေးကြရသည်။

သို့ရာတွင် စော်ဘွားကြီး-ဆာစောမောင် လက်ထက် တော်တွင် အသည်တော်တို့အပေါ် ငွေတော်၅-မှ ၅-အထိ ထမ်းဆောင်စေခဲ့ပြီးမှ ၎င်းငွေတော်များကို မြို့မ–ဘဏ္ဍာတော်တွင် သီးခြားထားပေးတော်မူလျက် အသည်တော် လူကြီးအား ဖေါင်တော်ဦးကျိန်းဝပ်တော်မူရာ ကျောင်းတော်နှင့် ပရိဘောဂများပြုပြင်စေပြီးသော် အရအသုံးစာရင်း ခွဲခြားစီမံတော် မူလေသည်။

ယခု သာသန ဒါယကာ မဟာရာဇာ စော်ဘွားကြီး စောရွှေသိုက် လက်ထက်တော်တွင် ၎င်းအသည်တော်တို့အား မင်းရေး ၁၂-မှ လွတ်ငြိမ်းချမ်းသာခွင့် ပေးတော်မူ၍ အသည်တော် (သို့မဟုတ်) ကျွန်သီးတော်ဟူသော အမည်ကို မခေါ်ဝေါ်စေပဲ၊ ဘုရားဒကာ ဘုရားလူကြီးဟူသော အမည်ကို ခေါ်တွင်ခဲ့ စေလေသည်။

၎င်းတို့မှာ ဘိုးကြော့လုံ ကြီးမှူးအုပ်ချုပ်သည့် လက်ထက်တွင် လူဦးရေ(၇၀၀)ကျော်ခန့်ရှိ၍ ၎င်းတို့အပေါ်တွင်ဘိုးကြော့က သဿမေဓ အခွန်တော်ခွဲခန့်ကောက်ခံ၍ ရွှေအင်းတိမ် ဘုရားအားဆီမီးဝတ်–ဆွမ်းဝတ်နှင့် မြက်သုတ်သင်ခြင်းတို့ကို ဝါဆိုလ တကြိမ် နတ်တော်လတကြိမ် ပြုလုပ်ကြရလေသည်။ဖေါင်တော်ဦး ဘုရားကျောင်းတော်၌လည်း ထို့အတူ ပြုလုပ်ကြရလေသည်ဟု ဘိုးကြော့လုံ ပြောပြသည်ကို မှတ်သားရ ပေသည်။

## ဆုလာဘ်များအကြောင်း

ရုပ်ပွားတော်နောက်ပါ အသည်တော် တို့အား ရောက်ရာရောက်ရာ မြို့ရွာတို့မှ ဆုလာဘ်များအဖြစ် ချီးမြှင့် ကြသည်မှာ အောက်ပါအတိုင်းဖြစ်သည်။

ဟဲယာရွာမမှ ရှေးအစဉ် အလာအားဖြင့် ဘိုးကြော့ အတွက် ငွမ်းထိုး အင်္ကျီနက်ကြီး ၁၊ ပဖွာန်ထုပ် ခေါင်းပေါင်း ၁–ခုပ်၊

ပိုးပုဆိုး၁-အုပ်၊ ကန်တော့ပွဲ ၁၊ ငွေ ၁၀၊ လှေသမား ၁၉-ဦး အတွက်ဝွမ်းထိုးအင်္ကျီနက်ကြီး ၁၊ပုဇွန်ထုပ်ခေါင်းပေါင်း၁-အုပ်၊ ပိုးပုဆိုး ၁-အုပ်၊ ငွေ ၁၀ ပေးကမ်းချီးမြှင့်မြဲ ဖြစ်လာခဲ့ရာ၊ ဆာ စောမောင် စော်ဘွားကြီး လက်ထက် အမတ်ကြီး ဦးစံဥ ဟဲယာ ရွာမတွင် နေစဉ်က အသိုပါပစ္စည်းများအစား ဘိုးကြွေ့ အတွက် ငွေ ၁၅၊ လှေသမားအတွက် ၁၅၊ ပေါင်း ၃၀-နှင့် အပြီးအပြတ်မ်း ချီးမြှင့်၍ ၁၃၀၇-ခုနှစ်ကစ၍ ရွာမတွင် တည်တိုး၍ ကျိန်းဝပ်

| ဦးရေ | ဌာနအမည် | လူကြီး ဘိုးကြွေ့ အတွက် | | | လှေသမား ၁၉ ဦး အတွက် | | |
|---|---|---|---|---|---|---|---|
| | | ကန်တော့ပွဲ | ငွေ | အဝင်စုံ | ကန်တော့ပွဲ | ငွေ | အဝင်( |
| ၁ | အင်းတိမ် | မှူလ | ကျောင်း | တော်ရာဖြစ် | ၍ ဆု | လာဝင် | ပေးရန်မ( |
| ၂ | ဟဲယာရွာမ | ၁ | ၃၀ | | | ၃၀ | |
| ၃ | ညောင်ရွှေမြို့ | | ၁၅ | ၁ စုံ | | ၃၀ | ဖျင် ၁ အ( |
| ၄ | နမ့်သဲ | ၁ | ၈ | | | ၅ | |
| ၅ | လင်းကင်း | | ၁၀ | ၁ စုံ | ၁ | ၁၀ | |
| ၆ | ကြေးစားကုန်း | ၁ | ၁၀ | | | ၅ | |
| ၇ | မိုင်းသောက် | ၁ | ၁၅ | | ၁ | ၁၀ | |
| ၈ | သလဲဦး | ၁ | ၅ | ၁ စုံ | ၁ | ၅ | |
| ၉ | ငါးဖယ်ချောင်း | ၁ | ၁၀ | | ၁ | ၁၀ | |
| ၁၀ | စရပ်ကြီး | ၁ | ၁၅ | ၁ စုံ | ၁ | ၅ | |
| ၁၁ | ဘုရားပေါက် | ၁ | | ပုဝါ ၁ ပိုင် | | | စားပွဲ ၁ |
| ၁၂ | နမ့်ပန် | | ၁၀ | ပုဝါ ၁ ပိုင် | | ၁၀ | ပုဝါ ၁ ပိ( |
| ၁၃ | နောင်တော | | ၁၀ | ပုဝါ ၁ ပိုင် | | ၁၀ | ပုဝါ ၁ ပိ( |
| ၁၄ | မန်ကျည်းဆိပ် | ၁ | ၇-၈ | | ၁ | ၅ | |
| ၁၅ | ကျိုင့်ခန့် | ၁ | ၁၅ | | ၁ | ၁၀ | |
| ၁၆ | မိုင်းပျိုး | ၁ | ၁၅ | ပုဝါ ၁ ပိုင် | ၁ | ၁၀ | |
| ၁၇ | အင်းပေါ်ခုံ | ၁ | ၅ | | ၁ | ၅ | |
| ၁၈ | ရွာကြီးရေသာ | ၁ | ၅ | | | | |

တော် မူသဖြင့် ဘိုးကြေ့ ၁ ရှိ၊ လှေသမား ၁ ရှိ၊ ပေါင်း ၃၀-တိုး၍ အပေါင်း အသစ်၊ ၂—လီပေါင်းငွေ (၆၀)ဖြင့် အစဉ် ပေးကမ်း ချီးမြှင့် ကြလေသည်။

---

## ဖေါင်တော်ဦး ဘုရားရှိခိုးဂါထာပါဠိအနက်

၁။ သုဂတ ဗိမ္ဗကာ ကိတ္တိ၊
သဗ္ဗါ တေဇေန ပါကဋာ။
ဗဟုဇန ဟိတတ္ထာယ၊
ဖေါင်တော်ဦးဉာတိသညိတာ။

၂။ စရန္တိ ဝိဝိဓံ ဌာနံ၊
တဗ္ဗေသိကာ ညဝါသိနော။
ပူဇေန္တိ နာနာဝတ္ထုဟိ၊
တေ နမာသာမ သာဒရံ။

ကိတ္တိသဗ္ဗါ၊ အနှစ်ငါးရာ ကျော်မြင့်ကြာမျှ စဉ်လာ မစဲ ရှင်ပင့်ပွဲဟု ဆင်နွဲ့ ကျင်းပ ပြုကုန်ကြလျက် လောက အလုံး ဖြိမ့်ဖြိမ့်အုန်းမျှ မဆုံးနိုင်ဘိကျော်စောသောအသံလည်း ယှိတော်မူ ကုန်ထသော။ တေဇေန၊ ဘေးအတန်တန် ရန်အဝဝ အန္တရာယ် ဟူသမျှတို့မှ ကင်းပလွန်မြောက် ရောဂါပျောက်အောင် ချီးမြှောက် နိုင်ပြား တန်ခိုးတော်အားဖြင့်။ ပါကဋာ၊ ဇမ္ဗူမဆန့် ကမ္ဘာနှံ့ အောင် သင်းပျံ့ကျော်ကြားသဖြင့် ထင်လည်း ထင်ရှားတော်မူ ကုန်ထသော။ ဖေါင်တော်ဦး ဉာတိသညိတာ၊ ဖေါင်တော်ဦးဟု ဂုဏ်ထူးတံဆိပ် ဘွဲ့တော်လိပ်ဖြင့် ခပ်နှိပ်ခေါ်ဝေါ်အပ်ကုန်သော။ သုဂတဗိမ္ဗကာ၊ သက်တော်ထင်ရှား တို့ဘုရား၏ ကိုယ်စားရည်

မှတ် ရုပ်ပွားတော်မြတ်တို့သည်။ ဗဟုဇနဟိတတ္ထာယ၊ လူထု များစွာ သတ္တဝါတို့၏ ချမ်းသာစီးပွား များပြားဖွံ့ဖြိုးရန် အကျိုး ငှါ။ ဝိဝိဓံဌာနံ၊ အထူးထူးသော မြို့ရွာဒေသ ရပ်ဌာနသို့။ ဝါ......

၁။ ရွှေအင်းတိမ်မြို့—ဝေဠုသညာ၊
ဟဲယာရွာမ—ဌာနမဟာ။
ညောင်ရွှေမြို့ကြီး—ထိန်ညီးကြည်သာ၊
ရွာနန်းသဲ ကြွမြဲဖေါင်စကြာ။

၂။ လင်းကင်းဂါမ—ဌာနတဖြာ။
ကြေးစား မိုင်းသောက်—လှမ်းရောက်မကြာ။
သလဲဦးသို့—ဆင့်ကူး ညင်သာ၊
ငါးဖယ်ချောင်း—ရွှေ့ပြောင်းဖေါင်စကြာ။

၃။ စရပ်ကြီးနှင့်—အနီးယှဉ်ကာ၊
ဘုရားပေါက်သို့—လှမ်းထောက်မကွာ။
နန်းပန်နောင်တော—ရှင်မောကြည်သာ၊
မန်ကျည်းဆိပ်—လျှံမိတ် ဖေါင်စကြာ။

၄။ ကျိုင်းခန့်မည်သီး—ဂုဏ်ကြီးဒေသာ၊
မိုင်းပျိုးဂါမ—ဌာနမဟာ။
အင်းပေါခုံဟု—ပြောဟုံသဒ္ဒါ၊
ရေသာကျောင်း—ရွှေ့ပြောင်းဖေါင်စကြာ။

၅။ ကျောင်းတော်ဒေသ—မူလစံရာ၊
ဆဲ့ကိုးဌာန—မြန်းကြွစဉ်လာ။

ယင်းသို့ဖေါ်ပြ—ဒေသဖြာဖြာ၊
ရှင်တော်မြတ်—ကြွလတ် ဖေါင်စကြာ။

ဤသို့စဉ်လာ မြို့ရွာဒေသ အထူးထူးသော ရပ်ဌာနသို့။ စရန္တိ၊ ကရုဏာထား မေတ္တာပွား၍ ကြွသွား လှည့်လည်တော်မူ ကြပေကုန်၏။ တဒ္ဒေသိကာ၊ ထိုထိုဂါမနဂရတို့၌ နေကြပျော် အောင်း သူတော်ကောင်းတို့သည်လည်းကောင်း။အညဝါသိနော၊ အခြားတပါးသော မြို့ရွာဒေသ ရပ်ဌာနတို့၌ နေကြပျော်အောင်း သူတော်ကောင်းတို့ သည်လည်းကောင်း။ နာနာဝဏ္ဏပုပ္ဖံ၊ ဆွမ်း တော် ပန်းတော် ရေချမ်းတော်နှင့်ရှုသော်တင့်လျှမ်း မွှေးသင်းမှ ခေတ်ဆန်းထိန်ညီး ဓာတ်ရောင်မီးနှင့် ဆီးမီးရောင်မြူး ကြည်နူး ဖွယ်ရာ အဖြာဖြာသော ဒါန၀ဏ္ဏုတို့ဖြင့်။ ပူဇေန္တိ၊ မြတ်နိုးကော် ရော် သဒ္ဓါပေါ်၍ ပူဇော်လှူဒါန်းကြကုန်၏။ တော၊ ထိုသက်တော် ထင်ရှား တို့ဘုရား၏ ကိုယ်စားရည်မှတ် ရုပ်ပွားတော်မြတ်တို့ကို။ မယံ၊ ဘုရားတပည့်တော် တပည့်တော်မတို့သည်။ သာဒရံ၊ ရိုသေ ခြင်းနှင့်တကွ။ နမဿာမ၊ ဘယလာဘ ကုလစာရိတ် ဒိဋ္ဌိမောဟ ကင်းစင် ပလျက် လောက ဗုန်ချောက် ဂုဏ်တချောက်ကို အောက်မေ့ ရိုကျိုး လက်စုံမိုး၍ ရှိခိုးကြပါကုန်၏ ဘုရား။

# နောက်ဆက်တွဲ

## ဟဲယာရွာမတွင် ဖေါင်တော်ဦး ရုပ်ပွားတော်မြတ် နှစ်ညသီတင်းသုံးတော်မူခြင်း အကြောင်းအရာ မှတ်တမ်း

ဖေါင်တော်ဦး ရုပ်ပွားတော် မြတ်တို့သည် ရှေးရှေးသော အခါကာလမှစ၍ ၁၃၀၆-ခုနှစ် အထိ နှစ်စဉ် သီတင်းကျွတ် လဆန်း ၄-ရက်နေ့နံက် သီတင်းသုံးတော်မူမြဲ နမ့်ဟူးကျောင်းတော် မူလဂန္ဓကုဋိတိုက်တော်မှ ကျောင်းဦးဗုဒ္ဓါသနပလ္လင်တော်သို့ ပင့်၊ တညစံတော်မူပြီး ၅-ရက်နေ့နံက် ၇-နာရီအချိန် အင်းတိမ်သို့ ကြွ၊ တညကျိန်း၊ ၆-ရက်နေ့ညနေ ၂-နာရီအချိန် ဟဲယာရွာမသို့ကြွ၊ တညကျိန်း၊ ၇-ရက်နေ့နံက် ၇-နာရီအချိန် ညောင်ရွှေမြို့သို့ ကြွမြဲဖြစ်ပေသည်။

၁၃၀၆-ခုနှစ် တပေါင်းလအတွင်း ကျောင်းနို ကျောင်း၌ ဗမာနိုင်ငံတော်အစိုးရ (အဓိပတိမင်းကြီး) တို့ ကျင်းပသော ညောင်ရွှေဌာနအတွက် ဝိနည်းစာမေးပွဲသို့ ညောင်ရွှေမဟာရာဇာ သာသနာပြု သာသနဒါယကာ တကာတော် စဝ်ဖလုံ စဝ်ရွှေသိုက် လာရောက်ကြည့်ရှုရာတွင် ဘုန်းကြီးက ဟဲယာရွာမမှာ လူနေ အိမ်ခြေနှင့် လူဦးရေများပြားသော်လည်း ဖေါင်တော်ဦးရုပ်ပွား တော်မြတ် ၆-ရက်ည တညသာ သီတင်းသုံးတော်မူလျက် ၇-ရက်နေ့ နံက် အရုဏ်မတက်မီကစ၍ နေရာနှင့် အချိန်ကို လု၍ တနပ်စာသော ဆွမ်းတော်ကိုပင် အေးအေးချမ်းချမ်း မဆက်ကပ်နိုင် ကြောင်းစသော အကြောင်းအမျိုးမျိုးပြ၍ ၇-ရက်နေ့ နေ့ဆွမ်း ဆက်ကပ်ပြီးမှ ဖေါင်တော်ဦး ရုပ်ပွားတော် မြတ်တို့ကို ညောင် ရွှေသို့ပင့်ရန် ပြောဆိုမေတ္တာရပ်ခံရာ တကာတော် စဝ်ဖလုံကြီးက

ညောင်ရွှေသို့ ကြွရာလမ်းခရီး တလျှောက်လုံးတွင် ကြားဖြတ် ဆွမ်းကပ်ကြသူတို့ ကျေနပ်ကြမည် မဟုတ်သဖြင့် မဖြစ်နိုင် ကြောင်း၊သို့သော် ဖြစ်နိုင်သော နည်းလမ်းကို အရှင်ဘုရား စဉ်း စား ရှာကြံတော်မူပါဦးဟု လျှောက်ထားတော် မူခဲ့လေသည်။

၎င်းနောက် ဖြစ်နိုင်သော နည်းလမ်းကို စုံစမ်းရှာကြံကာ အောက်ပါမေတ္တာစာဖြင့် ရေးသားဆက်သွင်းလိုက်ပါသည်။

ဟဲ့ယာရွာမ

၁၃၀၇-ခု ဝါခေါင်လဆုတ် ၁၂-ရက်နေ့

**ညောင်ရွှေမြို့ သာသနာပြု သာသနဒါယကာ တကာတော် ထံသို့ ဟဲ့ယာရွာမ သင်္ဃာတော်များ ရေးသားဆက်သွင်းသည့် မေတ္တာစာ။**

ဟဲ့ယာရွာမကျောင်း သင်္ဃာတော်တို့ မေတ္တာတရား ရှေ့သွား ပုဗ္ဗင်္ဂမပြု၍ စာရေးဆက်သွင်းအပ်ပါသည့် သာသနာပြု သာသန ဒါယကာ တကာတော်မင်းမြတ်!

သိသာတော်မူရန်အကြောင်းမှာ—

ဗုဒ္ဓေါ လောကေ သမုပ္ပန္နော၊ ဟိတာယ သဗ္ဗပါဏိနံ။ ဤလောက၌ မြတ်စွာဘုရား ထင်ရှားပွင့်တော်မူလာခြင်းသည် ခပ်သိမ်းသော လောကနေလူ ပြည်သူသတ္တဝါအများ စီးပွား ချမ်းသာ အလို့ငှါသာ ဖြစ်ပေသည် ဟူသော ကျမ်းဂန်လာ စကားနှင့်အညီ တကာတော်၏ နယ်ပယ်အတွင်း သတင်းသြဘာ ကျော်ညာ ကိတ္တိ နံ့သိ ထင်ရှားတော် မူသော ဖေါင်တော်ဦး ရုပ်ပွားတော်မြတ်သည် ကိုင်းရင်း၌ ဒေသစာရီ ကြွချီစံမြန်း တော်မူခြင်းသည် ပြည်သူကိုင်းသား သတ္တဝါမိုလ်လူအများ၏ စီးပွားချမ်းသာ အလို့ငှါသာ နှစ်စဉ်မပြတ် ကြွချီ စံမြန်းတော်

မှုခြင်းဖြစ်ပေသည်ဟု ယုံကြည်ကိုးစားအားထားမှတ်ယူလျက်ယှိ ကြကုန်သော ဟဲယာဂိုဏ်းသင်္ဃာတော်များနှင့် လူဒါယကာဒါယိ ကာမတို့မှာ မိမိတို့ရပ်ရွာအတွင်း တနှစ်လုံးမှ တကြိမ်သာ ကြွ ရောက်ချီးမြှောက်တော်မူသော ဖေါင်တော်ဦးဘုရားရုပ်ပွားတော် မြတ်တို့ကို သီတင်းကျွတ်လဆန်း ၆-ရက်နေ့ ၄-နာရီအချိန်ခန့် ဟဲယာရွာမ ဒေသစာရီကျောင်းတော်သို့ ရောက်သည်မှ ၇-ရက် နေ့ နံနက် ၇-နာရီ ၁၅-မိနစ်အချိန်ထိ နာရီပေါင်း ၁၅-နာရီခန့် မျှလောက်သာ ဖူးမျှော်ပူဇော် ကော်ရော် ကြည်ညိုနိုင်ခွင့်ရကြ၍ မိမိတို့စေတနာ သဒ္ဓါတရား ပွားများတိုးတက်သလောက်ဖူးမျှော် ပူဇော်၍ အားမရနိုင် မရောင့်ရဲနိုင် ဖြစ်ကြသည့်ပြင် နံက်ဆွမ်း တော် တနပ်မျှကိုပင်သော်လည်း အချိန်လု၍ သူ့ထက်ငါ ရှေ့ တိုးဇွဲကပ်လှူကြရသည်များကို မည်သူအားမျှ အားရအင်တက် နှစ်သက်ရောင့်ရဲ တင်းတိမ် ကျေနပ်ခြင်းမယှိ ဖြစ်ကြပါသည်။

သို့ဖြစ်ပါသောကြောင့် လူနေအိမ်ခြေအားဖြင့် ၆၀၀-ကျော်၍ လူဦးရေအားဖြင့်လည်း ၃၀၀၀- ကျော်ခန့်မျှယှိသော ဟဲယာ ရွာမနှင့် ပတ်ဝန်းကျင် ရွာနီးချုပ်စပ်တို့မှ ဂိုဏ်းသင်္ဃာနှင့် လူ ဒါယကာ ဒါယိကာမတို့၏ တိုးပွား ထက်သန်လျက်ယှိသော စိတ် စေတနာ သဒ္ဓါတရားကို ထောက်ထားငဲ့ညှာတော် မူသဖြင့် လည်းကောင်း။

မြတ်စွာဘုရားသခင်သည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း တော်အတွင်း သီတင်းသုံးတော် မူကြောင်းကို ခမည်းတော် သုဒ္ဓေါဒနမင်းကြီး ကြားသိတော်မူလျှင် ကာဠုဒါယီ အမတ်ကို ပင့်လျှောက်စေတော်မူချက်အရ ကပိလဝတ်ပြည်သို့ ဧင်းပြည်သူ လူထု၏ သဒ္ဓါတရားကို ထောက်ထား ငဲ့ညှာတော်မူ၍ မြတ်စွာ ဘုရား ကြွသွားချီးမြှောက်တော်မူသော ထုံးဥပဒေသကို ရှင်ပြု ရင်တွင်း နှလုံးသွင်းတော်မူသဖြင့် လည်းကောင်း။

သိပ်ပိုင်ရွှန်း ကန္တီမြို့ယှိ မြတ်စွာဘုရား၏ လက်ဝဲအောက်ခြေတော် စွယ်တော်မြတ်ကို တိုင်းရင်းပြည်သား ရှင်လူများ၏ စီးပွားချမ်းသာအလို့ငှါ တနှစ်လျှင်တကြိမ်ကျ စွယ်တော်တိုက်ကို ဖွင့်လှစ်၍ အဖူးအမျှော် အပူဇော်ခံပွဲလမ်းသဘင် ဆင်ယင်ကျင်းပရသောနည်းကိုလည်း အစဉ်မှီးတော်မူသဖြင့် လည်းကောင်း။

သရီရဿ ဂုဏာနဉ္စ၊
နူရ မစ္စတ္တံ မန္တရံ။
သရီရံ ခဏဝိဒ္ဓံသိ၊
ကပ္ပန္တံ ဌာယိနော ဂုဏာ။

သရီရဿစ၊ ခန္ဓာကိုယ်၏လည်းကောင်း။ ဂုဏာနဉ္စ၊ ခန္ဓာကိုယ်ကိုမှီ၍ဖြစ်သော ဂုဏ်တို့၏လည်းကောင်း။ အန္တရံ၊ မတူကွဲပြား ခြားနားခြင်းသည်။ အစ္စန္တံ၊ စင်စစ်။ နူရံ၊ ဝေးကွာလှပေ၏။ (အဘယ်သို့ကွဲပြားခြားနား၍ ဝေးကွာလှသနည်း ဟူမူကား) သရီရံ၊ ခန္ဓာကိုယ်သည်။ ခဏဝိဒ္ဓံသိ၊ တဘဝတခန္ဓာ၊ တခဏမျှသာ တည်တံ့ပါ၍ မကြာခင်လတ် ပျက်စီးတတ်၏။ ဂုဏာ၊ မိမိပြုလုပ်ဖန်တီးခဲ့သော ဂုဏ်ပုဒ်တို့သည်ကား။ ကပ္ပန္တံ ဌာယိနော၊ ကမ္ဘာပတ်လုံး ဆုံးသည်အထိ တည်ယှိကျန်ရစ်ကြလေကုန်၏။ ဝါ၊ကမ္ဘာကျေသော်လည်း ဥဒါန်းမကျေ ဖြစ်ပေကုန်၏ဟူသော ဒေသနာ အမြတ်တရားကိုလည်း သေအချာ အမှတ်ထားတော်မူသဖြင့်လည်းကောင်း။

ယခု ၁၃၀၇-ခုနှစ်မှစ၍ သာသနာတော်နှင့် ကမ္ဘာတည်သမျှကာလပတ်လုံး ဟဲယာရွာမအရပ်တွင် ဖေါင်တော်ဦးဘုရားရပ်ပွားတော်မြတ် ၂-ညမျှသီတင်းသုံးတော်မူနိုင်ပါရန် အောက်ပါရက်စဉ်အတိုင်း တရက်တိုး၍ တမျိုးစီမံခွင့် ပြုတော်မူစေလိုပါကြောင်း။

သိတင်းကျွတ်လဆန်း

၃-ရက်နေ့ ကျောင်းတော်ထုတ်ပွဲတော်ကျင်းပ၍။

၄-ရက်နေ့ နေ့ဆွမ်းမိ အင်းတိမ်သို့ပင့်ဆောင် တညကျိန်း။

၅-ရက်နေ့ ဟဲယာရွာမသို့ပင့်ဆောင် ၂-ညကျိန်း။

၇-ရက်နေ့ ညောင်ရွှေမြို့သို့ပင့်ဆောင် ၂-ညကျိန်း။

ဇင်းရက်စဉ်အတိုင်း သဘောတူ ခွင့်ပြုတော်မူနိုင်လိမ့်မည်ဟု ယုံကြည် မြှော်လင့်ပါသည်။

သဘောတူ ခွင့်ပြုစိမံချက်ကိုလည်း တော်သလင်းလ မကုန်မီ အတွင်း သက်ဆိုင်ရာဌာန အသီးသီးနှင့် ပြည်သူလူထု အားလုံး ရှင်းလင်း သိသာနိုင်အောင် ဟဲယာဂိုဏ်း သံဃာတော်များနှင့် လူဒါယကာတို့က တာဝန်ခံ၍ ကျေညာစာတမ်း ရိုက်နှိပ်ကမ်း လှမ်း ဝေငှဖြန့်ဖြူးမည်ဖြစ်ပါကြောင်း သိသာတော်မူရန် မေတ္တာ ပုဗ္ဗင်္ဂမတရားဖြင့် ရေးသားဆက်သွင်းအပ်ပါသည် သာသနာပြု သာသနဒါယကာ တကာတော်မင်းမြတ်။

**မေတ္တာစာ ဆက်သွင်းသော ဆရာတော် သံဃာတော်များ**

| | | |
|---|---|---|
| ၁။ | ရွာမ ပဥ္စမကျောင်း ဆရာတော် | ဦးနေမိန္ဒ။ |
| ၂။ | ရွာမ နန်းပန်ကျောင်း ဆရာတော် | ဦးသုမန။ |
| ၃။ | ရွာမ ကျောင်းနီကျောင်း ဆရာတော် | ဦးသောဘိတ။ |
| ၄။ | ရွာမ နောက်ရွှေကျောင်း ဆရာတော် | ဦးစက္ကိန္ဒ။ |
| ၅။ | ရွာမ ရှေ့ပြင်သာကျောင်း ဆရာတော် | ဦးရေဝတ။ |
| ၆။ | ရွာမ စံရာကျောင်း ဆရာတော် | ဦးဇဝန။ |
| ၇။ | ရွာမ ရွှေဘုံသာကျောင်း ဆရာတော် | ဦးအရိယ။ |
| ၈။ | ရွာမ မိန္ဒောကျောင်း ဆရာတော် | ဦးဒေဝိန္ဒ။ |
| ၉။ | ရွာမ ပြင်ကျောင်း ဆရာတော် | ဦးပညာဝံသ။ |
| ၁၀။ | ရွာမ ပဲခူးကျောင်း ဆရာတော် | ဦးသုန္ဒရ။ |

အထက်ပါ မေတ္တာစာ ရေးသား ဆက်သွင်း ပြီးနောက် အောက်ပါ အမိန့် ကျေညာစာ ထွက်လာခဲ့ပါသည်။

**အကြောင်းအရာ။** ။ဟဲယာရွာမသို့ ဖေါင်တော်ဦး မြတ်စွာဘုရား ရုပ်ပွားတော်မြတ် ဒေသစာရီ ကြွချီတော်မူခြင်း။

(၁) အကြောင်းမှာ အမတ်ချုပ်ကြီး၏ စာနံပါတ် ၂၃၁–၅–၆–၃၅ ရက်စွဲပါနှင့် မေးမြန်း ရုံစမ်း စေတော်မူသော ဂိုဏ်းသင်္ဃာတော်များနှင့် ဟိန်ထမုံတို့အနက်(၁) နန်းဟူးဘိုးကြော့လုံ၊ (၂) သာလေးထမုံနှင့် ရွာသား၊ (၃) အင်းတိမ်ဂိုဏ်းသံဃာ၊ (၄) အင်းတိမ်တုံးလည် ထမုံနှင့် ရွာသား၊ (၅) အင်းကြေးပေါ ခုံဟိန်နှင့် ရွာသား၊ (၆) လွယ်မောဂိုဏ်း သံဃာတော် တို့သည် ရှေး အစဉ်အလာ ရုပ်ရွာဝလေ့ ထုံးစံအလိုက် ယုံကြည်လေ့ ယှိကြသော အကြောင်းတို့ကို ပြကြလျက် နိုင်းချုန်နိုင်ရန်ချိန်းရက် အတွင်း သာသနာရေး ရုံးတော်သို့ စာသွင်းကြခြင်းတို့ကို မဟာဒဏ်ဝန် တင်ပြ၍ သိယှိတော် မူရကြောင်း။

ကျွန်ုပ်တို့၏ အမြဲမှိခို အားကိုး အားထား ကိုးကွယ်ကြသော ဖေါင်တော်ဦး မြတ်စွာဘုရား ရုပ်ပွားတော်မြတ်တို့ကို ကျွန်ုပ်တို့ အားကိုး ယုံကြည်ကြသည့်အတိုင်း ကျွန်ုပ်တို့၏ လုံ့လစေတနာ သဒ္ဓါတရား အလိုက် ကိုးကွယ် ဆည်းကပ်သော လုံ့လစေတနာ သဒ္ဓါတရား အတန်းအစား အလျောက် ဘေးရန်မှ ကင်းရှင်းကြခြင်း စီးပွားချမ်းသာ တိုးပွားကြခြင်း စသော အကျိုးခံစားခွင့်တို့ ရယှိကြသည်မှာ ဒိဋ္ဌ ကိုယ်တွေ့ အားဖြင့် သိယှိယုံကြည်ကြပြီး ဖြစ်သည့်ပြင်၊ ၁၃၀၃-ခုနှစ်ကစ၍ ၁၃၀၇–ခုနှစ် အထိ စစ်မက်အတွင်း စစ်မြေပြင်မှာ နေကြရပါလျက် ကျွန်ုပ်တို့အရပ်ဒေသ နယ်ပယ်တလွှား၌ စစ်ဘေးစစ်ဒဏ် ပြောပလောက်အောင် ခံခဲ့ရခြင်း မယှိဘဲ ဝကွက်၍ ချမ်းသာကြခြင်းမှာ ဖေါင်တော်ဦး မြတ်စွာဘုရား ရုပ်ပွားတော် မြတ်တို့၏ တန်ခိုးတေဇော် အာနု

ဘော်တို့ကြောင့် ဖြစ်ပေသည် တကား၊ ကျွန်ုပ်တို့၏ ဘေးဥပဒ်ရန်အပေါင်းတို့မှ ကင်းဝေး လွတ်မြောက် လာခဲ့ကြရခြင်းကို တွေးဆ ကြည့်လျှင် လက်ဝါးပြင်ဝယ် တင်၍ ထားအပ်သော ပတ္တမြားကဲ့သို့ အလွန် ပေါ်လွင် ထင်ရှား နေခြင်း အမှန်ဖြစ်ပါကြောင်း။

(၂) ဖေါင်တော်ဦး မြတ်စွာဘုရား ရုပ်ပွားတော် မြတ်တို့ကို ကိုးကွယ်ဆည်းကပ်ကြခြင်းမှာ လောကီ လောကုတ္တရာ နှစ်တွဲ၍ အကျိုးစီးပွား ခံစားစံစားရစေရန် ရည်သန်ကြခြင်း ဖြစ်ကြောင်း ထင်ရှားသဖြင့် ယုံမှားဖွယ်ရာ ဖြစ်ရန်မဟုတ် ဖြစ်ပါကြောင်း။

(၃) လူသတ္တဝါ အများကို ဒိဋ္ဌမျက်မှောက် တွေ့ကြုံရသော ဘေးအန္တရာယ် အပေါင်းမှ ကင်းဝေးလွတ်မြောက် စေပြီး ဖြစ်တော်မူကုန်သော ကျွန်ုပ်တို့၏ ကိုးကွယ်ရာ ဖေါင်တော်ဦး ရုပ်ပွားတော် မြတ်တို့၏ နှစ်စဉ် ဒေသစာရီ ကြွချီတော်မူမြဲ ခရီးစဉ်တွင် တရက်တိုး၍ ဒေသစာရီ ကြွချီ အကြည်ညို အပူဇော်ခံတော်မူရန် သင့်လျော် လျောက်ပတ်သည် ဖြစ်ရကား၊ ကျွန်ုပ်သည် ကံကံ၏ အကျိုးကို အထူး ယုံကြည်တော်မူသည့်အတိုင်း ထက်မြက်သော စေတနာ သဒ္ဓါတရားဖြင့် ယခု ၁၃၀၇- ခုနှစ် ဒေသစာရီ ကြွချီတော်မူရန် ခရီးတော် အစဉ်ကို အောက်ပါ အတိုင်း ပြောင်းလဲ၍ ဖေါင်တော်ဦး ရုပ်ပွားတော်မြတ်တို့ကို ပင့်ဆောင်မည် ဖြစ်ပါကြောင်း။

ယခု ၁၃၀၇-ခုနှစ် အတွက် အတည် ပြောင်းလဲသော နေ့-ရက် အချိန် နာရီများ။

(၁) သီတင်းကျွတ် လဆန်း ၃-ရက်နေ့ နံနက် ၆-နာရီအချိန် သီတင်းသုံးတော် မူမြဲ ဂန္ဓကုဋိတိုက်ခန်းမှ ကျောင်းဦး ပြင် ဗုဒ္ဓါသနပလ္လင်သို့ ရွှေ့ပြောင်း သီတင်းသုံးတော်မူရန် ပင့်ဆောင်ခြင်း။

(၂) သီတင်းကျွတ်လဆန်း ၄-ရက်နေ့ နံနက် ၇-နာရီအချိန် ကျောင်းတော်မှ အင်းတိမ်သို့ ပင့်ဆောင်ခြင်း။

(၃) ၎င်းလဆန်း ၅-ရက်နေ့ ညနေ၃-နာရီခွဲ အချိန် အင်းတိမ်မှ ဟဲယာရွာမသို့ ပင့်ဆောင်ခြင်း။

(၄) ၎င်းလဆန်း ၇-ရက်နေ့ နံနက် ၇-နာရီအချိန် ဟဲယာရွာမ မှ ညောင်ရွှေမြို့သို့ ပင့်ဆောင်ခြင်း။

မှတ်ရန်။ ။ကျန် ဒေသစာရီ ကြွချီတော် မူမည့် နေ့ရက် အချိန် နာရီ များမှာ မူလကြွချီမြဲ နေ့ရက် အချိန် နာရီများ အတိုင်းပင် ဖြစ်ကြောင်း။

(၅) ၁၃၀၈-ခုနှစ် အတွက် ရေးအစည် အလာအရ ၁၃၀၆-ခု နှစ်အထိ၊ ကြွမြဲရက်အတိုင်း ကြွရန်(သို့မဟုတ်) ယခုနှစ် ယခုပြင်ဆင် ပြောင်းလဲသော ရက်အတိုင်း ကြွရန်မှာ အကြောင်း ပေါ်ပေါက် သလို စဉ်းစားတော် မူမည် ဖြစ်ကြောင်း။

၁၃၀၇-ခု တော်သလင်းလဆုတ် ၅-ရက် နေ့စွဲ၊

Sd. Sao Shwe Thaike
ညောင်ရွှေ အရှင်သခင်ကြီးဘုရား
၂၆-၉-၄၅ ညောင်ရွှေမြို့၊

နံပါတ်-၆၀၂ အထက်ပါ ရေးကူးချက် အမိန့်တော်မြတ်ကို သိရှိတော်မူ ပါရန် ဟဲယာဂိုဏ်းအုပ် ဆရာတော်ဘုရားထံ ဆက်ကပ်လျှောက် ဒါန်းပါသည်ဘုရား။

Sd. Sao Sein Hpoo
တကာတော် အမတ်ချုပ်ကြီးသခင်
၂၆-၉-၄၅ ညောင်ရွှေမြို့၊

နံပါတ်-၉၃၄-
၂၉-၁-၅၅

ဟဲယာဂိုဏ်းအုပ် ဆရာတော်ဘုရား ထံတော်သို့ ဆက်လက်၍ ဆက်ကပ်ပါသည်ဘုရား။

Sd, U Lat.
အင်းတိမ်မြို့စားမင်း
နှန်းပန်

အထက်ပါအကြောင်းအရာကို ပြည်သူလူအများ ကြားသိစေရန် ပုံရိုက်ထုတ်ဝေလိုက်သည်။

(ပုံ) ဦးသောဘိတ
ဟဲယာရွာမကျောင်းနီကျောင်း
ဂိုဏ်းအုပ်ဆရာတော်
၁၃၀၇-ခုနှစ် တော်သလင်းလဆုတ် ၉-ရက်နေ့၊

---

ဖေါင်တော်ဦးရုပ်ရှင်တော်မြတ်ဘုရားအား
ဒေသစာရီကြွချီတော်မူမြဲထက် တရက်ပိုမိုကြွချီတော်မူပါရန်

## ပင့်လျှောက်စာဘုရား

၁၃၀၇-ခု၊ သီတင်းကျွတ်လဆန်း(၃)ရက်နေ့

အဟံဘန္တေ ဒေဝမနုဿာနံ အတ္ထာယ ဟိတာယ သုခါယ သဗ္ဗသတ္တ ဘယဝူပသမာယ အနုကမ္ပာယ ပုရိမကတ္တိကမာသဿ ဇုပဏ္ဏက္ခဿ တတိယေဒိဝသေ ဂန္တုကာမိုတော ဗဟိ နိက္ခမိတွာ တတ္ထ ဧကေ ရတ္တိ မတ္တံ ဝိဟာရိတွာ စတုတ္ထ ဒိဝသံ အာဒိံ ကတွာ ယာဝ ပုရိမကတ္တိက ကာဠပက္ခ ဒုတိယဒိဝသာ ရာဇဌာနီ ဩောင်ရွှေနဂရေန သဟ အင်းလေးဂါမဿ ဒက္ခိဏ ဝါမဒေသံ ဒေသစာရီ ဝိစရိတုံ သဏ္ဌာစ္စံ ယာစာမိ။

ဘုန်းတော်အနန္တ ဉာဏ်တော်အနန္တ ဂုဏ်တော်အနန္တနှင့် ပြည့်စုံတော်မူသော ဖေါင်တော်ဦး ရုပ်ရှင်တော်မြတ်ဘုရား၊

လေးအသချေနှင့် ကမ္ဘာတသိန်း ပါရမီတော်ကို ဖြည့်ကျင့်ဆည်းပူးတော်မူမှသာလျှင် သဗ္ဗညုတ ဉာဏ်တော်ကို ရရှိတော်မူ၍ တိုင်းကားရှင်လူ ပြည်သူအပေါင်းတို့၏ အကျိုးစီးပွား ရှိသည် မရှိသည်ကို သိတော်မူသည်အဖြစ်ကြောင့်သာလျှင် ထိုဉာဏ်တော်ဖြင့် ဝေနေယျတို့၏ အကျိုးစီးပွား မဖြစ်သည်ကို ပယ်တော်မူလျက် မဟာကရုဏာ ဉာဏ်တော်ဖြင့်သာ လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းတို့အား ဒေသနာဓမ္မာဇဖြင့် ရန်ခပ်သိမ်း ဘေးခပ်သိမ်း အပေါင်းတို့မှ ကင်းဝေးစေတော်မူလျက် အကျိုးစီးပွားတို့၏ဖြစ်ထွန်းရာဒ္ဓကန်အမှန်ပြည်နိဗ္ဗာန်သို့ကယ်တင်ပို့ဆောင်တော် မူလေ့ရှိတော်မူသော ဖေါင်တော်ဦး ရုပ်ရှင်တော်မြတ်ဘုရား။ ရှင်တော်မြတ်ဘုရားကြီးသည် ရှေးရှေးသောဘုရားရှင်တို့ကဲ့သို့ ဝေနေယျတို့၏ အကျိုးစီးပွား ချမ်းသာခြင်းကို အမြဲငဲ့ညှာ သနားတော်မူသည့် ဓမ္မတာ သဘာဝ ရှိတော်မူသည်နှင့်အညီ ဒေသစာရီကြွချီတော်မူရန် ယခု ၁၃၀၇-ခုနှစ်အတွက် ရှိခိုးပင့်လျှောက်ထားရမည့်-လ•ရက်-အပိုင်းအခြားမှာ၊သီတင်းကျွတ်လဆန်း (၃)ရက်နေ့တွင် ကျိန်းစက်တော်မူသော ဂန္ဓကုဋိတိုက်တော်မှ ပြင်ပသို့ ထွက်ကြွတော်မူပြီးလျှင် ၎င်းမှ သီတင်းကျွတ်လဆုတ် (၂) ရက်နေ့တိုင်အောင် ရာဇဌာနီမင်းနေပြည် ညောင်ရွှေနှင့်တကွ အင်းဝဲယာဒေသသို့ ခရီးစဉ်အလိုက် ဝေနေယျတို့၏ဖူးမျှော်ကန်တော့အပူဇော်ကို ခံတော်မူခြင်းအကျိုးအလို့ငှါဒေသစာရီ ရွှေစက်တော်ဖြန့်ချီတော်မူပါမည့်အကြောင်း ဘုရားတပည့်တော် သာသနာပြုသာသနဒါယကာ တကာတော်စော်ဘွားကြီးစောရွှေသိုက်က ဘုရားရှင်အား ဝေသာလီပြည်သို့ ကြွချီတော်မူပါရန် ပင့်လျှောက်ထားသည့် လိစ္ဆဝီမင်းတို့၏ ထုံးတမ်းပမာဒသ အဉ္စလိ တင်ချီကာဖြင့် ရှိသေလေးမြတ်စွာ ဝံခြေတော်ဦးခိုက်ရှိခိုး ပင့်လျှောက် တောင်းပန်ပါသည် အရှင်မြတ်ဘုရား။

Sd.- Sao Shwe Thaike

သာသနာပြု သာသနဒါယကာ တကာတော်စော်ဘွားကြီး။ ၈-၁၀-၄၅

၁၃၀၇-ခု သီတင်းကျွတ်လဆန်း ၃-ရက်နေ့ နံနက် ၆-နာရီအချိန်
ဟဲယာရွာမမှ သံဃာတော်နှင့် လူဒါယကာတို့က
ဖေါင်တော်ဦး ရုပ်ပွားတော်မြတ်တို့ကို
ပင့်ဆောင်လျှောက်ထားသည့်

**ဘုရားပင့်စာတမ်းပါဘုရား**

(၁) တိလောကေပိ သမောနတ္ထိ၊ မုနိန္ဒာ မုနိန္ဒာ ဝိနာ။
တာရာ သသက် သက်ာသာ၊နတ္ထိ တာရာပထေ ယထာ။ ၊

(၁) တိလောကေပိ၊ ကာမ ရူပ အရူပဟု လောကသုံးခွင် ဘုံအပြင်၌။ ဝါ၊ လူနှင့်နဂါး သိကြားဗြဟ္မာ ထက်နတ်ရွာဟု သုံးဖြာသုံးရပ် လောကဓာတ်၌။ မုနိန္ဒာ၊ မုနိမုနိ ဘုမယှိသဖြင့် မုနိထင်ရှား ရှင်တော်မြတ်ဘုရားနှင့်။ ဝိနာ၊ ကင်း၍။ မုနိန္ဒာ၊ မုနိ ထင်ရှား ရှင်တော်မြတ်ဘုရားနှင့်။ သမော၊ နာမကာယ စသည် များဖျင် ဂုဏ်ပေါင်းယင်လျက် နှိုင်းယှဉ်စရာ တူလှစွာသော ဗြဟ္မာသိကြား နဂါးသုရံ သဟမ္ပတိ စယှိကုန်လျှောက် ရုံတ ယောက်သောသူမျှ။ နတ္ထိ၊ဧကေကန် ရှာလိုက်ပြန်က မယှိနိုင် မရ နိုင်ရိုး အမှန်ပင်တည်း။ ကိမိဝ၊ ပမာနှိုင်းဆို အဘယ်လိုနည်း ဟူမူကား။ တာရာပထေ၊ မိုးကောင်းကင်၌။ သသက်သက်ာသာ၊ ရွှေလမင်းနှင့် မယှဉ်းတရထည် ဂုဏ်ရောင်ခြည်နှင့် အကြည် တခန်း ပုံပန်းတဖြာ တူလှစွာသော။ တာရာ၊ သိန်းသန်းကုဋေ မရေတွက်သာ ကြယ်တာရာတို့တွင် ဘယ်တာရာ ဘယ်နက္ခတ် တလုံးကမျှ။ နတ္ထိယထာ၊ ဥရောပနှင့် အာရှတိုက်တွင်း ကမ္ဘာ ချင်းမှ သတင်းလျှံသောင်း ဓာတ်မှန်ပြောင်းတို့ဖြင့် ရပေါင်း ကြည့်ရှုကြပြောသော်လည်း ရှားပါးဧကေန် မယှိရိုးအမှန် ဖြစ်သ ကဲ့သို့တည်း။

(၂) မဟာဒိဗ္ဗယာဘယာ တီတ၊ ဘယာ တီတာ၀ သုခိတာ။
သ ရာဇိကာ မယံဒါနိ၊ မယံပျူဇိဿ သုဂတံ။

(၃) ဟဲယာဂါမေ နွေရတ္တိ ဒေယာ၊ ဝသနုဿာယ သာဒရံ။
နိမဗ္ဗေ့မ ပင့်မိဇွေ၊ ဖေါင်တော်ဦးဣတိ ဝိဿုတော။

(၂) (၃) ဘယာတိက၊ ဒေဝပုတ္တ ကိလေသနှင့် ခန္ဓာအာဒိ စယ်တဝေး စစ်မာရ်စစ်ဒဏ် စစ်ရန်ဘေးတို့မှ ကင်းဝေးလွန် မြောက်တော်မူပြီးသော အိ—ရှင်တော်မြတ်ဘုရား။ သ ရာဇိကာ၊ ဘုရားမြတ်စွာ သာသနာနှင့် ဘာသာတရား မပျက်ပြားတို့ စိတ်အားထက်သန် လုံ့လညာဏ်ဖြင့် စိမံဖန်တည်းကော် မူတတ် သော သာသနာပြု သာသနဒါယကာ မဟာရာဇာ တကာတော် စော်ဘွားကြီး စဝ်ရွှေသိုက်နှင့် တကွ ဖြစ်ကြကုန်သော။ မယံ၊ တိုင်းသူပြည်သား လူအများနှင့်ဂိုဏ်းသားသံဃာ သညာမှည့်ခေါ် ဘုရားတပည့်တော်တို့သည်။ တေတုမှာကာံ၊ ရှင်တော်မြတ်ဘုရား တို့၏။ မဟာဒိဗ္ဗယာ၊ ကြီးမြတ်သောတန်ခိုးတော်အားဖြင့်။ ဘယာ တီတာ၀၊ဘေးအတန်တန် ရန်အဝဝ ဒုက္ခမျိုးဟူသမျှတို့မှ ကင်းပ လွန်မြောက်ခဲ့ကြကုန်သည် ဖြစ်၍ သာလျှင်။ သုခိတာ၊ ကိုယ်စိတ် နှစ်ဖြာ ဧးမြစွာနှင့် လန်းကာ ရွှင်ဇိ ချမ်းသာခြင်းယှိ ကြပါကုန် သည်။ ဘဝါမ၊ မုချကေန် အမှန်မသွေ ဖြစ်ကြရပေကုန်၏ ဘုရား။ ဒါနိဣဒါနိ၊ ဤယခုလို အခါမျိုး၌။ ဝါ၊ သာသနာနှင့် ဘာသာ ကိုပြု လွန်ကြည့်ရှုသဖြင့်။ သာရသဏ္ဍန၊ သပ္ပုရိသအစစ် ဖြစ်ကြီး ဖြစ်တော်မူသော သာသနဒါယကာ တကာတော် စော်ဘွားကြီး စဝ်ရွှေသိုက် ကိုယ်တိုင် ၁၃၀၇–ခုနှစ်က စ၍ ဈေးဒေသစာရီ ကြွချီတော် မူမြဲထက် တရက်တိုး၍ တမျိုးတသီး ခရီးဒေသစာရီ ရွှေစက်တော်ဖြန့်ချိတို့ အဉ္စလိဂါရဝတို့ဖြင့် တင်ချီခါပဏာမပြုပြီး လျှင် ရွှေရုပ်ပေါ်ပြီး ရှိခိုးပင့်ဆောက်ထားသော ယခုလိုအခါ မျိုး၌။ မယမ္ပိ၊ ဟဲယာရွာသား တကာများနှင့် ဂိုဏ်းသား သံဃာ ဖြစ်ကြပါသော ဘုရားတပည့်တော်တို့ သည်လည်း။

သုဂတံ၊ သက်တော်ထင်ရှား ရှင်တော်မြတ်ဘုရားကို။ ဥဒ္ဒိဿ၊ စိတ်တွင်ပြဋ္ဌာန်း ရည်ကာမှန်း၍။ ဖေါင်တော်ဦး ဣတိဝိဿုတော၊ ဖေါင်တော်ဦးဟု ဂုဏ်ထူးနာမံ ဘွဲ့တော်ခံ၍ အမေရိကန် အင်္ဂလန် ရောက် တန်ခိုးတောက်လျက် ဖြိုးမောက်ကျော်ကြား အလွန်ပင် ထင်ရှားတော်မူကြကုန်သော။ ပဋိမိမ္ဗေ၊ ရှင်တော်ဘုရားကိုယ်တော် စားဟု ပိုင်းခြားရည်မှတ် ရုပ်ပွားတော်မြတ်တို့ကို။ ဟံသာဂါမေ၊ ဟံသာ ဟံသာ ဘွဲ့သညာဖြင့် ထင်စွာပါကဒူ ရွာဂါမဒ္ဒ။ ဒွေဝုတ္တိယော၊ အာသာယုဇ မာသလျှမ်းတက် ဆန်း ၅-ရက်နှင့် ၆-ရက်တဖန် ဆက်လက်ပြန်၍ ဆဲ့နှစ်ယာမ်လုံး နှစ်ညဥ့်ဆုံး သည့်တိုင်အောင်။ ဝသနတ္ထာယ၊ ကြွရောက် သီတင်း သုံးတော် မူရန် အကျိုးငှါ။ သာဒရံ၊ ရိုသေခြင်းနှင့် တကွ။ နိမန္တေမ၊ ဝိတိ ရောင် တဖိတ်ဖိတ် ဓောသဒ္ဓါ ဩဘာနိမိတ်တို့ကြောင့် သော ဘဂဝါ ထောမနာလို့မဆိတ်နိုင်ပဲ သောမနာ စောလာတဲ့ စိတ်တို့ ဖြင့် ဩြော်...... ပင့်ဘိတ်နိမန် လိုက်ကြပါကုန်၏. ရွှေဘုန်းတော် သခင် အသျှင်မြတ်တို့ဘုရား။

ဟံသာရွာမတွင် ဖေါင်တော်ဦး ရုပ်ပွားတော်မြတ် ၂-ည ကျိန်းရယ်သြဖြင့် ရပ်ရွာအတွင်း အမျိုးသမီး အမျိုးသား ဝတ်တက် အသင်း ၈-သင်း ဖြစ်ပေါ်လာကြရာ အောက်ပါအတိုင်း အလှည့် ကျ ဝတ်တက်ရန် စီစဉ်ပေးရသည်။

**၁၃၀၈-ခု ဟံသာရွာမသို့ ဖေါင်တော်ဦးဘုရား ကြွရောက်တော်မူလာသော အခါ ရွာမ ဘုရားဝတ်တက်အသင်းများ အလှည့်ကျ ဘုရားဝတ်တက်ရန် အချိန်နာရီနှင့် နေ့ရက် အပိုင်းအခြား စာရင်း**

(က) သီတင်းကျွတ်လဆန်း ၅-ရက် ညဝတ်တက်ရန် (၁) က (၄) အထိ

(၁) တောင်ချောင်းရပ် ( သဟာပုညကာရီ- ယုဝတိဝတ် အသင်း) ၁၄-ယောက်။
ည ၆-နာရီက ၇-နာရီခွဲ၊ အရှေ့တောင်မျက်နှာ။

(၂) ငါးရပ်ရ (သဟပုညကာရီ–ကုမ္မာရီ ဝတ်အသင်း) ၁၉–ယောက်။

ည ၇–နာရီခွဲက ၉–နာရီ၊ အရှေ့မြောက်မျက်နှာ။

(၃) နောက်ရပ်ကြီး (သဒ္ဓမ္မနန္ဒီ–ကုမ္မာရီ ဝတ်အသင်း) ၁၅–ယောက်။

ည ၉–နာရီက ၁၀–နာရီ၊ အနောက်မြောက်မျက်နှာ။

(၄) ပန်းပဲရပ် (ကြီးပွားရေး–ဝတ်အသင်း) ၁၄–ယောက်။
ည ၁၀–နာရီက ၁၁–နာရီခွဲ၊ အနောက်တောင်မျက်နှာ။

၁) သီတင်းကျွတ် လဆန်း ၆-ရက် ညဝတ်တက်ရန် (၅) က (၈) အထိ

(၅) ရေမလည်ရပ် (သဒ္ဓမ္မကာမီ-ကုမ္မာရီဝတ်အသင်း) ၁၄–ယောက်။

ည ၆–နာရီက ၇–နာရီခွဲ၊ အရှေ့တောင်မျက်နှာ။

(၆) ကလီးကြီးရပ် (ဘုန်းကြီးမွေ့ ပေါင်ညှာ ဝတ်တက် အသင်း)ဦးရေ ၂၀။

ည ၇–နာရီခွဲက ၉-နာရီ၊အရှေ့မြောက်မျက်နှာ။

(၇) ပြင်လွန်ရပ် (သဒ္ဓမ္မဂဝေသီ-ကုမ္မာရီဝတ်အသင်း) ၂၁–ယောက်။

ည ၉–နာရီက ၁၀–နာရီခွဲ၊ အနောက်တောင်မျက်နှာ။

(၈) ကလီးကြီးရပ် အလယ်ပိုင်း ( သဒ္ဓမ္မမာဒီ– ကုမ္မာရီ ဝတ်အသင်း) ၁၈–ယောက်။

ည ၁၀–နာရီခွဲက ၁၂-နာရီ၊အနောက်မြောက်မျက်နှာ။

**သတိပြုရန်။** ။မိမိတို့ကျရောက်သည့် အချိန် နာရီမတိုင်မီ နာရီဝက်စော၍ ကျောင်းတော်အတွင်း မိမိတို့နေရာသို့ အသင့် ရောက်ယှိနေကြရန်နှင့် မိမိတို့ ရယှိသော အချိန် နာရီ အတွင်း ရှာပြင်မှ ဝတ်တက်အသင်းများ အကယ်၍ ရောက်ယှိ ဝတ်တက်

လာခဲ့သော် မိမိတို့က နေ့ နံနက် အချိန်သို့ ရွှေပြောင်း ပေးရန် သဘောထားကြ စေလိုကြောင်း။

ဦးသောဘိတ
ကျောင်းနီကျောင်း ဆရာတော်

၁၃၀၈-ခုနှစ် ဖေါင်တော်ဦးမြတ်စွာဘုရား ရုပ်ပွားတော်မြတ်များ ညောင်ရွှေမြို့တော်သို့

## ဒေသစာရီ ကြွချီတော်မူသည့် ခရီးစဉ်

၁၃၀၇-ခုနှစ် တော်သလင်းလဆန်း(၅) ရက် နေ့ထွက် စာနံပါတ် ၆၀၂-ကိုရည်ညွှန်း၍ လွန်ခဲ့သော ၁၃၀၇-ခုနှစ်က စပြီးလျှင် ဖေါင်တော်ဦးမြတ်စွာဘုရား ရုပ်ရှင်တော်မြတ်သည် ဒေသစာရီ ကြွချီတော်မူရာဝယ် သီတင်းကျွတ်လဆန်း (၄) ရက်နေ့ ၇-နာရီ အချိန်၌ ဖေါင်တော်ဦး စံကျောင်းတော်မှ အင်းတိမ်သို့ ကြွတက် တော်မူ၍ ၎င်းလဆန်း ၅-ရက်နှင့် ၆-ရက်တွင် (ရွာမ) ၌ ကျိန်းဝပ် စံပယ်တော်မူရာ ရွာမတွင် သီတင်းသုံးတော်မူကြသော၊ ဆရာတော် သံဃာတော် အရှင်သူမြတ် များနှင့်တကွ ရပ်သူရွာသား ထမ်းသားကြီးငယ်တို့သည် အတိုင်းထက်အလွန် အားရ ဝမ်းမြောက်စွာ ကံ ကံ၏အကျိုးကို ကိုးစားယုံကြည် ခြင်းဖြင့် ရွှေသင်္ကန်း ဆွမ်း ကွမ်း ဆီမီး စသော ဒါနဝတ္ထု အစုစုတို့ကို ညီညာဖျဖျ ဝိုင်းဝန်း လှူဒါန်းပူဇော်ကြသော ကောင်းမှု၏ အဟုန်ကြောင့် နယ်နေ ထမ်းသားကြီးငယ်များမှာ ရောဂါ ဝေဒနာကင်းစင်ကြခြင်း တိုင်းပြည်နှင့်အမျှ ခံစားရသည့်ကပ်ကြီး ၃-ပါးမှ လွတ်မြောက်ခြင်းတို့ကို တွေ့မြင် သိရှိတော်မူရသည့် အတိုင်း ၁၃၀၇-ခုနှစ် ကြွချီတော်မူမြဲအတိုင်း အောက်ပါအစီ အစဉ်အရ ဖေါင်တော်ဦး ရုပ်ပွားတော်မြတ်တို့ကို ပင့်ဆောင် တော်မူမည်ဖြစ်ကြောင်း။

## ဒေသစာရီ ကြွချီရန် နေ့ရက်အချိန်နာရီများ

၁။ သီတင်းကျွတ် လဆန်း ၃-ရက်နေ့ နံက် ၆-နာရီအချိန် သီတင်းသုံးမြဲ တိုက်ခန်းမှ ကျောင်းပြင်သို့ ရွှေ့ပြောင်းသီတင်းသုံးတော်မူရန် ပင့်ယူကြွရောက်ခြင်း။

၂။ သီတင်းကျွတ်လဆန်း ၄-ရက်နေ့ နံက်၇-နာရီအချိန် ဖေါင်တော်ဦးကျောင်းတော်မှ အင်းတိမ်သို့ ပင့်ယူကြွရောက်ခြင်း။

၃။ ၎င်းလဆန်း ၅-ရက်နေ့ ၂-နာရီ မိနစ် ၃၀-တွင် စံကျောင်းမှ အင်းတိမ် တန်တားသို့ ကူး၍ ချောင်းမြောက်ဖက် အင်းတိမ်နယ်မြေတွင် အင်းတိမ်တိုက်မှ စီမံဆောက်လုပ်သော စံကျောင်းတော်သို့ ပြောင်းရွှေ့ပင့်ယူကြွရောက်ခြင်း။

၄။ ၃-နာရီ မိနစ် ၃၀-အချိန် အင်းတိမ် စံကျောင်းတော်မှ မြောင်းဆုံမှ လာသော တန်တားအောက်ဖက် လှေဆိပ်၊ ၎င်းမှ ဟဲယာရွာမသို့ ပင့်ဆောင်ရန်။

၅။ ၎င်းလဆန်း ၇-ရက်နေ့ ၇-နာရီအချိန် ဟဲယာရွာမမှ ညောင်ရွှေသို့ ပင့်ယူကြွရောက်ခြင်း။

မှတ်ရန်။ ။ကျန်သောဒေသစာရီကြွချီတော်မူသောနေ့ရက်အချိန်နာရီများမှာ မူလကြွချီမြဲ နေ့ရက်အချိန် နာရီအတိုင်းပင် ဖြစ်ကြောင်း။

နံပါတ် (၃၃၃၀) ၁၉၃၆-ခု ဩဂုတ်လ ၂၉-ရက်နေ့စွဲ ။

Sd. S. S. Thaick

အရှင်သခင်မဟာရာဇာ စဝ်ဖလုံဘုရား

၂၉-၈-၃၆ ညောင်ရွှေမြို့။

အထက်ပါ ရေးကူးချက်အမိန့်တော်မြတ်ကို သိရှိတော်မူပါရန် ဟဲယာရွာမ ဂိုဏ်းအုပ်ဆရာဘုရားထံ ဆက်ကပ်လှူဒါန်းပါသည် ဘုရား။

For, Ba Kyaw U S,
တကာတော်အမတ်ချုပ်ကြီး
(၃၃၅၄)
ညောင်ရွှေမြို့။ ၂၉-၀-၄၆

အထက်ပါ အကြောင်းအရာကို ပြည်သူအများ ကြားသိစေရန် ပုံရိုက်ထုတ်ဝေလိုက်သည်။

(ပုံ) ဦးသောဘိတ
ဟဲယာရွာမ ကျောင်းနိကျောင်းဆရာတော်
၁၃၀၀-ခုနှစ် တော်သလင်းလဆန်း (၁၄) ရက်နေ့

၁၃၀၉-ခုနှစ်အတွက် ဘုရားကြွခရီးစဉ်ကို အထူးပြောင်းလဲ ပြုပြင်လိုက်ပါသည် အကြောင်းမှာ—

ကြေးစားကုန်းကျောင်း ဆရာတော် ဦးပဏ္ဍိတ ကြီးမှူးသော သံဃာတော်များနှင့် ကြေးစားကုန်းဆိုင်ရာ တကာအများက ဖေါင်တော်ဦးဘုရား ရုပ်ပွားတော်မြတ်အား တရက်တိုး၍ တမျိုး အစီအစဉ်ဖြင့် ကြွတော်မူရန် ညောင်ရွှေမြို့ သာသနာပြု သာသန ဒါယကာ တကာတော် စစ်ရွှေသိုက် ထံတော်သို့ အကြောင်း အမျိုးမျိုးပြကာ မေတ္တာရပ်ခံစာ ဆက်သွင်းကြသည့် အတိုင်း ခွင့်ပြုတော် မူလိုက်သောကြောင့် ဖြစ်လေသည်၊ သို့ခွင့်ပြုတော် မူလိုက်သဖြင့်လည်း ညောင်ရွှေမှ ရွာမသို့ လာရောက်ကြိုဆို ပင့်ဆောင်ရသော ခရီး၏ထက်ဝက်မျှ သက်သာချောင်ချိသွားခဲ့ လေသည်၊ ထိုသို့ အစီအစဉ်မပြောင်းမီကာလက ညောင်ရွှေမှ ရွာမသို့ လာရောက် ကြိုဆိုကြရသော သူတို့မှာ ၆- ရက်ည သန်းကောင်ကျော် လောက်ကပင် လာကြ ရ၍ ရဟန်းတော်

များမှာ ငါပန်ရခြင်း ဆွမ်းပန်းကိစ္စ အခက် အခဲ ယှိခြင်း ညောင်ရွှေသို့နေ့ဆွမ်းမှီရန် အချိန်ကြပ်တည်းခြင်းစသော အခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့ ကြရလေသည်၊ယခုမှာမူ ညောင်ရွှေမှ ဖြေးဖြေးသက်သာစွာ လာရောက်ကြိုဆို၍ ညောင်ရွှေသို့လည်း နေ့ဆွမ်းကပ်ရန် အချိန်များစွာ ရကြလေသည်။

၁၃၀၉-ခုနှစ်ကစ၍ ဖေါင်တော်ဦးဘုရား ရုပ်ပွားတော်မြတ် ခရီးအစဉ်မှာ အောက်ပါအတိုင်း ဖြစ်လေသည်။

၁။ သီတင်းကျွတ်လဆန်း ၂-ရက်နေ့ နံက် ၆-နာရီအချိန် သီတင်းသုံးတော်မူမြဲ တိုက်ခန်းမှ ကျောင်းပြင်သို့ ရွှေ့ ပြောင်း သီတင်းသုံးတော်မူရန် ပင့်ဆောင်ခြင်း။

၂။ ၎င်းလဆန်း ၃-ရက်နေ့ နံနက်၇-နာရီအချိန် ဖေါင်တော် ဦး ကျောင်းတော်မှ အင်းတိမ်သို့ ပင့်ဆောင်ခြင်း။

၃။ ၎င်းလဆန်း ၄-ရက်နေ့ ညနေ ၂-နာရီခွဲအချိန် ချောင်း တောင်ဖက် စံကျောင်းတော်မှ ချောင်းကူး ထန်တား ဖြင့် ဖြတ်ကူး၍ ချောင်းမြောက်ဖက် စံကျောင်းတော်သို့ ပင့်ဆောင်ခြင်း။

၄။ ၎င်းနေ့ ညနေ ၃-နာရီခွဲအချိန် အင်းတိမ်ချောင်း မြောက် ဖက် စံကျောင်းတော်မှ ဟဲယာရွာမသို့ ပင့်ဆောင်ခြင်း။

၅။ ၎င်းလဆန်း ၆-ရက်နေ့ နံက် ၇-နာရီ ၁၅မိနစ်အချိန် ဟဲယာရွာမ စံကျောင်းတော်မှ ကြေးစားကုန်းသို့ ပင့် ဆောင်ခြင်း။

၆။ ၎င်းလဆန်း ၇-ရက်နေ့ နံနက် ၇-နာရီအချိန် ကြေးစား ကုန်းကျောင်းတော်မှ ညောင်ရွှေမြို့သို့ ပင့်ဆောင်ခြင်း ကျန်ဒေသစာရီ ခရီးစဉ်မှာ မူလနေ့ရက် အချိန်နာရီ အတိုင်းပင်။

ဓငင်းခရိုစည်အတိုင်း ၁၃၁၀-ခုနှစ်တွင် ဆက်လက်ကြွမြဲ ကြွတော်မူလေသည်။

၁၃၁၁-ခုနှစ် နယုန်လဆန်း ၈-ရက်နေ့သို့ ရောက်သောအခါ အောက်ပါ စာကို လက်ခံရယူပါသည်။

ရန်ကုန်မြို့
၁၀-၅-၄၉

**ဖေါင်တော်ဦး ရုပ်ရှင်တော်မြတ် ဒေသစာရီကြွချီတော်မူခြင်း၊**

ခြေတော်ဦးခိုက် လျှောက်ထားဝန့်ပါသည် အသျှင်သူမြတ်ဘုရား။....

**အကြောင်းမှာ—** ၁၃၀၇-ခုနှစ်ကစ၍ အသျှင်သူမြတ်ဘုရားကို အမှူးထားလျက် ဟဲယာရွာမ သံဃာတော်တို့ မေတ္တာရပ်ခံချက်အရ ဘုရားတပည့်တော်သည် ဖြူစင်သောစေတနာနှင့် ဟဲယာရွာမှာ တည့်ခိုးကျိန်းရန် စီမံပြောင်းလွှဲ ခဲ့ပါသည်ဘုရား။

မူလပြောင်းလဲစဉ်ကပင် ဆရာတကာတို့ သဘောမှာ ခေတ္တအစမ်းသဘော စီမံကြခြင်းဖြစ်သည်မှာ အသျှင်သူမြတ်ဘုရားလည်း သတိတော် ရယူလျက်ဖြစ်မည်ဟု ဘုရားတပည့်တော်ယုံကြည်ပါကြောင်းဘုရား။

ဒေသစာရီခရီးစဉ်ပြောင်းလဲပြီးနောက် ၃-နှစ် ၃-သီးအတွင်းမှာအဆင်မပြေစေသောအကြောင်းအရပ်ရပ်များနှင့် ဈေးအထက်ကျော် ကာရိုက မကြားဘူး သေးသော ကြောက်မက်ဘွယ်ရောဂါဆိုးကြီးများ ငါးဖယ် ချောင်းရွာ လယ်သစ် ရွာကစဖြစ်ပြီး၍ရောဂါဆိုးကြီးများသည် အဆက်မပြတ် နှိပ်စက်လျက်လူအသေအပျောက်များလာသည်၊ လွန်ခဲ့သောနှစ်က ဘုရား

မကြွမီ ရှေ့ရက်များတွင် ရောဂါအလူး ထူထပ်ပြီး မြို့ရောက်ရက်မှာ မိုးသည်းမလွတ်သည်ကို တွေ့ကြုံရသဖြင့် ဒေသစာရီခရီးစဉ်ရက် လွဲပြောင်း စီမံထားသော ခေတ္တ အစီအစဉ်ကို သံသယမကင်းဘွယ် ဖြစ်လာပါသဖြင့် ဤသံသယမှ ပယ်ရှားနိုင်ရန်နှင့် ဒေသစာရီကြွချီခြင်း အစဉ်အလာ ပြောင်းရွှေ့ခြင်း အပြစ် မများလာရအောင် ၁၃၁၁–ခုနှစ် အတွက် ဒေသစာရီကြွရက်ကို အထက်ကကဲ့သို့ သီတင်းကျွတ်လဆန်း ၅–ရက် အင်းတိမ်၊ ၆–ရက် ဟဲယာရွာမ စသည်ဖြင့် အဟောင်းအတိုင်း ကြွရန်သင့်သည်ဟု လျှောက်ထားဝံ့ ပါကြောင်းဘုရား။

Sd. sao shwe thaike
30-5-49.

ဟဲယာရွာမ ဂိုဏ်းသားဆရာတော်ဘုရား။

အဆက်ပါ လျှောက်ထားစာကို ၁၃၁၁–ခု နယုန်လဆန်း ၈–ရက် (၁၈–၆–၄၉)နေ့ ညနေ ညောင်ရွှေမြို့ ဝိနယာဒိနုဂ္ဂဟ စာမေးပွဲတော် ကိစ္စအတွက် ညောင်ရွှေသို့ အသွား နာယကတဲကျောင်းတွင် အမတ်ချုပ်ကြီးနှင့်သားတော်ကြီးတို့ထံမှတဆင့် လက်ခံရယူပါသည်၊ ဤကိစ္စကို စာပြန်ပွဲတော်ရက်အတွင်း သံဃာတော်များ စည်းဝေးဆုံးဖြတ်တော်မူရန် အမိန့်တော် အမှာစာကိုလည်း ဘုရားတပည့်တော်ထံ ရယူကြောင်း သားတော်ကြီးက လျှောက်ထားပါသည်၊ ၎င်းအမိန့်တော် အမှာစာအရ အောက်ဖေါ်ပြပါအတိုင်း သံဃာအစည်းအဝေး ပြုလုပ်တော် မူကြပါသည်။

## ဖေါင်တော်ဦး ရုပ်ပွားတော်မြတ် ခရီးဒေသစာရီ ကြွချီတော်မူခြင်းကိစ္စ သံဃာအစည်းအဝေး မှတ်တမ်း

၁၃၁၁–ခုနှစ် နယုန်လပြည့်ကျော် ၂–ရက် ည ၈–နာရီအချိန် စာပြန်ပွဲတော် ကျင်းပရာ ကျောင်းတော်ကြီး အတွင်း၌

သံဃာတော်များအစုံအညီတွင် ဖေါင်တော်ဦး ရုပ်ပွားတော်မြတ် ခရီးဒေသစာရီ ကြွချီတော်မူခြင်း အစဉ်အလာ အပြောင်းအလဲ နှင့် ပတ်သက်၍ နိုင်ငံတော်သမ္မတကြီး ဖြစ်တော်မူသော ညောင် ရွှေတကာတော်ကြီး စဝ်ရွှေသိုက်၏ ကျောင်းနှိ ဆရာတော် ဦးသောဘိတ ထံသို့ လျှောက်ထားသောစာကို သံဃာတော်တို့ ဝိုင်းဝန်းတိုင်ပင် ဆွေးနွေး စဉ်းစားတော်မူကြပါသည်။

ထိုအခါ နန်းပန် ဂိုဏ်းထောက် အင်းပေါ ခုံကျောင်း ဆရာ တော် ဘုရားကြီး၊ တောင်တို ဂိုဏ်းထောက် ရေလယ်ကျောင်း ဆရာတော် ဘုရားကြီးနှင့် သန်းတောင် ဂိုဏ်းထောက် မင်း ချောင်းကျောင်း ဆရာတော် ဘုရားကြီးတို့က မိမိတို့ ဆွေးနွေး စဉ်းစား၍ရသော အကြောင်းကို စာဖြင့် ရေးသားတော် မူကြပြီး အစည်းအဝေးသို့ တင်ပြတော် မူကြပါသည်။ ၎င်းဆရာတော် ဘုရားကြီး ၃-ပါး ရေးသား တင်ပြတော် မူသော စာတမ်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

၁၃၁၁-ခု နယုန်လပြည့်ကျော် ၂-ရက် ည ယခုအချိန်တွင် သားတော် စော်ဘွားနှင့် မှူးမတ်အရာယှိ အစုံအညီ စာပြန်ပွဲတော် သို့ ကြွရောက်တော်မူကြသော ဆရာတော် သံဃာတော်တို့ အစုံ အညီ မဟာဒဏ်ဝန်ပ၊ အစည်းအဝေး ကျင်းပရာ ဖြစ်သော ဤကျောင်းတော်ကြီး အတွင်းသို့ ရောက်ယှိကြပြီဖြစ်၍ ရန်ကုန် နေပြည်တော် တကာတော် သမ္မတကြီး စဝ်ရွှေသိုက်ထံမှ သား တော်ထံသို့ ပေးလာသည့် စာအရ စာပြန်ပွဲတော် အတွင်း သံဃာ တော်များ စည်းဝေး ဆုံးဖြတ်ပေးရန် လျှောက်ထားစေသော အရာမှာ ၁၃၀၇-ခုနှစ် အတွင်း၌ ဟဲယာရွာမ ကျောင်းနှိဂိုဏ်း အုပ် ဆရာတော် အမှူးထား၍ ဂိုဏ်းဝင် သံဃာတော်နှင့် ရပ်ရွာ နေ ဒါယကာ တို့က သာသန ဒါယကာ တကာတော်ကြီးထံ မိမိတို့ လိုလားချက် အရ မေတ္တာရပ်ခံ အကြောင်း ကြားကြရာ တကာတော် မင်းမြတ်က စေတနာ ဖြူစင်စွာနှင့် ညတိုးကျိန်းဝပ်

တော်မူရန် ခွင့်ပြုချက်အရ၊ ၇-ခု ၈-ခု ၉-ခု ၁၀-ခု နှစ်စဉ်မပျက် မကွက် ဖေါင်တော်ဦး ရုပ်ပွားတော် ဘုရားကို စေတနာ အင်အား အလျောက် ချီးမြှောက် လှူဒါန်း ဆွမ်း ပန်း ဆီမီး အသီးသီး ဒါန ဝမ်းမြောက် ကြည်ညို ကုသိုလ်ပြုကြသည်ကို လူရော နတ်ပါ အားလုံး သံဃာတော်ဘို့က သာဓု အနုမောဒနာ ခေါ်ယူကာ ဝမ်း မြောက်ကြပါကြောင်း။

ဗုဒ္ဓေါ လောကေ သမုပ္ပန္နော၊ ဟိတာယ သဗ္ဗပါဏိနံ။

ဟူသည်နှင့်အညီ ဘုရားရှင်သည် ဆိုးကျိုးကို ပေးတတ်သော သဘောမယှိ၊ လူနတ်တို့၏ အကျိုးငှါသာ လောကသို့ ပွင့်ပေါ်ကြွ ရောက် ချီးမြှောက်တတ်သော သဘောယှိတော် မူသည် ဖြစ်၍ တကာတော် အတွက်မှာလည်း ဒိဋ္ဌအကျိုး ပေးသော အားဖြင့် လူဦးရေ ၁၇-သန်းကျော်ယှိသော ပြည်ထောင်စု နိုင်ငံတော်ကြီး၏ မကိုဋ် ရွှေထီးသဘွယ် တင့်တယ် ခန့်ငြားသော သမ္မတ ရာထူး ကြီး ရယှိခြင်းနှင့် နယ်ရင်း တွင်လည်း သာသနဝန်ထမ်း ရဟန်း တော်များနှင့် နယ်ရွာယှိ ဒါယကာများ ကြီးပွား တိုးတက်ကြ သည်ကို ထောက်ရှုလျှင် တကာတော် ချီးမြှင့်ပိုင်းခြား ပေးအပ် ထားသော ၃-ရက်ကစ၍ အင်းတိမ်သို့ ကြွတော်မူသော စည်း ကမ်းကို အတည်ပြုပေးတော်မူရန် အားလုံးသဘောတူ အတည်ပြု ဆုံးဖြတ်တော်မူ ကြသည်ဖြစ်ကြောင်း၊ ၎င်းတင်ပြချက်စာတမ်းကို အစည်းအဝေးပါ ဆရာတော် သံဃာတော် အားလုံး လိုလိုပင် သဘောကျတော် မူကြပါသည်။

သို့သော် နယ်၄-ရပ်ဆိုင်ရာ သံဃာရေဇာ ဂိုဏ်းချုပ် မြို့မ ရွှေဂူကျောင်းဆရာတော်ဘုရားကြီးက(ဤ)လိုသာဆုံးဖြတ်အတည် ပြုလိုက်ပါလျှင် တကာတော် သမ္မတကြီး၏ အလိုတော်နှင့် ဆန့် ကျင်နေပါလိမ့်မည်၊ နောင်အနာဂတ် ကာလတွင်လည်း အချင်း ချင်း ကွဲပြား ခြားနား ကြပေလိမ့်မည်၊ သို့ဖြစ်၍ ကျောင်းနှိ

ဘုန်းကြီးကိုသာ မူလအာဟောင်းအတိုင်း ဒေသစာရီ ကြွချီတော်မူခြင်းကို လိုက်လျော သဘောတူပေးရန် သံဃာတော်များက တိုက်တွန်းကြောင်း) ဟူသော အဆိုကို တင်သွင်းပြန်ရာ သံဃာများ မည်သို့မျှ ပြောဆိုခြင်း မယှိပါသဖြင့် ကျောင်းနိ ဘုန်းကြီးက လျှောက်ထားပြန်သည်မှာ (တပည့်တော်များမှာ ဤ ကိစ္စတွင် အရင်းမူလဘူတ ဖြစ်နေကြပါသောကြောင့် ဂိုဏ်းချုပ် ဆရာတော် ဘုရားကြီး အမိန့်ယှိတော် မူသည့်အတိုင်း လိုက်လျော သဘောတူ ပေးလိုက်လျှင် အားလုံး ကိစ္စပြီးနိုင်၍ သံဃာတော်များလည်း အကြီအခိုက်ခါ စိတ် ဆင်းရဲတော် မူရကြမည် မဟုတ်ကြောင်း အမှန် သိပါသည်ဘုရား၊ သံဃာတော် များနှင့် တကာတော်တို့အားလည်း အထူးပင် အားနာလှပါသည်ဘုရား။

သို့ပါသော်လည်း ဘုရား တပည့်တော် တို့မှာ ခဲယဉ်းငြိုငြင်စွာ တကာတော် သမ္မတကြီးနှင့် တိုင်ပင် ကြံစည် အားထုတ်ပြုလုပ်စီမံ ဖန်တည်း၍ ရတော့ရခဲ အတိဒုလ္လဘတရ အဖြစ်ဖြင့် ရထားပြီးသော အခွင့်အရေးကို လွယ်လွယ်ကူကူ စွန့်လွှတ်လိုက်လျော သဘောတူလိုက်ရမည်ဆိုပါက အလွန်အကြူး အထူးကြည်ကွဲ ဝမ်းနဲ့ဘွယ် အမှန်ဖြစ်ရမည့် အကြောင်းကို အကျယ်တဝင့် လျှောက်ထားရန် မဝံ့အောင်ပင် ဖြစ်ပါကြောင်းဘုရား) ဟု လျှောက်ထားသော အခါ ......တကာတော် သားတော်ကြီးက လျှောက်ထားပြန်သည်မှာ—

(ယခု ၁၃၁၁-ခုနှစ်အတွက်ကို ခမည်းတော် စာပါအတိုင်း လိုက်လျောတော်မူပြီးလျှင် ခမည်းတော် သမ္မတကြီး ပြန်လာကြွရောက်တော်မူလာသောအခါကျမှ တကာတော် သမ္မတကြီးနှင့် သံဃာတော်အရှင်မြတ်များ နီးကပ်စွာ တွေ့ဆုံ ဆွေးနွေးတိုင်ပင်တော်မူကြပြီး အင်းတိမ်ကစ၍ ခရီးစဉ်ကို အကောင်းဆုံး ဖြစ်အောင် စီစဉ်ဆုံးဖြတ် အတည်ပြုတော်မူကြပါလျှင် ပို၍ ကောင်းမည်ထင်ကြောင်း)လျှောက်ထားရာ ကျောင်းနိ ဘုန်းကြီးကပင်—

(ကောင်းပါသည် တကာတော်၊သို့သော် အချိန် ယှိပါသေးသည်၊ တကာတော် သမ္ဗတကြီးထံသို့ မေတ္တာစာဆက်သွင်းပါဦးမည်၊ တကာတော် သမ္ဗတကြီး ထံမှ ပြန်ကြားမည့် စာကို အထောက်အထား ပြုကာ လိုက်လျောသဘောတူသင့်က လိုက်လျော သဘောတူရန် အဆင်သင့်ဖြစ်ကြောင်းကို အချိန်မီ ကျေညာ ပါမည်ဘုရား) ဟုဝန်ခံကတိပေးပြီး အစည်းအဝေးကို ယုတ်သိမ်းလိုက်ပါသည်။

ဝန်ခံကတိပေးပြီးသည့်အတိုင်း အောက်ပါ မေတ္တာစာကို ရေးသား ဆက်သွင်းလိုက်ပါသည်။

ထံမှ-

ရွာမကျောင်းနီကျောင်း ဘုန်းကြီး

ညောင်ရွှေနယ်

၁၃၁၁–ခု နယုန်လပြည့်ကျော် ၈-ရက်

ထံသို့–

သာသနာပြု သာသန ဒါယကာ

တကာတော်သမ္ဗတကြီး

ပြည်ထောင်စုမြန်မာနိုင်ငံတော်

၁၈–၆–၄၉

## ကိစ္စ- ဖေါင်တော်ဦး ရုပ်ပွားတော်မြတ် ဒေသစာရီ ကြွချီတော်မူခြင်း။

မေတ္တာပြဋ္ဌာန်းသော စိတ်ကို မှုတည်၍ စာဖြင့် ရေးသား ဆက်သွင်းအပ်ပါသည်၊ သာသနာပြုသာသနဒါယကာ တကာတော် တရားမင်းမြတ်။

**အကြောင်းမှာ။** ၃၀-၅-၄၉ နေ့စွဲဖြင့် ပေးပို့လျှောက်ထားသော စာကို ၁၈-၆-၄၉ နေ့ ညောင်ရွှေ စာပြန်ပွဲ တဲကျောင်းသို့ ရောက်သော ညနေတွင် အမတ်ချုပ်နှင့် သားတော်ကြီး တို့ထံမှ တဆင့် လက်ခံရယှိ (၁၃၀၇- ခုနှစ်က စ၍ တကာတော်၏ ပြုစင်သော စေတနာဖြင့် ဟဲယာရွာမမှာ တည့်ခွတ်း ကျိန်းစက်တော်မူရန် စိမံလွှဲပြောင်းခဲ့သော ဖေါင်တော်ဦးရုပ်ပွားတော်မြတ် ဒေသစာရီ ကြွချီတော်မူရာ ခရီးစဉ်ကို သိတင်းကျွတ် လဆန်း

၅-ရက် အင်းတိမ်၊ ၆-ရက် ဟဲယာရွာမ စသည်ဖြင့် ပြန်လည် လွှဲပြောင်း အဟောင်းအတိုင်း ကြွရန်သင့်သည်) ဟူသော စာပါ အကြောင်းများကို သိသာရပြီးဖြစ်သည့်ပြင်-

(ခရီးစဉ်ပြောင်းလဲပြီးနောက် ၃-နှစ်အတွင်း ၁-အဆင်မပြေ စေသောအကြောင်း အရပ်ရပ်နှင့် ၂-ရှေးအထက်ကျော်ကာရီက မကြားဘူးသေးသော ကြောက်မက် ဘွယ်ရာ ရောဂါဆိုးကြီး အဆက်မပြတ် နှိပ်စက်လျက် လူအသေအပျောက် များလာခြင်း၊ ၃-လွန်ခဲ့သောနှစ်က ဘုရားမကြွမီ ရွှေရက်များတွင် ရောဂါ အဘူး ထူထပ်ပြီး မြို့ရောက်ရက်မှာ မိုးမလွတ်သည်ကို တွေ့ကြုံ ရသဖြင့် ဒေသစာရီ ခရီးစဉ်လွှဲပြောင်း စီမံထားသော ခေတ္တ အစီ အစဉ်ကို သံသယဖြစ်ဘွယ် ဖြစ်လာသဖြင့်) ဟူသော အကြောင်း ပြချက်ဘို့ကိုလည်း သိယှ် မှတ်သားရပြီးဖြစ်ပါကြောင်း။

လိုရင်းသရုပ် အဓိပ္ပါယ်ချုပ်ကို ကောက်နုတ် ဖော်ပြရလျှင် ၁-ဖြစ်ပေါ်လာသော သံသယကို ပယ်ရှားနိုင်ရန်နှင့် ၂-အစဉ် အလာ ပြောင်းလွှဲခြင်း အပြစ်များလာခြင်းမှ ကင်းလွတ်ရန် ဟူသော အကြောင်း ၂-ချက်ကို ရည်ညွှန်းလျက် (အဟောင်း အတိုင်း ကြွရန်သင့်သည်) ဟူ၍ တကာတော် လျှောက်ထားခြင်း ဖြစ်တန်ရာသည် ဟု ယူဆမိပါသည်။

သို့ယူဆချက်အရ ဖြစ်ပေါ်လာသော သံသယကို သာဓက ဆိုင်ရာနှင့် ခိုင်အမာ ကိုးကား၍ ပယ်ရှားနိုင်အောင် ထုတ်ဆောင် ဖော်ပြပါဦးအံ့။

၁။ ဝေသာလီ ဝါသိနော မဟာန္တံ ပဏ္ဏာကာရံ သဒ္ဓေတွာ ရာဇာနံ မိတ္တံသာ်ရံ သညာပေတွာ သတ္ထာရံ ဣခါ နေထာ တိ မဟာလိံ စေဝ လိစ္ဆဝိံ ပုရောဟိတပုတ္တဉ္စ ပဟိ ဏိံသု။ တေ ဂန္တွာ ရညော ပဏ္ဏာကာရံ ဒတွာ တံ

ပဝတ္တိံ နိဝေ ဒေတွာ မဟာရာဇာ သညာရံ အမှာကံ နဂရံ ပေသေထာ တိ ယာစိံသု။ ရာဇာ တုမှေဝ ဇာနာထာ တိ သမ္ပဋိစ္ဆိ၊ တေ ဘဂဝန္တံ ဥပသင်္ကမိတွာ ယာစိံသု ဘန္တေ ဝေသာလိယံ တိဝိဓ ဘယာနိ ဥပ္ပန္နာနိ။ တာနိ တုမှေသု အာဂတေသု ဝူပသမိဿန္တိ သာဓု ဘန္တေ ဂစ္ဆာမာ တိ။

ဝေသာလီပြည်သူ ပြည်သားတို့သည် များစွာသော လက်ဆောင် ပဏ္ဏာကို စီမံကြကာ ဗိမ္ဗိသာရ ဘုရင်မင်းမြတ်ကို ညွှန်ပြပြီးလျှင် မြတ်စွာဘုရားကို ငါတို့ပြည်သို့ ပင့်ဆောင်ကြလော့ ဟု မဟာလိ လိစ္ဆဝီနှင့် ပုရောဟိတ်၏ သားကို စေလွှတ် ကြကုန်၏၊ ၎င်းတို့သွားကြပြီးလျှင် ဗိမ္ဗိသာရ မင်းကြီးအား လက်ဆောင်တော်တို့ကို ဆက်သ၍ အကြောင်းကို သံတော်ဦးတင်၍ အရှင်မင်းမြတ် မြတ်စွာ ဘုရားကို အကျွန်ုပ်တို့ ပြည်သို့ ကြွစေတော် မူပါဟု တောင်းပန် ကြကုန်၏၊ မင်းကြီး ကလည်း သင်တို့သာ လိမ္မာသလို ပင့်ဆောင်ကြပါဟု မိန့်မြွက် ခွင့်ပေး ဝန်ခံတော်မူလိုက်၏၊ ၎င်းတို့သည် မြတ်စွာဘုရား ထံတော်သို့ ဆည်းကပ်ကြ ပြီးလျှင် (ဘုန်းတော် အလွန် ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား၊ ဝေသာလီပြည်မှာ ဘေးကြီး ၃-ပါး ကျရောက်ဖြစ်ပွားနေပါသည်ဘုရား၊ ၎င်းတို့သည် အရှင်ဘုရားတို့ ကြွရောက်တော်မူလာကြပါမှ ကင်းငြိမ်းလွင့်ပျောက် ကုန်လတ္တံ့၊ အရှင်ဘုရား ကြွတော်မူပါ သွားကြကုန်အံ့) ဟု တောင်းပန်ကြကုန်၏။

ဤသို့ စသည်ဖြင့် ဝေသာလီ ပြည်တွင် (၁) ဒုဗ္ဘိက္ခဘယ၊ (၂) အမနုဿဘယ (၃) ရောဂဘယ ဟူသော ဘေးကြီး၃-ပါး ကပ်ရောက် နှိပ်စက်လာသည့်အခါ မြတ်စွာဘုရားကို ပင့်လျှောက်ကြ၍ မြတ်စွာဘုရား ကြွသွားတော်မူကာ—

သဏ္ဍာရာ ဩဘတရိတွာ တိရေ အင္ကုန္တမတွေ ယော၀
မဟာမေဃော ဥဋ္ဌဟိတွာ ပေါက္ခရ ၀ဿံ ၀ဿိ။

ဂင်္ဂါမြစ်တဖက်ကမ်း ဝေသာလီပြည် နယ်နိမိတ် အတွင်း သက်ဆင်းတော် မူမိသည်နှင့် တပြိုင်နက် ပေါက္ခရ၀ဿ မည်သော မိုးကြီး သည်းထန်စွာ ရွာသွန်းလိုက်ရာ သူကောင်ပုပ် အစ ယှိုသည်တို့မှာ ရေစီးရာသို့ လိုက်ပါသွားကြလျက် တပြည်လုံး စင်ကြယ် သန့်ရှင်း၍ ဘေး ၃-ပါးမှ လွတ်ကင်းကြောင်း ဓမ္မပဒ အဋ္ဌကထာ ပကိဏ္ဏကဝဂ် အတ္တနောပုဗ္ဗကမ္မ ၀တ္ထုတွင် အထင် အရှားလာယှိုပါသည်။

ဤသာဓကကို ထောက်ဆဆင်ခြင်လျှင် ဖေါင်တော်ဦး ရုပ်ပွား တော်မြတ် ဒေသစာရီ ကြွချီတော် မူသော ခရီးစဉ် ပြောင်းလွဲ ကြွရောက်ခြင်းကို အကြောင်းပြု၍(မဖြစ်ဘူးသော ရောဂါဖြစ်ပွား ခြင်း မိုးမလင်းရွာခြင်း)ဟူ၍ ဖြစ်ပေါ်လာသော သံသယကို မချေကန် အမှန်ပယ်ရှား နိုင်ရာပါသည်။

ရင်းပြင် တဝ ထောက်ရှုရန် သာဓကမှာ—

ကေဂုဝလော ဘိက္ခဝေ လောကေ ဥပ္ပဇ္ဇမာနော ဥပ္ပဇ္ဇတိ ဗဟုဇန ဟိတာယ ဗဟုဇန သုခါယ လောကာနုကမ္ပာယ အတ္ထာယ ဟိတာယ သုခါယ ဒေဝ မနုဿာနံ။ ကတမော ကေပုဂ္ဂ လော တထာဂတော အရဟံ သမ္မာသမ္ဗုဒ္ဓေါ။

(မြတ်စွာဘုရား သခင်သည် လူနတ်တို့၏ စီးပွားချမ်းသာ အလို့ငှါသာ လောကဍ္ဍ ဖြစ်တော်မူ ပွင့်တော်မူလာရပေသည်)ဟု ကေနိပါတ် ဒုကနိပါတ် အင်္ဂုတ္တရ ပါဠိတော် ၂-ရပ်လုံး၌ ဟော တော်မူသည်ကိုထောက်ရှုလျှင်လည်း ဖေါင်တော်ဦးရုပ်ပွားတော် မြတ် ဒေသစာရီ ကြွချီတော် မူခြင်းသည် လောက၏ စီးပွားချမ်း သာတိုးတက်မှုကိုသာ ဖြစ်စေလျက် ဆုတ်ယုတ်ပျက်ပြားစေမှုကို ကား မည်သည့်နည်းနှင့်မျှမဖြစ်စေနိုင်ဟူသောရည်ညွှန်းချက်ဖြင့်

ရှေးဘေးလောင်းတော် ဘိုးလောင်းတော်တို့ လက်ထက်က စ၍ ခရိုး ဒေသစာရိ လှည့်လည် ကြွချီတော်မူခြင်း အစဉ် အလာကို မူလ ညောင်ရွှေ၊ ၎င်းကမှ အင်းတိမ် ညောင်ရွှေနှင့် အင်းလေးရွာ၊ ၎င်းနောက် ညောင်ရွှေတွင် ၂-ညဉ့်၊ လင်းကင်း၊ မိုင်းသော၊ ကျိုင့်ခန့်၊ မိုင်းပျိုးစသည်ဖြင့်၊ တိုးချဲ့ ဖြန့်ချီ လာခဲ့ကြောင်း သိမှီ သူတို့ ယခုတိုင် ပြောပြလျက် ယှိကြပါသေးသည်။

သို့ဖြစ်ပါသောကြောင့် ဖေါင်တော်ဦး ရုပ်ပွားတော်မြတ် ခရိုး ဒေသစာရီ ကြွချီတော်မူခြင်း အစဉ် အလာ ပြောင်းလဲခဲ့သည်ကို သံသယ ဖြစ်ဘွယ်ယှိသည် ဟု ယူဆတော် မမူသင့်ပါ။

အနှီးကပ်ဆုံး အကြောင်းကိုပြရမည်ဆိုလျှင် ထိုသို့အပြောင်း အလွဲမပြုမီ ဒုတိယ ကမ္ဘာစစ်ကြီး အတွင်းက အရပ်ရပ်မှ ဝင်ရောက် ခိုအောင်း လာခဲ့ကြသော ထောင်ပေါင်း များစွာသော သူတို့၏ နှုတ်ဖျားတွင် ဖေါင်တော်ဦး ရုပ်ပွားတော် မြတ်တို့၏ တန်ခိုးအာနုဘော်ကို ကြွေးကြော် ချီးကျူး၍ မကုန်နိုင် အောင် ထင်ရှားခဲ့ပါသည်၊ ရုပ်ပွားတော်မြတ်တို့၏ သက်နီးတော်မှုကိုပင် အဘယ်မျှ တန်ခိုးအာနုဘော်ယှိကြောင်း ပင့်ဆောင် ကိုးကွယ်ရသူတိုင်း အံ့ဩစရာ အကျိုးကို ခံစားခဲ့ကြရ ပါသေးသည်၊ ရုပ်ပွားတော်မြတ် ကိုယ်တော်တိုင်ကို မူကား အဘယ် ဆိုဘွယ်ရာ ယှိပါတော့အံ့နည်း၊ အထူးအားဖြင့် ခရိုးစဉ် ပြောင်း လွဲလာပြီး သည့်နောက် ယခု အခြေအနေအရ ဘေးအန္တရာယ် ဟူသမျှတို့မှ ကင်းပလွတ်ကင်းလျက် ဟဲယာရွာမတွင် ကျန်းမာရေး ပညာရေး စီးပွားရေး သာသနာရေးတို့ ဖွံ့ဖြိုးတိုးတက်လျက် ယှိကြသည်ကို လည်း ဒိဋ္ဌမျက်မှောက်အားဖြင့် တွေ့မြင် နိုင်ပါကြောင်း။

(၂) (ခရိုးဒေသစာရီ ကြွချီတော်မူရာ အစဉ် အလာ ပြောင်း လဲခြင်း အပြစ် များလာခြင်းမှ ကင်းလွတ်ရန်) ဟူသော ကိစ္စမှာ–

(၁) လွန်ခဲ့သော နှစ်က ရက်တိုး တောင်းဆိုကြသော သရက် သုံးပင်ရွာ သပြေပင်ရွာနှင့် သလဲဦးရွာ တို့ကလည်း နောက်ထပ် တောင်းဆိုရာ ရည်မှန်းချက် မယှိတော့ ကြောင်းကို သက်ဆိုင်ရာ ပဓာန ဖြစ်သော ပုဂ္ဂိုလ်တို့ထံမှ သိယှိရခြင်း။

(၂) အင်းတိမ်ဂိုဏ်း သံဃာတော် တို့ကလည်း ၃-ရက်နေ့ အင်းတိမ်သို့ ပင့်ဆောင်သော ရက်ထက်စော၍ နောက် ထပ် တောင်းဆိုလာလျှင် ကန့်ကွက်ရမည် ဖြစ်ကြောင်း သံဃာအများ ရှေ့တွင် အတိအလင်း ထုတ်ဖေါ်ပြောဆို လိုက်ခြင်း။

(၃) ဟဲယာ ဂိုဏ်းသား သံဃာတော် များကလည်း ယခု လက်ယှိ ရက်စဉ် အတိုင်းသာ တည်မြဲစေ၍ နောက်ထပ် ဒေသစာရီ အစဉ်အလာ အပြောင်းအလဲ မယှိစေရန် အင်းတိမ် ဂိုဏ်းကကဲ့သို့ပင် မိမိတို့ရက်ကို မရွှေ့မပြောင်း နိုင်ကြောင်း သဘောဆန္ဒ တူမျှကြပြီးဖြစ်ခြင်း။

ဤအကြောင်း ၃-ချက်ကို ချိတ်ဆက်စဉ်းစားပြီးလျှင် နောက် ထပ် ခရီးဒေသစာရီ အစဉ်အလာ ပြောင်းလွဲခြင်း အပြစ်များ လာခြင်းမှ မချဧကန် အမှန်လွတ်ကင်းနိုင်ရာပေသည်ဟု ယုံကြည် အပ် ယုံကြည်သင့် ယုံကြည်ထိုက်လှပါကြောင်း။

သို့ဖြစ်ပါသောကြောင့် ၁၃၀၇-ခုနှစ်ကစ၍ ဖေါင်တော်ဦး ရုပ်ပွားတော်မြတ်၏ တန်ခိုးတော် တေဇာကို တကာဆရာ အထူး ယုံကြည်လေးစားစွာနှင့် တကာတော်၏ ဖြူစင် သန့်ရှင်းသော စေတနာကို ထင်လင်းစွာ ဖေါ်ပြလျက် ခေတ္တသာယီ အစမ်း သဘောမျှ ပြောင်းလွဲ စီမံထားခဲ့သော ဖေါင်တော်ဦး ရုပ်ပွား တော်မြတ်၏ ဒေသစာရီ ကြွချီတော်မူရာ ခရီးစဉ်ကို ယခု- ၁၃၁၁-ခုနှစ်ကစ၍ ထာဝရတည်မြဲ သွားနိုင်စေရန် တကာတော်

ကြီး၏ ရတနာသုံးပါးဂုဏ်တော်၌ မတုန်မလှုပ်သက်ဝင်ယုံကြည်တော်မူခြင်း အစလ သဒ္ဓါတရား ဖြူစင် သန့်ရှင်း ကြည်လင်ပြတ်သားသော စေတနာ မဟာတ္တမ သဘောတရားတို့ကို ပိုမိုထားယှိတော်မူပြီးလျှင်–

အတ္တနာပတိ ကတံ ပါပံ၊ အတ္တနာ သံကိလိဿတိ။
အတ္တနာ အကတံ ပါပံ၊ အတ္တနာဝ ဝိသုဇ္ဈတိ။
သုဒ္ဓိ အသုဒ္ဓိ ပစ္စတ္တံ၊ နာညော အညံ ဝိသောဓယေ။

(မိမိစေတနာ အလျောက် ပြုအပ်သောအမှုသည် ထိုစေတနာအလျောက် အကျိုးပေး၏၊ သူတယောက်အကျိုးပေးမှု ပြုသနာကို သူတယောက်က ဝင်ရောက် ဖြေရှင်းခွင့်မရနိုင်) ဟူသော ဓမ္မပဒ အဋ္ဌကထာ အတ္တဝဂ် ၉–ခုမြောက် ဗုဒ္ဓကာလ ဥပါသကဝတ္ထု လာ ဒေသနာတော် ဓမ္မကိုလည်း ကြိုဆစဉ်းစား သဘောတော်ထားလျက် ယုံမှားကင်းစွာ ညွှန်ကြားလွှာကို ပညာအကျော်မြတ်သားတော်နှင့် မဟောပမာ တူလှစွာသော မဟာမတ္တနာမသမုတ် အမတ်ချုပ်တို့ထံ အမြန်မနှေး ပို့ပေးတော် မူစေလိုပါကြောင်း ဆုတောင်းမေတ္တာစာ ဆက်သွင်း အပ်ပါသည်၊ သာသနာပြု သာသန ဒါယကာ တကာတော် တရားမင်းမြတ်။

ဦးသောဘိတ
၁၈-၆-၄၉

၁၃၁၁-ခု နယုန်လဆုတ် ၈-ရက်နေ့
ပြည်ထောင်စု နိုင်ငံတော် သာသနာ့ ဒါယကာ တကာတော်
သမ္မတမင်းမြတ်ထံ

## ဆက်သွင်းသည့်စာလွှာ

ဖေါင်တော်ဦး ရုပ်ရှင်မြတ်စွာဘုရား၏ ဒေသစာရီ ကြွချီခြင်းကိစ္စနှင့်ပတ်သက်၍ တကာတော်သမ္မတမင်းထံမှ ၃၀-၅-၄၉–နေ့စွဲပါ စာလွှာကို အသီးသီးရရှိကြပါသည်၊ တကာတော် သမ္မတ

မင်း၏ သတိပေး လျှောက်ထားချက် အတိုင်း ၁၃၁၁-ခု နယုန် လဆုတ် ၂—ရက်နေ့ ည ၉-နာရီအချိန် အဗ္ဗဒိသာ ကျောင်းတော် ကြီး၌ာနေ၌ အင်းပေါခုံ ဂိုဏ်းထောက်. ဆရာတော်ဘုရား အမှူး ပြု၍ သံဃာတော် ၁၃၀-ကျော်ခန့် အစည်းအဝေး ဖွင့်လျက် တိုင်ပင် ဆွေးနွေး ဆုံးဖြတ်ကြပါကြောင်း။

၁။ ဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် "ဗုဒ္ဓေါလော ကေ သမုပ္ပန္နော၊ ဟိတာယ သဗ္ဗပါဏိနံ" ဟူသော ပါဠိတော်ပါ၌ နှင့် လျော်ညီစွာ လူနတ်ဗြဟ္မာ သတ္တဝါတို့၏ အစီးအပွား အလို့ငှါ ပွင့်တော် မူလာ သည်ကို တကာတော် မင်းတရား ကြီးလည်း ယုံကြည်လေးစားပြီး ဖြစ်ပါသဖြင့် အစီးအပွားမဲ့ ဖြစ်ကောင်း ဖြစ်လိမ့်မည်လားဟု ယုံမှားသံ သယမှ ကင်းရှင်းပါရန် လေး နက်စွာ မေတ္တာရပ်ခံကြပါကြောင်း။

၂။ ဖေါင်တော်ဦး ရုပ်ရှင်တော်မြတ် ညဥ့်တိုးကျိန်းဝပ်တော် မူရန် စေတနာပြုစင်စွာနှင့် တကာတော် အခွင့်ပြုပါသဖြင့် အား လုံးသောတကာ တကာမအပေါင်းတို့မှာ ကုသိုလ်တရား တိုးပွား ကြသည့်ပြင် တကာတော်မှာလည်း လူဦးရေ ၁၇-သန်းကျော် ရှိသော ပြည်ထောင်စု နိုင်ငံတော်ကြီး၏ မကိုဋ်ထွဋ်ထိး အကြီး ဥက္ကဌ သမ္မတမင်းမြတ် အဖြစ်သို့ ကြေးစားဘုန်းကျောင်း၌ာန ဘုရားကျိန်းဝပ်တော် မူသောနေ့၌ပင်လျှင် ရောက်ရှိ ရယူတော် မူနိုင်သည်ဟု ထင်မြင်ယူဆကြပါကြောင်း။

၃။အနာဂတ် ကာလအတွက်၌ အသီးအသီး၌ာနတို့က ပင့်ဆောင် ခြင်းမရှိကြစေရန် သံဃာတော်များက မေတ္တာရပ်ခံ တောင်းပန် ပြီးဖြစ်ပါ၍ တစုံတရာ ရှုပ်ထွေးခြင်း ရှိလိမ့်မည် မဟုတ်ဟု ယုံကြည်ယူဆ စေလိုပါကြောင်း။

၄။ ပြည်ထောင်စု နိုင်ငံတော်အတွင်းရှိ မြို့ရွာအသီးသီးတို့၌ သောင်းကျန်းမှု ဘေးရန်အသွယ်သွယ် ခံနေရညား သော်လည်း

ညောင်ရွှေနယ်အတွင်း၌ အေးချမ်းသာယာ၍ ဒုက္ခသည်အပေါင်း တို့၏ အားထားမှီခိုရာသဘွယ် ဖြစ်သည်ကို ထောက်ဆပါက ဖေါင်တော်ဦး မြတ်စွာဘုရား၏ ရက်တိုး ကြွမှုကြောင့်ပင်ဟု ယူဆ နိုင်ပါကြောင်း။

သို့ပါသောကြောင့် နယ်သူနယ်သား တကာတကာမများ တို့၏ ကုသိုလ်တရား တိုးပွားများပြားမှုကို ထောက်ထားငဲ့ညှာ သနားပါသဖြင့် ခွင့်ပြုတော်မူပြီးဖြစ်သော ဒေသစာရီ ကြွချီစံမြန်း တော်မူသည့် ခရီးစဉ်အတိုင်း ဆက်လက်ခွင့်ပြုတော်မူလိမ့်မည် ဟု ယုံကြည်မျှော်လင့် ကြပါကြောင်း။

(၁) တောင်တို ဂိုဏ်းထောက်ဆရာတော် ဦးပဏ္ဍိစ္စ၊
(၂) နန်းပန် ဂိုဏ်းထောက်ဆရာတော် ဦးသူရိယ၊
(၃) လွယ်မော ဂိုဏ်းအုပ်ဆရာတော် ဦးကုမာရ၊
(၄) နန်းပန် မြောက်ကျောင်း ဆရာတော် ဦးကေလာသ၊
(၅) ကျိုင့်ခန့်တောင်ကျောင်းဆရာတော် ဦးတေဇဝန္တ၊
(၆) သန်းထောင်ဂိုဏ်းထောက် ဆရာတော် ဦးသိဿဓ၊
(၇) သလဲဦး အင်းကျောင်းဆရာတော် ဦးပညာသာမိ၊
(၈) ကြေးစားဘုန်းကျောင်း ဆရာတော် ဦးပဏ္ဍိတ၊

အထက်ပါ မေတ္တာစာကို ရေးသားဆက်သွင်းပြီး တကာ တော်ကြီးလက်သို့ မရောက်မီ တကာတော်ကြီးက အောက်ပါ စာကို ရေးသား ပေးပို့ရာ ဝါဆိုလဆန်း ၇–ရက်နေ့ ၁၁-နာရီ ခွဲ အချိန်တွင် လက်ခံရယူလေသည်။

ရန်ကုန်မြို့
၁၉၄၉-ခု ဇွန်လ ၂၇-ရက်

ခြေတော်ဦးခိုက် လျှောက်ထားဝံ့ပါသည်ဘုရား၊

အသျှင်သူမြတ်ဘုရားသည် ဖေါင်တော်ဦး ရုပ်ရှင်တော် ဒေသ စာရီကြွ ခရီးစဉ်အတွက် စိတ်ချမ်းသာတော် မမူကြောင်း တဆင့်

မှတဆင့် ဘုရားတပည့်တော် ကြားသိရသဖြင့် ယူကြုံးမရအောင်ပင် ကြည်ကွဲပါသည်ဘုရား။

အသျှင်သူမြတ်ဘုရားနှင့် ဘုရားတပည့်တော်မှာ ဆုတောင်းဘက် သာသနာပြုဘက် ဖြစ်သည့်အတိုင်း လွန်ခဲ့သောအခါက အရပ်ရပ် ပြုရန်ဖြစ်သော လောကီ လောကုတ္တရာ ကိစ္စများ အောင်မြင်ခြင်း လက်တွေ့ရှိကြပြီး ဖြစ်ပါသည်။

သို့ဖြစ်၍ အသျှင်သူမြတ်ဘုရား၏ အလိုတော်ကို တပည့်တော် ငြင်းပယ်လိုသော ဆန္ဒမရှိပါကြောင်းဘုရား။

Sd. Sao Shwe Thaike.
27-6-49

**ဟဲဟာဂိုဏ်းအုပ် ကျောင်းနီ ဆရာတော်ဘုရား**

အထက်ပါစာကို လက်ခံရရှိသော အချိန်နှင့် မရှေးမနှောင်း ၎င်းနေ့မှာပင် အောက်ပါ လျှောက်ထားစာကို လက်ခံရယူပြီ ပြန်ပါသည်။

ရန်ကုန်မြို့
၁၉၄၉-ခု ဇွန်လ ၂၉-ရက်။

ခြေတော်ဦးခိုက် လျှောက်ထားဝံ့ပါသည် အသျှင်သူမြတ်ဘုရား

**အကြောင်းမှာ။** ။အသျှင်သူမြတ်ဘုရား၏ ၁၈-၆-၄၉ နေ့စွဲပါ မေတ္တာစာကို ဘုရားတပည့်တော်ထံသို့ ယနေ့ပင် လက်ခံရရှိပါသည်။

အသျှင်သူမြတ်တို့ အကြောင်းပြချက် အရပ်ရပ်ကို ဘုရားတပည့်တော် ဖတ်ကြည့်ရပါသဖြင့် ဝမ်းမြောက် ကျေနပ်စွာ နားလည် သဘောပေါက်ပြီး သံသယ ကင်းရှင်းသွားပါသည် ဘုရား။

ဖေါင်တော်ဦးချပ်ရှင်တော်မြတ်ခရီးဒေသစာရီကြွချီတော်မူရန် အစီအစဉ်ကိုလည်း ၁၀-ခုနှစ်က အတိုင်းကြွရန် တပည့်တော်၏

သားတော်အား အမိန့်ညွှန်ကြားစာ၍ပြီးပါပြီ အသျှင်သူမြတ်ဘုရား။ စိတ်၉ ချမ်းသာစွာ သီတင်းသုံးတော်မူပါရန် လျှောက်ထား ဝံ့ပါသည်ဘုရား။

Sd. Sao Shwe Thaike
29-6-49

**ဟဲယာရွာမ ဂိုဏ်းအုပ် ကျောင်းနီဆရာတော်ဘုရား**

ဤသို့လျှင် ၁၃၁၁-ခုနှစ် ဖေါင်တော်ဦး ရုပ်ပွားတော်မြတ် ခရီးဒေသစာရီ ကြွချီတော်မူရန် ကိစ္စအတွက် စိတ်မချမ်းသာ စရာနယုန်လအတွင်းက ခဏတာမျှ တွေ့ကြုံ ခံစား ကြရပြီးနောက် ဝမ်းမြောက်ဝမ်းသာ အားရရွှင်လန်းစွာ သာသနာပြု သာသနဒါယကာ ညောင်ရွှေစဝ်ဖလုံ (သမ္မတကြီး) တကာတော် စဝ်ရွှေသိုက်အား ကျေးဇူးတင် စကား ပြောကြား ချီးကျူး အထူးထောမနာ ဩဘာ ပေး၍မျှ မဆုံးအောင် ယှိနေကြသည့်အခါ အလွန်တရာ ကြည်ကွဲဝမ်းနည်းဘွယ် အဖြစ်အပျက် တခုကိုပြည်သူလူထု တရပ်လုံးနှင့် တကွ ဂိုဏ်း သံဃာတော် တို့ပါရင်ဆိုင် တွေ့ကြုံခံစား လိုက်ကြရပြန်ပါသည်။

၎င်းမှာ အခြားမဟုတ် "ဦးမကောင်း နှောင်းမလှ" ဆိုသလိုနှစ်ဦး နယုန်လအတွင်းက စိတ်မချမ်းသာစရာ ဖြစ်ခဲ့ပြီးနောက် ယခုဘုရားကြွချိန်နီးကပ် လာသောအခါ ၁၃၁၁-ခုနှစ် အတွက် ဖေါင်တော်ဦးဘုရား ရုပ်ပွားတော်မြတ် ခရီး ဒေသစာရီ ကြွချီတော်မမူနိုင်ဘဲ လုံးဝ ရပ်ဆိုင်း ထားလိုက်ရသော ကိစ္စပင်ဖြစ်ပါသည်။

## ဖြစ်ပျက်ပုံ ကျောင်းနီဆရာတော် မှတ်တမ်း

၁၃၁၁-ခုနှစ်အတွက် ဖေါင်တော်ဦး ရုပ်ပွားတော်မြတ် ဒေသစာရီ ကြွချီတော်မူမည့်ကိစ္စနှင့် ပတ်သက်၍ တော်သလင်း လပြည့်ကျော် ၈-ရက်နေ့အထိ နှစ်စဉ် ထုတ်ပြန်ကျေညာမြဲ

ဖြစ်သော ခရိုးစဉ်စာတမ်းကို ရုံးတော်က မထုတ်မပြန် နိုင်ဘဲ ယှိသည်။

အကြောင်းကား ကရင်များသည် တောင်ကြီးမြို့ကို သိမ်းယူပြီးနောက် ပလံမြို့စား ဦးလှတင်ကို သတ်ပစ်လေသည်၊ ညောင်ရွှေမြို့ကိုပင် သိမ်းယူရန် အကြံအစည်ယှိသည်ဟု ထင်ကာ ညောင်ရွှေမြို့တွင် အစောင့်အနေလောက်သာ ထားပြီး လူရောပစ္စည်းပါ ရွှေ့ပြောင်း တိမ်းရှောင် နေကြကုန်၏၊ အရှေ့ဖက် ကမ်းခြေ တလျှောက် မိုင်းသောက် သလဲဦး နန်းပန် နောင်တော မိုင်းပျိုး တို့မှာလည်း စိုးရိမ်စရာ ဖြစ်နေကြ၏၊ ထို့ကြောင့် ကိုင်းပြည် မြို့ရွာ အခြေအနေကို ထောက်ထားပြီး ဖေါင်တော်ဦး ဘုရားကြွ ကိစ္စကို များစွာ စိုးရိမ်နေရသည် အလျောက် ကြွမည် မကြွမည် စသည်ဖြင့် သို့လော သို့လော တွေးတော ပြောဆို မေးမြန်း စုံစမ်း လာကြကုန်၏။

ဘုန်းကြီးမှာ မနေသာတော့ပြီ၊ ၎င်း ၉–ရက်နေ့ ၁၂–နာရီ အချိန် အမတ်ချုပ် ဦးမောင်လတ်နှင့် တွေ့ရန် ညောင်ရွှေသို့ သွား ဆရာဟန်အိမ်တွင် အမတ်ချုပ်ကို ခေါ်ယူတွေ့ဆုံ စတင် မေးမြန်း စုံစမ်း ဆွေးနွေး၊ အစည်းအဝေးကို ရွာမသို့ ခေါ်ယူရန် သဘောတူ၊ မြို့မ ဂိုဏ်းချုပ် ဆရာတော်နှင့် ကျန် မြို့မဆရာတော် သံဃာတော်များကိုပင့်ရန် မဟာဒဏ်ဝန်နှင့် အမတ်ချုပ်တို့ပါ လာရန် အမတ်ချုပ်အား ပြောဆိုမှာထားခဲ့ပြီး ၄–နာရီခွဲပြန်၊ ကြေးစားကျောင်းသို့ဝင်၍ မင်းချောင်း၊ ကြေးစား၊ ပွဲစားဘုန်း၊ လင်းကင်း၊ မိုင်းသောက်၊ သလဲဦး ၆–ဌာနမှ ဆရာတော်ဘုရား များနှင့် လူကြီးများကို ပင့်ခေါ်ပေးရန် လျှောက်ထားခဲ့ပြီး ၆–နာရီခွဲ ကျောင်းသို့ရောက်၊ ၁၀–ရက်နေ့တွင် ပင့်စာ ဖိတ်စာများ ရိုက်၊ အစည်းအဝေးတွင် ဆွမ်းကွမ်း ကျွေးမွေး ဧည့်ခံရန်အတွက် ကျောင်းတကာ ဦးကိုင်း၊ ဆင်ဝင်တကာ ဦးပန်း စရပ်တကာ

ဦးခိုင်၊ သုံးဦးက တကာခံ၍ ၁၁-ရက်နေ့တွင် ကျိုင့်ခန့်၊ မန်ကျည်းဆိပ်၊ မိုင်းပျိုး၊ နောင်တော၊ အင်းပေါ်ခုံ၊ နန်းပန်၊ ဘုရားပေါက်၊ ရွာကြီး၊ ရေသာ၊ နန်းဟူး၊ သာလေး၊ အင်းတိမ်၊ နားဈောင်းကျ၊ ငါးဖယ်ချောင်း၊ စရပ်ကြီး၊ အင်းခြံ၊ ကေလာ တို့မှ ဆရာတော် ဘုရားများနှင့် ရပ်ရွာလူကြီးများကို ပင့်ဘိတ်၍ ၁၂-ရက်နေ့တွင် သံဃာတော် ၇၀-ကျော်နှင့် ရပ်ရွာလူကြီး ၂၀၀-ကျော်တို့အား နေ့ဆွမ်း ဆက်ကပ် ကျွေးမွေးပြီး ၁၂-နာရီ အစည်းအဝေးစ၍ ဖေါင်တော်ဦး ဘုရားကိစ္စကို ဆွေးနွေး တိုင်ပင်ကြ၏၊ ရပ်ရွာ အခြေအနေအရ ၁၃၁၁-ခုနှစ် အတွက် ဖေါင်တော်ဦးဘုရားကြွကိစ္စကို လုံးဝရပ်ဆိုင်းထားရန်သင့်မသင့် နန်းဟူးရွာသား ဘုရားတကာများကို မေးမြန်းရာ ၎င်းတို့ကပင် လုံးဝ မကြွသင့်ကြောင်း လျှောက်ထားကြသဖြင့် မကြွဘဲ ရပ်ဆိုင်းထားရန် အားလုံးသဘောတူ ဆုံးဖြတ် လိုက်ကြသည်၊ (၎င်းဆုံးဖြတ်ချက်ကိုစာမျက်နှာ ၈၃-တွင် ဖေါ်ပြထားပါသည်)။

သို့ရာတွင် ၁၃-ရက်နေ့တွင် နန်းဟူးရွာသား ဘုရားတကာများ အချင်းချင်း ဆွေးနွေးတိုင်ပင်ပြီး ၄-ကြိမ် ၄-ရွာ ၄-ဌာန အရပ်များသို့ မကြွလျှင် မဖြစ် အောက်ပါ အစီအစဉ် အတိုင်း ကြွမည်ဟု ဆုံးဖြတ်ကြောင်းကို ၁၄-ရက်နေ့တွင် ဘုန်းကြီးထံသို့ လာရောက် လျှောက်ထားကြ၏၊ ဤကိစ္စကို လုံးဝ ရပ်ဆိုင်း ထားရန် ဘုရားတကာတို့ လျှောက်ထားချက်ကို ပဓာနပြု၍ ဆိုင်းထားရန် အများသဘောတူ ဆုံးဖြတ်ပြီးဖြစ်သည်၊ သို့သော် ၎င်းဆုံးဖြတ်ချက် မကျေညာမီ ညောင်ရွှေသို့ အချိန်မီ သွားရောက် အကြောင်းကြားသင့်သည်ဟု သတိပေး လိုက်ပါသေးသည်။

၎င်းတို့ ကြွမည့်အစီအစဉ်မှာ သီတင်းကျွတ်လဆန်း ၅-ရက်နေ့ ဟဲယာရွာမသို့ကြွ တည်ကျိန်း၊ ၆-ရက်နေ့ နေ့ဆွမ်းပြီး ငါးဖယ်ချောင်းလမ်းမှထွက် အင်းဖက်သို့လှည့်ပြီး နန်းပန်သို့ကြွ တည ကျိန်း၊ ၇-ရက်နေ့ နောင်တောသို့ကြွ ညောင်ရေဒိုး တင်မြှောက်

ပြီး ရွာကြီး ရေသာသို့ကြွ တည်းကျိန်း၊ ၈-ရက်နေ့ နံနက် ကျောင်းတော်ဝင်မည့် စီစဉ်ကြောင်း လျှောက်ခဲ့ပြီး ပြန်သွားကြ၏၊ (၎င်းတို့ဆုံးဖြတ်ချက် စာတမ်းကို စာမျက်နှာ ၈၅-တွင် ဖေါ်ပြထားပါသည်)

၎င်းတို့ လျှောက်ထားချက်အရ နားစွင့်နေခဲ့ရာ ဘာသံမှ မကြားရသဖြင့် သီတင်းကျွတ်လဆန်း ၄-ရက်နေ့ နံနက် နန်းဟူး ကျောင်းတော်သို့ သွားရောက် စုံစမ်းသောအခါ ညောင်ရွှေသို့ မနေ့က သွားရောက် အကြောင်းကြားရာ အမတ် ချုပ်ကြီး ဦးမောင်လတ်နှင့် ရွှေဂူကျောင်း ဂိုဏ်းချုပ် ဆရာတော်တို့က (ဖေါင်တော်ဦးဘုရားကို ဘုရားတကာတို့ သဘောအတိုင်း မကြွစေနှင့်၊ ကြွစေလျှင် မင်းပြစ် မင်းဒဏ် အပေးခံရမည်)ဟု ကြပ်တည်းစွာ တားမြစ်လိုက်ပါသဖြင့် ၄-ကြီး ၄-ရွာသို့ မကြွဖြစ်ကြောင်း သိခဲ့ရပါသည်။

ဤသို့ ဖေါင်တော်ဦး ဘုရား ဒေသ စာရီ ကြွချီတော်မူမြဲ အစဉ်အလာကို ၁၃၁၁-ခုနှစ်အတွက် ရပ်ဆိုင်း ထားကြောင်း အသေအချာ သိရသောအခါ ရပ်ရွာ အသီးသီးတို့၌ အလွန် ကြည်ကွဲ ဝမ်းနည်းခြင်း ဖြစ်ကြ၍ မိမိတို့ ရပ်ရွာယှဉ် ဒေသ စာရီ ကျောင်းတော် အသီးသီးတွင် ဖေါင်တော်ဦး ရုပ်ပွားတော်မြတ်ကို ရည်မှန်း၍ ဆွမ်းပန်း ဆီမီး စသည်တို့ဖြင့် ဆက်ကပ် လှူဒါန်း ပူဇော်ကြကုန်၏။

ဟဲယာရွာမ ဒေသစာရီ ကျောင်းတော်တွင်လည်း ရွှေဘုံသာ ကျောင်းမှ ရုပ်ပွားတော် ၄-ဆူကိုသီတင်းကျွတ် လဆန်း ၅-ရက် ၆-ရက်နေ့ ညဉ့်ပတ်လုံး ပင့်ဆောင်ကာ ဖေါင်တော်ဦး ရုပ်ပွား တော်မြတ် ကြွရောက် သီတင်းသုံးတော်မူသည့်နှင့် မခြား စည် ကား သိုက်မြိုက်စွာ ပွဲတော်ကျင်းပ၍ နေ့နံနက် ညဉ့်တို့၌ ဆွမ်း ပန်း ဆီမီး ရွှေသကၤန်း စသည်တို့ဖြင့် ဆက်ကပ် လှူဒါန်း ပူဇော် ကြရပါသည်။

## ၁၃၁၁-ခုနှစ် ဖေါင်တော်ဦး ဘုရားကြွ ကိစ္စနှင့်ပတ်သက်၍ ဆုံးဖြတ် အတည်ပြုသော

## အစည်းအဝေး မှတ်တမ်း

၁၃၁၁-ခုနှစ်တွင် အင်းဝဲယာ ဒေသ အလိုက် စစ်မက် အန္တရာယ်နှင့် တွေ့ကြုံနေရခိုက်ဖြစ်၍ ဖေါင်တော်ဦး ဘုရားရှင် လမ်းစဉ် စခမ်းစဉ်အတိုင်း ကြွသင့် မကြွသင့် မြို့မဂိုဏ်းနှင့် အင်း ၄-ဂိုဏ်း ဆရာတော် သံဃာတော်များ ဖေါင်တော်ဦး ဘုရားတကာ နန်းဟူးရွာလူကြီးများ သက်ဆိုင်ရာ ရပ်ရွာ တကာ များပါ တော်သလင်းလပြည့်ကျော် ၁၂-ရက် (၁၀-၉-၄၉)နေ့ တွင် ဟဲယာရွာမ ဂိုဏ်းအုပ် ဆရာတော်ဘုရား၏ ကျောင်းနှီ ကျောင်းကြီးပေါ်၌ အစည်းအဝေး ပြုလုပ်ဆွေးနွေး တိုင်ပင် ကြရာ အောက်ပါအတိုင်း သဘောတူ ဆုံးဖြတ် အတည် ပြုကြ ပါသည်။

၁။ အသက်ပါ ကိစ္စနှင့် ပတ်သက်၍ ဆရာတော် ဘုရားကြီး များနှင့် ရပ်ရွာလူကြီး မင်းတို့အား ပင့်ဘိတ်ရခြင်း အကြောင်းနှင့် တိုင်းပြည်အခြေအနေ တို့ကို အမတ်ချုပ် ကြီးက အကျယ်တဝင့် ရှင်းလင်း လျှောက်ထားသည်။

၂။ ယခု ၁၃၁၁-ခုနှစ်အတွက် ဖေါင်တော်ဦးဘုရား ဒေသ စာရီ ကြွချီတော် မူခြင်းကို တိုင်းပြည် အခြေအနေ အရ ခေတ္တရပ်ဆိုင်းထားသင့်ကြောင်း တောင်တိုဂိုဏ်း ကျိုင့်ခနဲ့တောင်ကျောင်း ဆရာတော်က အကျယ်တဝင့် ပြောဆိုလျှောက်ထားရာ နားဌောင်းကျွရွာနေ ကျောင်း တကာလှက ထောက်ခံသည်။ ၎င်းအဆိုကို ကြေးစား ကုန်းကျောင်း ဆရာတော်ဘုရားက ကြွသင့်သောအရပ် များသို့ ကြွရောက်ပြီး မကြွသင့်သော အရပ်များကို

ချန်လှပ်ထားသင့်ကြောင်း ကန့်ကွက် လျှောက်ထားရာ ကျောင်းနီ ဂိုဏ်းအုပ် ဆရာတော်က ထောက်ခံလေသည်။

ဘုရားတကာခေါ် နန်းဟူးရွာလူကြီးများက ကြွတော်မူလျှင်လည်း မူလဒေသစာရီ ခရီးစဉ်အတိုင်း ကြွရောက်ရန် မကြွလျှင်လည်း လုံးဝမကြွဘဲ ဆိုင်းထားရန် ဖြစ်ကြောင်း အကျယ်တဝင့် ရှင်းလင်းပြောဆို လျှောက်ထားချက်ကို သဘောတူတော်မူကြသဖြင့် ကြေးစားကုန်းကျောင်း ဆရာတော်က အဆိုကို ပြန်လည် ရုပ်သိမ်းပြီး ၁၃၁၁-ခုနှစ်အတွက် ပေါင်တော်ဦးဘုရားကြွ ဒေသစာရီ ခရီးစဉ်ကို ခေတ္တရပ်ဆိုင်းထားခြင်းကို သံဃာတော်များနှင့် သက်ဆိုင်ရာ တကာများပါ အားလုံးသဘောတူ အတည် ပြုတော်မူကြသည်။

တာဝန်ခံဆရာတော်များမှာ

၁။ နန်းပန် ဂိုဏ်းထောက် အင်းပေါခုံကျောင်း ဆရာတော် ဦးသူရိယ။
၂။ ဘုရားပေါက် တောင်ကျောင်း ဆရာတော်
၃။ အင်းတိမ် ဂိုဏ်းထောက် ဆရာတော် ဦးနေမိန္ဒ။
၄။ မိုင်းပျိုး ဂိုဏ်းထောက် ဆရာတော် ဦးပဏ္ဍိတ။
၅။ တောင်တို ဂိုဏ်းထောက် ဆရာတော် ဦးပဏ္ဍိစ္စ။
၆။ သန်းတောင် ဂိုဏ်းထောက် ဆရာတော် ဦးသိဿဇ။
၇။ ညောင်ရွှေမြို့မ ဂိုဏ်းချုပ် ဆရာတော် ဦးအာစရ။
၈။ ဟဲယာရွာမ ဂိုဏ်းအုပ် ဆရာတော် ဦးသောဘိတ။
၉။ မိုင်းသောက် ဂိုဏ်းထောက် ဆရာတော် ဦးပညာသာမိ။

၁၃၁၁-ခု တော်သလင်းလဆုတ် ၁၃-ရက်နေ့

ဖေါင်တော်ဦးမြတ်စွာဘုရား ၄-ကြိမ် ၄-ရွာ ကြွရောက်တော် မူမည့်ကိစ္စ

## အစည်းအဝေးဆုံးဖြတ်ချက်

**၁-အချက်။** ။နန်းဟူးကျောင်း ဆရာဘုရားနှင့် ဘုရားဒါယကာများ အားလုံးတို့သည် တိုင်ပင်ဆွေးနွေးကြရာ ဖေါင်တော်ဦး မြတ်စွာဘုရား၏ ရုပ်ရှင်တော်မြတ်ကြီးသည် ဇင်း ၄-ကြိမ် ၄-ရွာ ဌာနများကို ကြွမှသာ သာသနာတော်ကြီးနှင့် တိုင်းသူ ပြည်သား အားလုံးတို့ပါ စည်ပင်ပြန့်ပွား သာယာ ဝပြောလိမ့် မည်ဟု သဘောရယှိပါသဖြင့် မြတ်စွာဘုရား ကြွတော်မူရန် သဘောတူညီ ဆုံးဖြတ်လိုက်ပါသည်။

**၂-အချက်။** ။အထက်ပါ အချက်အရ ပျက်ကွက်ပါမူ ဒါယကာများ အားလုံးအပေါ်တွင် ရှေးရှေး မင်းကောင်း မင်းမြတ် တို့၏အမိန့် အာဏာစက်အရ(အကယ်၍မကြွခဲ့မူ)ကြီးလေးသော ဘေးအန္တရာယ် များတို့ကို များစွာမှ စိုးရိမ်ဘွယ်ရာ ဖြစ်ကြ ပါသည်။

**၃-အချက်။** ။အထက်ပါ အချက်များအရ မိမိတို့နှင့်တကွ တိုင်းပြည် ဘာသာ သာသနာတော်ကြီး ပြည်သူ ပြည်သား အားလုံးတို့ပါ စည်ကား ကြီးပွား၍ ကပ် ၃-ပါးမှ ကျော်နင်း လွတ်ကင်းမည်ဟု အမိဋ္ဌာန် ပြုပြီးလျှင် ဆရာတော်နှင့် တကွ ဒါယကာများ အားလုံးတို့ပါ ယခုနှစ် အတွက် ၄-ကြိမ် ၄-ဌာန ကြွတော်ရန် သဘောတူ အတည်ပြုပြီး ဆုံးဖြတ်လိုက်ပါသည်။

၁၃၁၁-ခု တော်သလင်းလဆုတ် (၁၃) ရက်နေ့ နေ့ ၂–နာရီအချိန် နန်းဟူးရွာ ဖေါင်တော်ဦးမြတ်စွာဘုရား၏ ရှေးအစဉ်အလာ ဒေသစာရီ ကြွသည့်ကိစ္စအတွက် ကြွရောက်လာသော ဘုရားဒါယကာများ။

၁။ ဦးဘိုးခိုင်
၂။ ဦးစံညိမ်း
၃။ ဦးလုံးစယ်
၄။ ဦးလုံးကာ
၅။ ကျောင်းတကာနှစ်
၆။ ဦးရုံး (ဖို)
၇။ ကိုရုံ (ရှိ)
၈။ ကိုညို (ဆော့)
၉။ ကိုချယ်
၁၀။ ဦးရုံး (လေး)
၁၁။ ဦးညွန့် (ဖို)
၁၂။ ကိုချစ် (ရစ်)
၁၃။ ကိုညို (ကွယ်)
၁၄။ ကိုရုံ (စောမြ)
၁၅။ ကိုထိပ် (ရှိ)
၁၆။ ဦးမောင် (ပျို)
၁၇။ ဆရာအောင်
၁၈။ ဦးစိန်
၁၉။ ကိုထွန်း (ပျို)
၂၀။ ကိုတူ (ရုံ)
၂၁။ ဦးရစ် (ဖို)
၂၂။ ဦးညွန့် (ကြီး)
၂၃။ ကိုဖေ (ဖို)
၂၄။ ကိုချစ် (ဖို)
၂၅။ ကိုလှ (ဆေးဆရာ)
၂၆။ ကိုတင် (လုံ)
၂၇။ ကိုချွန် (မယ်)
၂၈။ ကိုပိန်
၂၉။ ကိုဆောင် (ညိမ်း)
၃၀။ ကိုဆောင် (ရင်)
၃၁။ ကိုကြွယ်
၃၂။ ကိုအုံ (ကြည်)
၃၃။ ဦးအုံ (မေ)
၃၄။ ကိုမြတ်စံ
၃၅။ မောင်ဖေမောင်
၃၆။ မောင်စံဖေ
၃၇။ ကိုရိပ် (ကွယ်)
၃၈။ မောင်ဘိုးတင်
၃၉။ မောင်ဘိုးဆိပ်
၄၀။ မောင်ထွန်းကြည်

၎င်းဆုံးဖြတ်ချက် မိတ္တူကို ညောင်ရွှေ အမတ်ချုပ်ကြီးထံသို့ ပို့လိုက်ဟန် တူပါသည်၊ အမတ်ချုပ်ကြီးက တဖန် ဘုန်းကြီး ထံသို့အထက်ပါစာနှင့် အောက်ပါစာပါအတူ ပူးတွဲ၍ ပို့လိုက်ပြန် ပါသည်၊ တိုက်ရိုက်အကြောင်းကြားစာမဟုတ်ဘဲ တိတ်တဆိတ် သိစေလို၍ ပို့သောစာဟု အမတ်ချုပ်က ယူဆလေသည်။

**ဟဲယာရွာမ ကျောင်းနီကျောင်း ဂိုဏ်းအုပ်ဆရာတော်ဘုရားထံသို့ လျှောက်စာဘုရား**

၁၃၁၁—ခု သီတင်းကျွတ်လဆန်း ၂-ရက်နေ့

ဘုရား......

**အကြောင်းမှာ**......ပူးတွဲပါ စာကို တပည့်တော် လက်သို့ ၂၃-၉-၄၉ နေ့ ၁၂-နာရီအချိန် ရောက်ရှိ ပါကြောင်း ဘုရား။ စာပါအဓိပ္ပါယ်မှာ နန်းဟူးကျောင်း ဆရာဘုရားနှင့် ဘုရားလူကြီးများ ဆွေးနွေး တိုင်ပင်ချက်ကို တပည့်တော်အား တင်ကူးသိရှိစေလိုသဖြင့် တယောက်ယောက်သောသူက တမင် လျှို့ဝှက်စွာ ပို့လိုက်သည်ဟု ယူဆမိပါသည့်အတိုင်း ဆရာတော်ဘုရားလည်း သိရှိတော်မူပါရန် တဆင့် ဆက်ကပ်လှူဒါန်းလိုက်ပါကြောင်းဘုရား။

Sd. mg. mg. Lat.
**တကာ အမတ်ချုပ်ကြီး**
ညောင်ရွှေမြို့
၂၃-၉-၄၉

၎င်းစာ အမတ်ချုပ်ထံမှ ရပြီးနောက် သီတင်းကျွတ်လဆန်း ၄-ရက်နေ့ ညနေတွင် နန်းဟူးရွာ ဘုရားဒါယကာတို့ ထံမှ အောက်ပါ စာကို လက်ခံရယူပြန်ပါသည်။

**ဟဲယာရွာမ ကျောင်းနီ ဂိုဏ်းအုပ် ဆရာတော်ဘုရား ထံတော်သို့**

၁၃၁၁—ခုနှစ် သီတင်းကျွတ်လဆန်း ၃—ရက်နေ့

ဘုရားကပည့်တော်တို့ နန်းဟူးရွာ ဘုရားဒါယကာများတို့က သဏ္ဍာန္တ၀န္ဒနာအဖြာဖြာဖြင့် ရှိခိုးနားတော် လျှောက်ထားဝံ့ပါသည် ဘုရား။

ယခုနှစ် ဖေါင်တော်ဦး မြတ်စွာဘုရား ၄-ကြိမ် ၄-ရွာ ကြွရောက်တော်မူရန် ဘုရားတပည့်တော်တို့ ဘုရားဒါယကာများ၏ အစီအစဉ်များအရ ဆုံးဖြတ် ထားပါသော်လည်း ညောင်ရွှေမြို့

ဂိုဏ်းချုပ် ဆရာတော် ဘုရားနှင့် အမတ်ချုပ် သခင်တို့ ထံမှ ယခုနှစ် ၅-ရက်နေ့ အစပြု၍ ကြွချီတော်မူရန် အခွင့်မပြုသဖြင့် ၄-ကြိမ် ၄-ရွာ ကြွရောက်မည့်ကိစ္စကို ပြန်လည် ရုပ်သိမ်းရပါသည်။ ဘုရားတပည့်တော်တို့ ဒါယကာများ ပြုမိသော အပြစ် ဟူသမျှတို့ကို ခွင့်ပြုပြီး သည်းခံတော်မူပါရန် ယောနိသော မနသိကာရ ကောင်းမြတ်သော စိတ်ထားဖြင့် ရှိခိုးနားတော် လျှောက်ထားပါသည် အရှင်မြတ်ဘုရား။

ဘုရားဒါယကာအများ
နန်းဟူး

၁၃၁၁ ခုနှစ်အတွက်
ဖေါင်တော်ဦး မြတ်စွာဘုရား ဒေသစာရီကြွချီတော်မူခြင်းနှင့်ပတ်သက်၍

## ထုတ်ပြန်သည့် ကြေညာစာတမ်း

တိုင်းပြည်မြို့ရွာ အခြေအနေသည် ငြိမ်းချမ်း သာယာခြင်း မရှိသည်နှင့် ယခု ၁၃၁၁-ခုနှစ် ဖေါင်တော်ဦး မြတ်စွာဘုရား ဒေသစာရီ ကြွချီတော်မူခြင်း ကိစ္စနှင့် ပတ်သက်၍ ၁၃၁၁-ခုနှစ် တော်သလင်း လဆုတ် ၁၂-ရက်နေ့ ဟဲယာရွာမ ဂိုဏ်းအုပ် ကျောင်းနှိ ကျောင်းတွင် သံဃာရာဇာ ဂိုဏ်းချုပ် ဆရာတော် ဘုရားကို အမှူးထား၍ မြို့မဂိုဏ်း အင်း (၇)ဂိုဏ်းမှ ဂိုဏ်းအုပ် ဂိုဏ်းထောက် ဆရာတော်အရှင်မြတ်များနှင့် ဘုရားလူကြီးမင်း သက်ဆိုင်ရာ ရပ်ရွာလူကြီးမင်းများပါ ပင့်ဘိတ်၍ စည်းဝေး တိုင်ပင်ကြပါကြောင်း။

အဆိုပါ ဖေါင်တော်ဦး မြတ်စွာဘုရားသည် လက်ရှိ တိုင်းပြည်၏ အခြေအနေကို ကြည့်ရှုရခြင်းအားဖြင့် ယခု ၁၃၁၁-ခုနှစ်အတွက် ဒေသစာရီ ကြွချီတော်မူခြင်းမှ ဆိုင်းထားသင့်ကြောင်းဖြင့် အားလုံးသဘောတူ အညီအညွတ် ဆုံးဖြတ်ကြပါကြောင်း။

ဤသို့ ဆုံးဖြတ်ချက်ကို တိုင်းပြည် အခြေအနေ ခေတ်ကာလ အားလျော်စွာ သင့်မြတ်သည်ဟု ယူဆသည့်အတိုင်း အတည် ပြုလိုက်ပြီး ဖြစ်သောကြောင့် ယခုနှစ် ဖေါင်တော်ဦး မြတ်စွာ ဘုရား ဒေသစာရီ ကြွချီတော် မူလိမ့်မည် မဟုတ်ကြောင်း အများ ကြားသိစေရန် ကျေညာလိုက်သည်။

Sd. Mg Mg Lat,
အမတ်ချုပ်ကြီး
ညောင်ရွှေမြို့ ၂၀-၉-၄၉

၁၃၁၁-ခု တော်သလင်း လဆုတ် ၁၄-ရက်နေ့

နံပါတ်-၃၁၃၁

**အထူးမှတ်သားချက်များ။** ။ယခု သက်တော် ၇၀-အရွယ် တော်ဖြင့် ကျန်းမာစွာ ယှိတော်မူသော ကျေးဇူးရှင် မိုင်းပျိုးဂိုဏ်း ထောက် ဆရာတော်ဘုရားကြီး မိန့်ကြွက်တော် မူချက်များကို အောက်ပါအတိုင်း မှတ်သားရပါသည်။

၁။ ၁၂၃၉-ခုနှစ်က အစပြု၍ ကျိုင့်ခန့်ရွာက ဖေါင်တော်ဦး ရုပ်ပွားတော်မြတ်ကိုပင့်၍ ကြွရောက် တည့်ကျိန်းတော် မူသည်၊ ၎င်းမှအပြန် မိုင်းပျိုးတွင် နေ့ဆွမ်းကပ်ရသည်။

၂။ ၁၂၄၁-ခုနှစ်တွင် မိုင်းပျိုး၌ တည့်ကျိန်းရန် ဘုရား လူကြီးများနှင့် ပြောဆို စိမ့်ကြရာ အင်းတိမ် ဂိုဏ်း ထောက် သာလေးမြောက်ကျောင်း ဘုန်းကြီးဦးရုံက စည်းကမ်း ထုံးတမ်းမယှိဟု ဆို၍ အတင်းအဓမ္မ ပင့် ဆောင်သွားကြသည်။

၃။ ၁၂၄၂-ခုနှစ်တွင်မှ မိုင်းပျိုးတွင် တည့်ကျိန်းစက်တော် မူသည်။

၄။ ရှေးအခါက ညောင်ရွှေမြို့တွင် တည်သော ကျိန်းစက်တော်မူသည်၊ နောင်တော်ကြီး စောအုန်းလက်ထက် ရောက်မှ ၂-ညကျိန်း ဖြစ်သည်။

၅။ ၁၂၅၂-ခုနှစ်မတိုင်မီကာလက နန်းပန်မှ အင်းပေါခုံသို့ နေ့ဆွမ်းအမှီ ကြွ၍ အင်းပေါခုံမှ နောင်တောသို့ကြွသည်၊ ၁၂၅၂-ခုနှစ်သို့ ရောက်သောအခါမှ နန်းပန်မှ နောင်တောသို့ နေ့ဆွမ်းအမှီကြွပြီး မိုင်းပျိုးမှ အင်းပေါခုံသို့ နေ့ဆွမ်းအမှီ ကြွတော်မူသည်။

၎င်းပြင် ဟဲယာရွာမ ကလီးကြီးရပ်နေ ယခုအသက် ၆၀-ကျော်ယှိသူ ကျောင်းတကာချိန် ပြောပြချက်အရ (သူတို့ကျောင်းသားအရွယ် အသက် ၁၄-နှစ်သောက် အချိန်က ဖေါင်တော်ဦး ရုပ်ပွားတော် မြတ်တို့သည် နန်းဟူးကျောင်းမှ အင်းတိမ်သို့ သီတင်းကျွတ်လဆန်း ၈-ရက်နေ့မှ ကြွတက်သည်ကို မှတ်မိကြောင်း)ပြောပြသည်ကို မှတ်သားရပါသည်။

**အမှာ။** ။ဖေါင်းတော်ဦး ဘုရားနှင့် စပ်လျဉ်း၍ ဖြစ်ပျက်ခဲ့ပုံ အကြောင်း အရာများကို နောက်လူ နောက်သားတို့ သိယှိကြရန် နောက်ဆက်တွဲ အဖြစ်ဖြင့် ဖေါ်ပြလိုက်ပါသည်၊ ၎င်းကို သိရခြင်းဖြင့် ဖေါင်တော်ဦး ဘုရားကို ညောင်ရွှေစော်ဘွားကြီးနှင့် တကွ ဆရာတော် သံဃာတော်များ ဒါယကာ ဒါယိကာမများ မည်မျှလောက် လေးလေးစားစား ကြည်ညိုကြသည်ကို သိယှိပြီး နောက်လူ နောက်သားများလည်း လေးလေးမြတ်မြတ် ကြည်ညိုနိုင်ကြစေရန် ဖြစ်ပါသည်။

# သျှာမ်းပြည်ရာဇဝင် အကျဉ်းချုပ်

နမော လောကနာထဿ သိရီမတော၊

သိဒ္ဓါ ဘဝန္တု လောကာဘိဝုဒ္ဓိယော။

## (၁)သျှာမ်း (၉)ပြည်ထောင် အမည်များ

| တိုင်း အစဉ် | မြို့ ပေါင်း | အမည်နာမများ | |
|---|---|---|---|
| ၁ | ၃၉ | လုံးမိုင်း ညောင်ရွှေပြည်ကြီး | |
| ၂ | ၃၇ | လုံးမိုင်း မိုးနဲ ပြည်ကြီး | |
| ၃ | ၂၇ | လုံးမိုင်း"မဟာဝိဇ္ဇာ"သီပေါပြည်ကြီး | ကမ္ဗောဇရဋ္ဌ။ |
| ၄ | ၃၉ | လုံးမိုင်း မိုင်းပဲ ပြည်ကြီး | |
| ၅ | ၄၉ | လုံးမိုင်း"လောကီဝိဇ္ဇာမိုင်ရဲ" သိန္နီပြည်ကြီး | သိဝိရဋ္ဌ။ |
| ၆ | ၄၉ | လုံးမိုင်း မိုးမိတ် ပြည်ကြီး | စိနရဋ္ဌ, ဂန္ဓာရရဋ္ဌ။ |
| ၇ | ၉၉ | လုံးမိုင်း မိုးကောင်း ပြည်ကြီး | ဥဒေဂိရိရဋ္ဌ။ |
| ၈ | ၃၇ | လုံးမိုင်း မိုးညှင်းမင်းတြား ပြည်ကြီး | အာဠဝိရဋ္ဌ။ |
| ၉ | ၂၇ | လုံးမိုင်း ကလေးရာဇဂြိုဟ် | မောရိယရဋ္ဌ။ |

ရှေးအတိတ်အခါ သျှာမ်း ကိုးပြည်ထောင်တွင် လူအင်အား ရွှေ ငွေ ရတနာခုနစ်ပါး များစွာသောစပါး,ဆန်,ဆီ,ဆေး,ဆား, အဝတ်အထည်များနှင့်တကွ ဆင်,မြင်း မိုလ်ပါ များစွာသော စစ်သည်တော် ဓား, လှံ, သေနတ်, အမြောက်, ဗုံး, ဗိန်, လေး သည်ကျော် ရုဋ္ဌခေနုဂုဟာ, မဟာခေနုဂုဟာနှင့် ပြည့်စုံစွာ မြို့တော် တည်၍ မင်းကျင့်တရား ဆယ်ပါး အပရိဟာနိယတရား ခုနစ်ပါး နှင့် ပြည့်စုံစွာ အမျိုး, ဘာသာ, သာသနာတော်ကို ချီးမြှင့်လျက် တရားနှင့်အညီ မင်းပြု စိုးအုပ်တော်မူကြ၏။

ခွန်လူ, ခွန်လဲ, ခွန်လုံး ဟူသော ညီတော် နောင်တော် မင်းသုံးဖေါ်တို့သည် ၉-ပွင့်ဆိုင် ပြည်တော်တည်၍ နယ်ပယ် ပိုင်းခြားသတ်မှတ်၍ ပြည်သူပြည်သား သျှာမ်းလူမျိုး, ယွန်း, လဝ, ပလောင်, တောင်ရိုး, ဓနု, ဓနော့, ကရင်, ကချင် လူမျိုးများကို စိုးမိုးအုပ်ချုပ် မင်းလုပ်၍ နေထိုင်ကြလေသည်။

လေးပါး သစ္စာ ငါးဖြာဥေယျ ဓမ္မဉာဏ် လုံးဝုံပိုင်ပိုင် မြင်စွမ်းနိုင်သော နတ်လူဘို့၏ဆရာ (ဆာယာ) အတုလ မာရဇိန် အသဗ္ဗညု့ သကျသာကီနွယ်ဘွား ငါတို့ဂေါတမ ရှင်တော်ဘုရားပွင့်တော်မမူမီ သက္ကရာဇ် ၃၀၀-လောက်က သာကီဝင်မင်းမျိုးတို့သည် ကောသလတိုင်းနှင့် ခိုက်ရန် ဖြစ်ပွား အချင်းများ၍ ကြီးမားသော စစ်ပွဲတွင် စစ်ရေးမလှ သာကီဝင် မင်းမျိုးတို့ ပျက်စီးကြသည်နှင့် အဘိရာဇာ မည်သော သာကီဝင်မင်းသည် ဗိုလ်ပါအလုံးအရင်းနှင့် နေရင်းမဇ္ဈိမ ဇမ္ဗူဒီပ ပြည်ဒေသမှ ထွက်လာ၍ ၁၀ကောင်း ပြည်ကြီးကို တည်ထောင် စိုးစံတော် မူနေရာ ၄၉ -လုံးမိုင်း ခေါ်သော မိုင်ပေါင်း ၃၇၃၇-မိုင်ယှိသော စိနရဋ္ဌ, ဂန္ဓာရရဋ္ဌ နာမည်ရသော မိုးမိတ်မြို့ ရာဟုထောင့် ဧရာဝတီမြစ်အရှေ့ဖက် မိုးမိတ်နယ် တကောင်းပြည်ကြီး တည်ယှိလေသည်။

ကသာနယ်စပ် သုနာပရန္တတိုင်း စစ်ကိုင်း, အင်းဝ, ပင်းယ, မဏ္ဍလေး နယ်စပ် သုံးပွင့်ဆိုင် ဗဟိုအနီး လောကီဝိဇ္ဇာမိုရ်အမည်ရှိသော ၄၉-လုံးမိုင်း ဧရာဝတီ မြစ်နားတွင် သျှာမ်း, ပြူ,ပြော့, ကမ်းယံ လူမျိုး (ကမ်းယံကား ရှေးအခေါ် ယခုအခေါ် ကား ကရင်)

ဝေဠုဝတီ မိဖုရားကို ဘုရင်သို့ဆက်သရာ နားပေါက်(ပက်)ကျယ်သောကြောင့် ဒွိမ်ရှေ့မင်းသို့ ဘုရင်က ပေးတော်မူသည်၊ ၎င်းမိဖုရားကို ဝါးထည်းတွင် သံသေဒဇဖြစ်၍ ဝေဠုဝတီ ခေါ်သည်၊ နတ်သွီးကဲ့သို့ အဆင်းလှသည်၊ ၎င်းလူမျိုးတို့ကို စိုးအုပ်၍ မင်းလုပ်တော်မူ၏။

သျှာမ်း ၉-ပြည်ထောင် ယှိုရင်းစော်ဘွား ပြည်တော်သား အစိုးရတို့နှင့် သင့်တင့် ညီညွတ်စွာ ပေါင်းသင်းဆက်ဆံပြီး မိတ် သင်္ဂဟ ဒဠှိကမ္မပြု၍ အမျိုးဆက်လက် ပေါင်းဖက်နေထိုင် ကြ သောကြောင့် သျှာမ်း ၉-ပြည်ထောင် စော်ဘွားတို့ကို ဘိန္န ကရာဇ် မင်းမျိုးဟူ၍ ဇမ္ဗူဒိပ်ဝယ် ကျော်စော ထင်ရှားစွာ အသိ အမှတ်ပြုကြ၏၊ "ကျိုန်းဟုံအစ သာကီယ၊ မိုးမိတ်အစ ကျိုန်းဟုံ က" သာကီယ တကောင်းပြည် မင်းဆက် (၃၃) ဆက်ကို ဆို သည်။

ကျိုန်းဟုံမြို့သည် တကောင်း မင်းဆက် မြို့တည်၏၊ မိုးမိတ် မြို့သည် ကျိုန်းဟုံမြို့ကထွက်၍ မြို့သစ်တည်၏၊ မိုးမိတ်မြို့ဖြစ်လာ သည်၊ မိုးမိတ် မင်းဆက်-

တကောင်းပြည်တွင် အဘိရာဇာ မင်းက စ၍ ဘိန္နကရာဇ် မင်းအဆုံး (၃၃)ဆက်၊ မြန်မာအစ တကောင်းက—

၁။ ၃၂-လုံးမိုင်းခေါ်သော ကျိုန်းတုံမြို့ ခေမာရဋ္ဌ ဂုံလူမျိုး၊

၂။ ၁၂-လုံးမိုင်းခေါ်သော ကျိုန်းရုံးမြို့ ဇောတိ နဂရမြို့၊ လူးလူမျိုး ပန်းသေး သျှာမ်း တရုပ်လူမျိုး၊

ဘိန္နကရာဇ် မင်းမျိုး၏ အဆက်အနွယ်ဖြစ်သော စော်ဘွား ကြီးသည် ယခုယှိုသော ညောင်ရွှေမြို့ မဖြစ်ပေါ်မီ ယခုမြို့၏ မြောက်ဖက် မော်လီဆတ် (ပေါရိသာဒ်) ဘုရားအနီး ယခုမြို့ ကြီးတွင်းခေါ် ကောသမ္ဗီမြို့ကြီးကို တည်ထောင်၍ စော်ဘွား မင်းဆက်အများ စိုးမိုးအုပ်ချုပ် စံနေတော်မူကြသည်၊ ၎င်းမြို့ကြီး ကောင်းစားကြီးပွားနေစဉ် အခါ ၎င်းမြို့ကို (ကမ္ဗောဇဌာန မြို့ကြီး နိုင်ငံ)ဟု ခေါ်တွင်ကြသည်။

## နယ်နိမိတ် အပိုင်းအခြားကား

၁။ အရှေ့အလား ပွန်ချောင်း ကောက်ကောက် စင်းစင်း မိုးနဲ့နယ် မြေနှင့်အစပ်။

၂။ တောင်သို့အလား သံလွင်မြစ်အထိ မိုင်းပဲကြီးနယ်မြေနှင့်အစပ်။

၃။ အနောက်တောင်သို့ အလား တောင်ငူ ခွေကျင်, မုတ္တမ နယ်မြေနှင့် အစပ်။

၄။ အနောက်သို့အလား စမုံမြစ် ကောက်ကောက် စင်းစင်း သလ္လာဝတီမြစ်ငယ်နှင့်အစပ်။

၅။ မြောက်သို့အလား သီပေါ, မိုးမိတ် နယ်မြေနှင့် အစပ်။

၆။ အရှေ့ မြောက်သို့အလား သိန္နီ,မိုးနဲ နယ်မြေများနှင့် အစပ် အထိဖြစ်သတည်း။

နောက်အခါ မြန်မာနိုင်ငံ ပုဂံမြို့တွင် မြန်မာဘုရင်တို့ ထီးနန်းစိုက်ထူ အုပ်ချုပ်တော်မူလာလျှင် အနော်ရထာ မင်းစော လက်ထက်တွင် သျှမ်း အောင်မြေနှင့် အခြား အနောက် တောင် တလျှောက် ခံတပ် မြို့ပေါင်း ၄၀-ကျော် ဆောက်လုပ် တည်ထား၍ နယ်မြေသတ်မှတ်ရာတွင်မှ စမုံမြစ်သို့မရောက် သျှမ်းတို့ ဘုန်းကံ နိမ့်၍ ဆင်တောင်, ပေါင်းလောင်း မြစ်သားရိုးများကို မြန်မာမြေနှင့် အမှတ်အသား အပိုင်းအခြား ပြု၍ စိုးမိုးလေတော့သည်။

ပုဂံပြည် အနော်ရထာ မင်းစော၏ မြေးတော် အလောင်း စည်သူ မင်းကြီးလက်ထက်တွင်ဂန္ဓာရ ရဇ်တိုင်း တရုတ်တရက်တို့က သျှမ်းပြည်နှင့် မြန်မာပြည်များကို တိုက်ခိုက် ဖျက်ဆီးရန် တရုတ် စစ်သည်တော် အမြောက်အမြား လာရောက် တိုက်ခိုက် ကြသဖြင့် ကောသမ္ဗီ ပြည်ကြီး ပျက်စီး တိမ်းယိမ်းယို့လျှင် မိုင်းသောက်နှင့် သလဲဦး အနောက်ဖက် အင်းစပ်တွင် မြို့တည်ထောင်၍နေရာ ဟဲးပိုး သိခေါင်အင်းသည် ဂုတ်ဆိုသော နေရာမှ တောင်ပြိုသဖြင့် ရေအားလုံး ရောက်လာသောကြောင့် မန်ကျည်းစဉ် ဖါဖယ်ဆိုသောမြို့သို့ ရွှေ့ပြောင်း နေထိုင် ကြရသည်၊ ၎င်းတွင် နေထိုင်သည့်အခိုက် ယခုညောင်ရွှေမြို့ကို တည်ထောင်သည်။

မြွေတောင်ဦး ကုန်းရာသည့် အလိုအလျောက် ပေါ်ပေါက်လာပြီးလျှင် မြွေညောင်ပင် ပေါက်လာသည့်အတွက် နိမိတ်, စနည်း, တပေါင်မင်္ဂလာ ကောင်းသောအရပ်ဟု အတိတ်ဆောင်၍ ညောင်မြွေဟု သမုတ်ကာ သက္ကရာဇ် ၇၂၀-ခုနှစ်တွင် ဆိဆိုင်ဖ အမည်ရှိသော စော်ဘွားကြီးက မြို့တည်ပိုးစံ အုပ်ချုပ် ဘွားစားတော်မူလေသည်။

**တောင်သူလူမျိုး** တို့သည် ညောင်မြွေမြို့နယ် အတွင်းသို့ လာရောက် နေထိုင်ကြသည်မှာ သုဝဏ္ဏဘူမိသထုံ မနူဟာ ဘုရင်မင်းမြတ်ကို ပုဂံအနော်ရထာ မင်းစောက တိုက်ခိုက်၍ မနူဟာ ဘုရင်မင်းမြတ် စစ်ရှုံးသောအခါ တောင်သူ တောခလှာသောကြောင့် တောင်သူလူမျိုးတို့ အနှံ့အပြား ပြန့်ပွား၍ ကမ္ဘောဇတွင် နေထိုင်ကြကုန်၏။

**အင်းသားလူမျိုး** တို့သည် ရေး, ဘိတ်, ထားဝယ် ဟူသော တနင်္သာရီမြို့ များကို မြန်မာမင်း, ယိုးဒယားမင်းတို့ တိုက်ခိုက်နှောင့်ယှက်ဖန်များသောကြောင့် အင်းသားခေါ် ထားဝယ်လူမျိုး ငထောင်နှင့် ငနောင်ခေါ် ညီအစ်ကို နှစ်ယောက် ညောင်မြွေစော်ဘွားကြီးထံ အမှုတော်ထမ်းရွက် နေထိုင်ရာ အင်းကြီးသည် ထားဝယ်မြို့ကျေးရွာနှင့် တူသဖြင့် ဆွေမျိုး သားချင်းတို့ကို ခေါ်ယူ၍ ကျေးရွာတည်ထောင် ပြုပြုနေထိုင်လိုကြောင်း အခွင့်တောင်းသည့်အတိုင်း အခွင့် ရလျှင် စားနပ်ရိက္ခာ ကြေးငွေ ထောက်ပံ့ပေးကမ်းပြီး ခေါ်ယူစေရာ ၃၆-အိမ်ထောင်စုံလာ၍ ညောင်မြွေမြို့တောင်ဖက် နန့်သဲအရပ်တွင် ပဌမအစဦးဘွာ ရွာတည်ထောင်၍ နေကြသည်မှ တစတစ တိုးပွားများပြား လာသည်နှင့် (၁) ဟဲယာ။ (၂) နန်းပန်။ (၃) နောင်တော။ (၄) ပန်းပိုဟု ၄င်း လေးရွာကို တည်ထောင် နေထိုင်ကြပြန်သည်။ ဤလေးရွာကို အကြောင်းပြု၍ အင်းလေးရွာ ဟု ယခုတိုင် ခေါ်ဝေါ် သုံးစွဲလျက် ရှိကြသည်။

ယခုမူကား အင်းကြီးဝဲယာ တလျှောက်တွင် အနှံ့ အပြား တိုးပွား စည်ပင်သော ရွာတို့ဖြင့် ပြည့်နှက်လျက် ယှိကြလေ သတည်း။

ညောင်ရွှေမြို့တွင် ဆိဆိုင်ဖ မယှိသည့်နောက် အဝမင်းခေါင် လက်ထက်(၇၉၆)ခု သား သိုစင်ဖ ဘွားစားရာ၊ အဝမင်းခေါင် က တူမတော် တရုတ်စား ရာဇသူဘွီးနှင့် ပေးစားထိမ်းမြားလက် ထပ်၍ အမျိုးဆက်စပ်သည်။ သိုစင်ဖ မယှိသည့်နောက် (၈၃၉) ခုတွင် သား သိုဟုံဖ ဆက်ခံစိုးစံသည်၊ ၎င်းမယှိလျှင် ၉၀၀- ပြည့်တွင် နရပတိလက်ထက် ညီတော်သိုရုံဖ ဆက်ခံသည်။၎င်း မယှိလျှင် (၉၁၉)ခု ဆင်ဖြူ့ရှင်လက်ထက်၊ ဆိဆိုင်ဖ၏မြေး စော မော်ခမ်း ဘွားစားသည်။ (၉၃၆)ခု ညောင်ရမ်း မင်းတရားကြီး လက်ထက် သိုရုံဖ၏သား ခွန်ဟုံဖ ဘွားစားသည်၊ ၎င်းနောက် သားမယှိ မြေးငယ်သေးသည့် အခိုက် ခွန်ဟုံဖ၏ မဟာဒေဝီ စောနန်းနွံပဲဘွားစားသည်၊၎င်းနောက်(၉၇၀) ပြည့်တွင် ခွန်ဟုံဖ ၏မြေး စောထွေးခမ်း ဆက်ခံသည်။ ၎င်းနောက် (၉၇၇)နှစ်တွင် သားစောပဲခမ်း၊၎င်းနောက်(၉ဂ၀)ပြည့်တွင် စောနန်းနွံပဲ ထပ်မံ ဘွားစားသည်။

၎င်းနောက် ညောင်ရွှေမြို့တွင် ၁၂-နှစ် ပတ်လုံး မင်းဆက် ပြတ်၍ လစ်လပ်နေခဲ့သည်။

မျိုးစစ် မျိုးမှန် အရိုးအရာကို လိုက်လံ ရှာဖွေရာ ညောင်ရွှေ စော်ဘွား စောထွေးခမ်း၏သား ကျမိုင်းနှင့်၊ မိုးမိတ် စော်ဘွား ကြီး၏သွီး ထိမ်းမြား လက်ထပ်ရာ ကျမိုင်း ကွယ်လွန်လျှင် ကိုယ်ဝန်ပဋိသန္ဓေ ၃-လနှင့် မိုးမိတ်ခမည်းတော်ထံ ပြန်သွားရာ ၎င်းတွင် ဘွားမြင်၍ ၁၅ နှစ်သားခန့်ယှိမှ(၉၉၂)ခုနှစ် ညောင်ရွှေ မြို့ယှိ မှူးမတ်အရာယှိတို့က မိုးမိတ်သို့သွားရောက်တောင်းယူလျှင် ဘိုးတော် စော်ဘွားကြီးက မယ်တော်နှင့် တကွ ဆွေတော်မျိုး တော် ကျေးကျွန်များစွာတို့ပါ ထည့်အပ်လိုက်၍ စောအောင်ခမ်း ဆက်ခံ ဘွားစားသည်။

၎င်းလက်ထက်ကစ၍ မိုးမိတ်ပါ မယ်တော်၏ ဆွေးမျိုးတို့ကို လက်ဝဲမြင်း, လက်ယာမြင်း, သေနတ်ရမြင်း, ကိုယ်ရံသက်တော် စောင့်ထားသည်၊ ကျေးကျွန်တို့ ကိုလည်း အထိုက် အလျောက် ချီးမြှောက်ပြုရ ကျေးရွာတည်ထောင် နေထိုင်စေသည်။ယခုတိုင် မိုးမိတ်ပါအမျိုးဟု ထင်ရှားကျော်စောလျက်ယှိသည်။

၎င်းနောက် ၁၀၂၅–ခုတွင် သား စောသူဝ ဆက်ခံသွားစား သည်၊ ၁၀၄၈–ခုတွင် စောသူဝ၏ ညီတော် ကျွန်းတောင်စား ဆက်ခံ သွားစားသည်၊ ၁၀၉၅–ခု ညီတော် စောခမ်းလင် သွား စားသည်။ ၎င်းနောက် ဒေါက်ချာစား ဆက်ခံသည်။ ၎င်းနောက် သိတုံစား၊ ၎င်းနောက် ၁၁၀၀ ခု နှစ်တွင် သိတုံစား၏သား တော် ကေသဝ ဆက်ခံ သွားစားသည်၊ ၁၁၂၀ ပြည့် နှစ်တွင် ညီတော် ကျမိုင်းသွားစား ဆက်ခံသည်။

မကြာမြင့်မီ နတ်ရွာစံသဖြင့် ၎င်းသဏ္ဍာရာဇ်မှာပင် ညီတော် နော်မိုင်း ဆက်ခံတော်မူပြန်သည်၊ ၁၁၂၃–ခု နှစ်တွင် အထက် စောခမ်းလင်၏မြေး ဘုန်းမကားစား ဆက်ခံသွားစားရာ ၎င်းနှစ် တွင်ပင် မြင်းစီးသေနတ်ပစ်၍ သေနတ်ကွဲပြီး လက်မပြတ်ထွက် သောကြောင့် အင်္ဂါမစုံသည်နှင့် ကေသဝသားတော် စောယွန်း အား လွှဲအပ်ဆက်ခံ သွားစားစေတော်မူသည်။

၎င်းနောက် ၁၁၇၁–ခုနှစ်တွင် သားတော်ကျမိုင်း စောပြား နတ်ရွာစံပြီးဖြစ်၍ ၎င်းညီတော် နော်မိုင်း စော်ဘွားဖြစ်သည်။ ၁၁၇၆–ခုနှစ်တွင် စော်ဘွားကြီး စောယွန်း၏ မြေးတော် သား တော်ကြီး ကျမိုင်းစောပြား၏ သားတော်ကြီး စောစဲဥ စော်ဘွား ဖြစ်သည်။ ၁၁၇၉–ခုနှစ်တွင် စောစဲဥညီတော် ကျမိုင်းစောရွှဲ စော်ဘွားဖြစ်သည်။ ၁၁၈၂–ခုနှစ်တွင် စော်ဘွားကြီးစောစဲဥပင် စော်ဘွား ထပ်မံဖြစ်ပြန်သည်။ (စော်ဘွားကြီး စောစဲဥမှာ မြန်မာ စစ်သည်တော် (၆၀၀) တို့ကို သတ်ဖြတ်လိုက်သဖြင့် ၇–နှစ်မျှ တိမ်းရှောင် ပုန်းအောင်းနေရသည်)။

စောစဲဥမယ်ရှိသည့်နောက် ၁၂၁၃-ခု သားတော် စောရွှေဟုံ ဘွားစားသည်၊ ၎င်းနောက် ၆-နှစ်ယှိလျှင် ၁၂၁၉-ခု စောစဲဥ သားတော် စောနော်ဖ ပိုးစံဘွားစားသည်။

၎င်းနောက် ၁၂၂၆-ခု စောစဲဥ၏ ဒုတိယ သားတော် စော သုဒေဝ၏သား စောမောင် ပိုးစံဘွားစားတော်မူသည်။

အင်္ဂလိပ်များ ဝင်၍ မန္တလေးမြို့ ပျက်သော အခါ သျှာမ်း စော်ဘွားများသည် သျှာမ်းပြည် တလွှားတွင် သူ့နယ် ငါ့နယ် သူရ ငါရ အချင်းများကြ၍ တိုက်ခိုက်ကြသောကြောင့် ၁၂၄၇- ခုနှစ်တွင် စောမောင်မှာ ပေါင်တွင်သေနတ်ထိမှန်၍ မြို့မှထွက်ခွါ သွားသောအခါ စော်ဘွားကြီး စောရွှေဟုံ၏သား စောချစ်ဂုက ၁၅- ရက်ခန့် ပိုးစံနေသည်၊ စော်ဘွားကြီး စောမောင်က နောင်တော် စောအုံကို လက်နက်စစ်သည် သူရဲသူခက် ပေးအပ် ၍ စောချစ်ဂုကို နှင်ထုတ်ရန် အရေးလွှဲအပ်သည်၊ ၁၂၄၇- ခုနှစ် ပြာသိုလဆန်းစလောက်ကပင် နောင်တော်ကြီး စောအုံ ဆက်ခံ ဘွားစား ပိုးအုပ်တော်မူသည်။

၎င်းနောက် ၁၂၅၉-ခုနှစ်တွင် အင်္ဂလိပ် အစိုးရမင်းတို့က စော်ဘွားကြီး စောမောင်ကိုပင် ထပ်မံ ချီးမြှင့်သဖြင့် ဒုတိယ တဘန် ထပ်မံ ဘွားစားတော် မူရပြန်လေသည်။

၁၂၈၁-ခုနှစ်တွင် စောဘွားကြီး ဆာ-စောမောင် နတ်ရွာစံ သဖြင့် ၎င်း၏ညီတော် အင်းတိမ်မြို့စားမင်း သခင်ငယ်ခေါ် စော ချုံ၏သား ဆာ စောမောင်၏ တူတော် စဝ်ရွှေသိုက်ကို အင်္ဂလိပ် အစိုးရမင်းတို့က တင်မြှောက်သဖြင့် ၎င်းစဝ်ရွှေသိုက်သည်ပင် လျှင် မဟာပဒေသရာဇာ စော်ဘွားကြီး (စဝ်ဖလုံ)အဖြစ်ဖြင့် ပိုးစံ ဘွားစားလျက် ယခုကိုင် အုပ်ချုပ်မင်းလုပ်တော်မူလျက် ယှိလေ သတည်း။

# ညောင်ရွှေမြို့တော်ကို အုပ်စိုးတော်မူကြသော

# မဟာပဒေသရာဇာ စော်ဘွားကြီးများ၏

## ခုနှစ်သက္ကရာဇ်နှင့် အမည်နာမ စသည်ကို

## အကျဉ်းဖော်ပြချက်

| ဦးရေ နံပါတ် | သက္ကရာဇ် | အမည်နာမ | မှတ်သားချက် |
|---|---|---|---|
| ၁ | ၇၂၁ | ဆီဆိုင်ဖ | |
| ၂ | ၇၉၆ | သိုစင်ဖ | ဆီဆိုင်ဖ၏ သားတော် |
| ၃ | ၈၃၉ | သိုဟုံဖ | သိုစင်ဖ၏ သားတော် |
| ၄ | ၉၀၀ | သိုရုံဖ | သိုဟုံဖ၏ ညီတော် |
| ၅ | ၉၁၉ | စောမော်ခမ်း | ဆီဆိုင်ဖ၏ မြေးတော် |
| ၆ | ၉၃၆ | ခွန်ဟုံဖ | သိုရုံဖ၏ သားတော် |
| ၇ | ၉၆၀ | စောနန်းနွံဖဲ | ခွန်ဟုံဖ၏ မဟာဒေဝီ |
| ၈ | ၉၇၀ | စောထွေးခမ်း | ခွန်ဟုံဖ၏ မြေးတော် |
| ၉ | ၉၇၇ | စောဖဲခမ်း | စောထွေးခမ်း၏ သားတော် |
| ၁၀ | ၉၈၀ | စောနန်းနွံဖဲ | စောဟုံဖ၏ မဟာဒေဝီ |
| | | ၁၂-နှစ်ပတ်လုံးမင်းမယို | မင်းဆက်ပြတ်နေသည် |
| ၁၁ | ၉၉၂ | စောအောင်ခမ်း | စောထွေးခမ်း၏ သားတော် ကျမိုင်းနှင့် မိုးမိတ် စော်ဘွားကြီး၏ သမီးတော်တို့က မွေး၍ စောထွေးခမ်း၏ မြေးတော်ဖြစ်သည်၊ |
| ၁၂ | ၁၀၂၅ | စောသူဝ | စောအောင်ခမ်း၏ သားတော် |
| ၁၃ | ၁၀၄၉ | ကျွန်းတောင်စား | စောသူဝ၏ ညီတော် |
| ၁၄ | ၁၀၉၅ | စောခမ်းလင် | ကျွန်းတောင်စား၏ ညီတော် |
| ၁၅ | ၁၀၉၈ | ဒေါက်ချာစား | စောခမ်းလင်၏ သားတော် |
| ၁၆ | ၁၁၀၂ | သီတုံစား | ဒေါက်ချာစား၏ ညီတော် |
| ၁၇ | ၁၁၀၈ | ကေသဝ | သီတုံစား၏ သားတော် |
| ၁၈ | ၁၁၂၀ | ကေသဝ ညီတော် | ကျမိုင်း |
| ၁၉ | ၁၁၂၁ | ကျမိုင်း၏ ညီတော် | နော်မိုင်း |

| စဉ်ရေ နံပါတ် | သက္ကရာဇ် | အမည်နာမ | မှတ်သားချက် |
|---|---|---|---|
| ၂၀ | ၁၁၂၃ | (၁) ဘုန်းမကားစား နှင့် (၂) စောယွန်း | စောခမ်းလင်၏ မြေးတော် |
| ၂၁ | | ၂-ဦးပြိုင် | ကေသဝ၏ သားတော် |
| ၂၂ | ၁၁၇၃ | နော်မိုင်း | စောယွန်း၏ ဒုတိယသားတော် |
| ၂၃ | ၁၁၇၆ | စောစဲဥ | စောယွန်း၏ ပဉ္စမ သားတော် စောပြားကျမိုင်းကမွေးသည်၊ |
| ၂၄ | ၁၁၇၉ | စောရွှီး | စောစဲဥ၏ ညီတော်ကြီး ကျမိုင်း |
| ၂၅ | ၁၁၈၂ | စောစဲဥ | ဒုတိယတဖန် ထပ်မံ ဘွားစား ပြန်သည်၊ |
| ၂၆ | ၁၂၁၃ | စောရွှေဟုံ | စောစဲဥ၏ တတိယသားတော် |
| ၂၇ | ၁၂၁၃ | စောနော်ဖ | စောရွှေဟုံ၏ ညီတော် စောစဲဥ၏ စတုတ္ထသားတော် |
| ၂၈ | ၁၂၂၆ | စောမောင် | စောစဲဥ၏ ဒုတိယ သားတော် စောသုဒေဝက မွေးသည်၊ |
| ၂၉ | ၁၉-၉၊၁၂၄၇ | စောချစ်စု | စောရွှေဟုံ၏ သားတော် |
| ၃၀ | ၅-၁၀၊၁၂၄၇ | စောအုံ | စောသုဒေဝ၏ ဒုတိယ မယားက မွေးသော သားတော်ကြီး |
| ၃၁ | ၁၂၅၉ | စောမောင် | ဒုတိယအကြိမ် ထပ်မံဘွားစားသည်၊ |
| ၃၂ | ၁၂၈၀ | စောရွှေသိုက် | စောသုဒေဝ၏ ဒုတိယမယားက မွေးသော ဒုတိယ သားတော် စောချုံ၏ ဒုတိယမယားက မွေးသော သားတော်ဖြစ်သည်၊ စောအုံနှင့် ဆာစောမောင်တို့၏ တူတော် |